# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ဆုံးမပြီး၍ ယဉ်ကျေးသောစိတ်**

စိတ်သည် လျင်မြန်၏။ အလိုရှိရာ အာရုံတို့၌ ကျလေ့ရှိ၏။ ထိုစိတ်ကို နှိမ်နင်းရန် ခက်ခဲလှ၏။ ထိုစိတ်ကို ဆုံးမခြင်းသည် ကောင်း၏။ နိဗ္ဗာန်သို့ သွားရာ အကျင့်ကောင်းဖြစ်၏။ ဆုံးမပြီး၍ ယဉ်ကျေးသော စိတ်သည် နိဗ္ဗာန်ချမ်းသာကို ရွက်ဆောင်နိုင်၏။

စိတ္တဝဂ် (ဓမ္မပဒ - ၃၅)


၁၃၇၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက် | ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီ ၂၄ ရက်၊ အင်္ဂါနေ့ | အတွဲ (၅၆)၊ အမှတ် (၁၁၆)


# ငြိမ်းချမ်းရေးမရရှိဘဲ အချိန်ကြာမြင့်နေပါက တိုင်းပြည်နှင့်လူထုနစ်နာမည်



အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးစဉ် (သတင်းစဉ်)

**နေပြည်တော် ဇန်နဝါရီ ၂၃**

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန အစည်းအဝေးခန်းမ၌ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (Nationwide Ceasefire Agreement-NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (Peace Process Steering Team-PPST) ခေါင်းဆောင်များနှင့် တွေ့ဆုံသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ✻


# မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းကြောင့် ဒီဇင်ဘာလအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် ကိုရာဇာဟိန်းကိုရွေးချယ်

နေပြည်တော် ဇန်နဝါရီ ၂၃

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံသူ နိုင်ငံသားများ၊ ပရဟိတစေတနာရှင်များ လူမှုအသင်းအဖွဲ့များမှ လစဉ်ချီးကျူးဂုဏ်ပြုထိုက်သူများကိုရွေးချယ်၍ "ပြည်သူသို့ကျေးဇူးတင်လွှာ" ထုတ်ပြန်ပေးလျက်ရှိရာ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် မူးယစ်ဆေးဝါးစိတ်ကြွရူးသွပ်ဆေးပြား ၁၄ သန်း ဖမ်းဆီးရမိရေးအတွက် စွမ်းစွမ်းတမံဆောင်ရွက်ပေးခဲ့သည့် ကိုရာဇာဟိန်းကို ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် ရွေးချယ်လိုက်ကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရုံးမှ ဇန်နဝါရီ ၂၂ ရက်နေ့စွဲဖြင့် ထုတ်ပြန်ထားသည်။**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ရုံး**

**ပြည်သူသို့ ကျေးဇူးတင်လွှာ**

**၁၃၇၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက်**

**(၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်)**

၁။ နိုင်ငံတော်အစိုးရအနေဖြင့် အပြောင်းအလဲများ ထင်သာမြင်သာ ဖြစ်ပေါ်လာစေရေး အလေးပေးဆောင်ရွက်လျက်ရှိရာတွင် တစ်မျိုးသားလုံး လူညွှန့်တုံးစေနိုင်သည့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်နှိမ်နင်းရေးသည်လည်း အဓိကရည်မှန်းချက်တစ်ခုဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးပြဿနာသည် ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများနှင့် နက်နက်ရှိုင်းရှိုင်း ဆက်နွှယ်ပတ်သက်သည့် ရှုပ်ထွေးလှသော နောက်ခံအခြေအနေများအရ ရောင်းဝယ်ဖောက်ကားမှုများ ကြီးထွားနေခဲ့သည်မှာ နှစ်ပေါင်းများစွာကြာမြင့်ခဲ့ပြီ ဖြစ်ပါသည်။ နယ်မြေဒေသတည်ငြိမ်အေးချမ်းမှုကင်းမဲ့ခြင်းကြောင့် တရားဥပဒေစိုးမိုးမှုနည်းပါးကာ အုပ်ချုပ်ရေးအာဏာ သက်ရောက်မှုများ လျော့ရဲခဲ့သည့်အလျောက် စိန်ခေါ်မှုများစွာ တည်ရှိနေဆဲဖြစ်ပါသည်။

၂။ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဖွဲ့စည်းဆောင်ရွက်ရာတွင် ငြိမ်းချမ်းရေးဖြစ်စဉ်များ၏ တိုးတက်အောင်မြင်မှုများမှတစ်ဆင့် မူးယစ်ဆေးဝါးပြဿနာ သိသိသာသာလျော့နည်းကျဆင်းစေရန် အလေးထားဆောင်ရွက်လျက်ရှိပါသည်။ မူးယစ်ဆေးဝါးမူဝါဒနှင့် မူးယစ်ဆေးဝါးထိန်းချုပ်ရေး မူဝါဒများအကြား မူးယစ်ဆေးအမျိုးအစားသစ်များ ပေါ်ထွက်လာမှုအပါအဝင် လူမှု-စီးပွားဘဝအခြေအနေများအပေါ် သက်ရောက်မှုကြီးမားလာခဲ့ကြောင်း တွေ့ရှိရပါသည်။ မျိုးဆက်သစ်လူငယ်များအတွင်း မူးယစ်ဆေးဝါးအသုံးပြုမှုများ၊


*စာမျက်နှာ ၃ ကော်လံ ၁* ◆



KBZ BANK

STRENGTH OF MYANMAR

သဒ္ဒါထက်သန် မြန်မာအားမာန် ကမ္ဘာ့ဇာဘာ်

မြန်မာ့အလင်း

# ချီးကျူးဂုဏ်ပြု စောင့်ရှောက်ကာကွယ်

မြန်မာနိုင်ငံကို ကမ္ဘာပေါ်တွင် မူးယစ်ဆေးဝါးထုတ်လုပ်မှု ဒုတိယအများဆုံးသောနိုင်ငံ၊ မူးယစ်ဆေးဝါး အမြစ်ပြတ်ချေမှုန်းတိုက်ဖျက်ရေး ၁၅ နှစ်စီမံကိန်းကို ၂၀၁၉ ခုနှစ်အထိ ထပ်မံတိုးချဲ့ဆောင်ရွက်လျက်ရှိရာတွင် လက်ရှိအခြေအနေအရ မူးယစ်ဆေးဝါးထုတ်လုပ်မှု မြင့်တက်နေဆဲနိုင်ငံအဖြစ် နိုင်ငံတကာမီဒီယာတို့က မကြာမကြာ ညွှန်းဆိုလေ့ရှိကြသည်။

မူးယစ်ဆေးဝါးထုတ်လုပ်မှုများ၏ မြစ်ဖျားခံရာအရပ်မှာ နယ်စွန်နယ်ဖျားဒေသများ၊ အထူးသဖြင့် လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားရာဒေသများဖြစ်ပြီး ပြည်တွင်းသို့ လမ်းကြောင်းအသီးသီးမှ ဖြတ်သန်းကာ မြန်မာနိုင်ငံတောင်ပိုင်း၊ အနောက်ပိုင်း၊ အရှေ့တောင်ပိုင်းဒေသများမှတစ်ဆင့် ပြည်ပနိုင်ငံများသို့ ပင်လယ်ရေလမ်းကြောင်းနှင့် နယ်စပ်ဝင်ထွက်ပေါက်များမှ ထွက်သွားကြသည်။ ပြည်တွင်း၌လည်း မြို့ကြီးပြကြီးများ၊ မြို့ငယ်များနှင့် ကျေးလက်ဒေသများဆီအထိ အဆင့်ဆင့်ဖြန့်ဖြူးရောင်းချမှုများနှင့်အတူ မျိုးဆက်သစ်လူငယ်များရှိရာ ဝန်းကျင်များသို့ ရောက်ရှိသွားကြသည်။ မျိုးဆက်သစ်လူငယ်များ မူးယစ်ဆေးဝါးအန္တရာယ် ခြိမ်းခြောက်ခံရခြင်းသည် နိုင်ငံ၏ အနာဂတ်ကို ခြိမ်းခြောက်ခံရခြင်းပင်ဖြစ်သည်။

ဘိန်း၊ ဘိန်းဖြူ၊ မက်သာဖက်တာမင်းခေါ် စိတ်ကြွရူးသွပ်ဆေးပြားများ စိုက်ပျိုးထုတ်လုပ်ရောင်းဝယ်ဖောက်ကားမှုများမှာ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများနှင့် ဆက်နွယ်ပတ်သက်လျက်ရှိပြီး နှစ်ကာလရှည်ကြာပြီဖြစ်သည့်အလျောက် အပြီးအပိုင် အမြစ်ပြတ်တိုက်ဖျက်ရေးဆောင်ရွက်ရန်အတွက် အခက်အခဲများစွာ၊ စိန်ခေါ်မှုများစွာ ရှိနေသည်။ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို ခေတ်အဆက်ဆက် အစိုးရအသီးသီးတို့က အားထုတ်ကြိုးပမ်းခဲ့ကြသည့်တိုင်အောင် အောင်မြင်မှုနှင့် အလှမ်းဝေးနေဆဲအခြေအနေ၌သာ ရှိနေသည်ကို တွေ့ရမည်ဖြစ်သည်။ ၂၀၁၆ ခုနှစ်အတွင်း စိတ်ကြွရူးသွပ်ဆေးခေါ် မက်သာဖက်တာမင်း ပမာဏကြီးမားစွာ ဖမ်းဆီးရမိမှုများ ထူးထူးခြားခြားဖြစ်ပေါ်ခဲ့ရာ ကာလပေါက်ဈေး အမေရိကန်ဒေါ်လာ ၃၅ သန်းခန့် တန်ဖိုးရှိသည့် စိတ်ကြွရူးသွပ်ဆေးပြား ၂၁ သန်း ဖမ်းဆီးရမိမှု၊ ကာလပေါက်ဈေး အမေရိကန်ဒေါ်လာ ၁၀၆ သန်းခန့် တန်ဖိုးရှိသည့် စိတ်ကြွရူးသွပ်ဆေးပြား ၂၇ သန်း မင်္ဂလာဒုံစက်မှုဇုန်တွင် ဖမ်းဆီးရမိမှုတို့မှာ နောက်ကွယ်မှ ကြိုးကိုင်သူများ တစ်နည်းအားဖြင့် မူးယစ်ရာဇာများကို ဖမ်းဆီးနိုင်ခဲ့ခြင်း မရှိခဲ့ပေ။

၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့ ပြည်ခရိုင် ပန်းတောင်း-တောင်ကုတ်လမ်း ညောင်ဂျိုး စစ်ဆေးရေးဂိတ်အနီး စိတ်ကြွရူးသွပ်ဆေးပြား ၁၄ သန်းဖမ်းဆီးရမိမှုတွင်မူ မူးယစ်ဆေးဝါးများနှင့်တကွ သယ်ဆောင်သူများနှင့် ပစ္စည်းစုဆောင်းသူတို့ကိုပါ လက်ပူးလက်ကြပ်ဖမ်းမိခဲ့သည်။ ယင်းဖြစ်စဉ်တွင် မူးယစ်ဆေးဝါးများနှင့် သယ်ဆောင်ရောင်းဝယ်သူများကို ဖမ်းဆီးနိုင်ရေးအတွက် နေ့ရော ညပါ သက်စွန့်ဆံဖျား စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သူမှာ သာမန်အရပ်သားတစ်ဦးသာဖြစ်သည်။ ကနဦးသတင်းပေးပို့ခြင်း၊ တောတွင်း၌ ကင်းထောက်ခြင်းတို့ကို နိုင်ငံသားကောင်းတစ်ဦး၏စိတ်ဓာတ်ဖြင့် အကြောက်တရားကို ဖယ်ရှား၍ နိုင်ငံနှင့်ပြည်သူအတွက် အန္တရာယ်ကြီးမားလှသည့် မူးယစ်ဆေးဝါး ပမာဏ မြောက်မြားစွာ ဖမ်းဆီးရမိရေး စွမ်းဆောင်ခဲ့ခြင်းဖြစ်သည့်အလျောက် ၂၀၁၆ ဒီဇင်ဘာလအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် ရွေးချယ်ဂုဏ်ပြုခြင်းနှင့်အတူ တစ်ဖက်တွင်လည်း ချီးကျူးဂုဏ်ပြုခံရသူနှင့် မိသားစုတို့၏ လူမှုဘဝလုံခြုံရေး၊ ဘေးအန္တရာယ်ကင်းရှင်းစွာ ပရိယေသန ဝမ်းစာရှာဖွေနေထိုင်နိုင်ရေးအတွက် စောင့်ရှောက်ကာကွယ်ပေးရေးတို့ကိုလည်း ဆိုင်ရာတာဝန်ရှိသူတို့က မပျက်မကွက် ဆောင်ရွက်ပေးရန် လိုအပ်မည်ဟု ယုံကြည်မိပါကြောင်း။ ။

# ဘူတန်နိုင်ငံဘုရင်မင်းမြတ်၏ ခွေးတော်ဖြစ်သူ ယခင်ဘူတန်ဘုရင်၏ ပထမမြောက်မိဖုရား ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ရောက်ရှိ

**ရန်ကုန် ဇန်နဝါရီ ၂၃**

ဘူတန်နိုင်ငံ ဘုရင်မင်းမြတ်၏ ခွေးတော်ဖြစ်သူ ယခင်ဘူတန်ဘုရင်၏ ပထမမြောက်မိဖုရား Her Majesty the Queen Mother Ashi Dorji Wangmo Wangchuck ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၉ နာရီ မိနစ် ၄၀ တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ရောက်ရှိသည်။

ပထမမြောက်မိဖုရား Her Majesty the Queen Mother Ashi Dorji Wangmo Wangchuck ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းဦးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်သည်။ **(အောက်ပုံ)**

ထို့နောက် ညော်သည်တော်ကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲ ၂ နာရီတွင် လှိုင်မြို့နယ် ပါရမီကွန်ဒို တိုက်အမှတ် ၁၂+၁၊ အခန်းအမှတ် ၁၃၀၂ ရှိ လူမှုရေးနှင့်လူသားချင်းစာနာထောက်ထားမှုအကူအညီများပေးနေသည့် မေတ္တာဖွံ့ဖြိုးရေးဖောင်ဒေးရှင်းသို့ သွားရောက်လေ့လာကြရာ မေတ္တာဖွံ့ဖြိုးရေးဖောင်ဒေးရှင်း အမှုဆောင်ဒါရိုက်တာ ဦးစိုင်းစမ်ခမ်းက မေတ္တာဖွံ့ဖြိုးရေးဖောင်ဒေးရှင်းက လူမှုရေးနှင့် လူသားချင်းစာနာထောက်ထားမှုအကူအညီများပေးနေမှုများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ညော်သည်တော်ကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် ရွှေတိဂုံစေတီတော်သို့သွားရောက်၍ ညော်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးကာ စေတီတော်အား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ဆီမီး၊ ရေချမ်း ဆက်ကပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**



# အသည်းရောင်အသားဝါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေး

**မန္တလေး ဇန်နဝါရီ ၂၃**

မန်းမြန်မာပလာဇာ မြေညီထပ်မှ ဈေးသူဈေးသားများအား အသည်းရောင်အသားဝါ ကာကွယ်ဆေး(အခမဲ့) ထိုးနှံပေးခြင်းကို ဇန်နဝါရီ ၂၂ ရက်က မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၈၄ ×၂၈ လမ်းထောင့်ရှိ မန်းမြန်မာပလာဇာပထမထပ်ရှိ ပရိမိုးရှင်းဧရိယာ၌ ပြုလုပ်သည်။

အဆိုပါ အသည်းရောင်အသားဝါ (ဘီ)ပိုးစစ်ဆေးခြင်းနှင့် ကာကွယ်ဆေး (အခမဲ့)ထိုးနှံပေးခြင်းကို Liver Foundation မှ ဒေါက်တာအေးအေးဟန် (အဏုဇီဝဗေဒ တွဲဖက်ပါမောက္ခ) ဦးစီးဖောင်ဒေးရှင်းအဖွဲ့ဝင်များက ပြုလုပ်ပေးကြရာ မန်းမြန်မာပလာဇာ မြေညီထပ် ဈေးအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးစိုးလင်းနှင့် အဖွဲ့ဝင်များက ကူညီဆောင်ရွက်ပေးကြသည်။

ယခု အသည်းရောင်အသားဝါ ကာကွယ်ဆေးထိုးနှံပေးခြင်းသည် ဒုတိယအကြိမ်မြောက်ဖြစ်ပြီး ပထမအကြိမ်ကို ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၂၇ ရက်က ပြည်သူ ၃၈၀ ခန့်ကို ထိုးပေးခဲ့ကြောင်းနှင့် ယခုအကြိမ်တွင် ပထမအကြိမ်ထိုးထားဖူးသူနှင့် ယခုမှ စတင်ထိုးမည့်သူ စုစုပေါင်း ၆၀၀ ခန့်အား အခမဲ့ထိုးပေးမည်ဖြစ်ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

# လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

**နေပြည်တော် ဇန်နဝါရီ ၂၃**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများ တိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ အရှေ့ဘက်မှလေပြင်းများ တိုက်ခတ်စဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ **(မိုး/ဇလ)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၂၃-၁-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၂၀၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၂၅၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၆၉၀/၇၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၇၀၀/၇၁၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၄၀/၇၅၀ ကျပ် |
| ပရီမီယံဒီဇယ် | ၇၁၀/၇၂၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၅၅ · ၀ |
| ဥရောပ | တစ်ယူရို | ၁၄၄၀ · ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၄၈ · ၄၁ |
| ထိုင်း | တစ်ဘတ် | ၃၈ · ၂၃၄ |
| အိန္ဒိယ | တစ်ရူပီး | ၁၉ · ၈၇ |
| တရုတ် | တစ်ယွမ် | ၁၉၆ · ၃၆ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၃ · ၆၈ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းများ - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၃၅၊ ငွေစာရင်း ၀၁-၅၄၄၃၃၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဆွေးနွေးစဉ်

✻ ရှေ့ဖုံးမှ

တွေ့ဆုံစဉ် မြန်မာနိုင်ငံမြောက်ပိုင်း၌ တိုက်ပွဲများ ဖြစ်ပွားနေမှုနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် သက်ရောက်နိုင်မှု၊ မကြာမီကျင်းပမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအကြိမ်အစည်းအဝေးတွင် ခိုင်မာသောရလဒ်များ ထွက်ပေါ်လာရေး၊ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲထားသော တိုင်းရင်းသားနယ်မြေ ဒေသများအတွင်း ဖွံ့ဖြိုးတိုးတက်မှုများကို ပြည်တွင်း ပြည်ပ ကူညီထောက်ပံ့မှုများ ဖြည့်ဆည်း ဆောင်ရွက်ပေးရေး၊ NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ အဖွဲ့ဝင်အချို့၏ အမူအခင်းများ၊ NCA လက်မှတ်ရေးထိုးခြင်းမရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ပါဝင်လာနိုင်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာများကို ဆွေးနွေးခဲ့ကြသည်။

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအကြိမ်အစည်းအဝေး မကြာမီကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ စည်းစည်းလုံးလုံးညီညီညွတ်ညွတ်နှင့် ပူးတွဲဆောင်ရွက်လိုကြောင်း၊ မကြာသေးမီက ကရင်ပြည်နယ်တွင် ကျင်းပခဲ့သော အမျိုးသားအဆင့်နိုင်ငံရေး ဆွေးနွေးပွဲမှာ အောင်မြင်ပါကြောင်း၊ ပြည်သူများ၏ ပါဝင်မှုမှာလည်း အားရကျေနပ်ဖွယ်ရာ ကောင်းမွန်ကြောင်း၊ ဆက်လက်ပြီး အခြားသောနေရာဒေသများတွင် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများ ဆက်လက်ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း။

NCA လက်မှတ်ရေးထိုးနိုင်ခြင်းမရှိသေးသည့်အဖွဲ့အစည်းများနှင့်လည်း ဆွေးနွေးညှိနှိုင်းမှုများ တစိုက်မတ်မတ်ပြုလုပ်ရေးကို အခြေခံ၍ စဉ်ဆက်မပြတ်ညှိနှိုင်းဆွေးနွေးလျက်ရှိကြောင်း၊ ဆွေးနွေး ညှိနှိုင်းခြင်းဖြင့် အဖြေထွက်လာမည်ဟု ယုံကြည်ထားပါကြောင်း၊ လူအများပြောကြားနေသည့် "ယုံကြည်မှုတည်ဆောက်ရေး"တွင် ပထမဆုံးအနေဖြင့် မိမိကိုယ်ကို ယုံကြည်မှုရှိရန် အထူးအရေးကြီးကြောင်း၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း ဝင်ရောက်ရန်အတွက် မိမိကိုယ်ကိုယုံကြည်မှုရှိရန်လိုအပ်ကြောင်း၊ မည်သည့်အရာတွင်မဆို အောင်မြင်မည်ဟု တထစ်ချရာနှုန်းပြည့် သေချာမှုရှိရန် မလွယ်ကူသော်လည်း အောင်မြင်အောင်ကြိုးပမ်းလုပ်ဆောင်မည်ဟု မိမိကိုယ်ကို အပြည့်အဝ ယုံကြည်မှုထားရှိရန် လိုအပ်ကြောင်း။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ ခေါင်းဆောင်များနှင့် တွေ့ဆုံပြီး ပွင့်ပွင့်လင်းလင်း ရင်းရင်းနှီးနှီးဆွေးနွေးခွင့်ရရှိသည့်အတွက် အင်အားများဖြစ်ပေါ်စေကြောင်း၊ စိတ်အားထက်သန်မှုများလည်းရရှိပါကြောင်း၊ ငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ နှေးခြင်း၊ ကြာခြင်းသာ ရှိမည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေး မရရှိဘဲ အချိန်ကြာမြင့်နေပါက တိုင်းပြည်နှင့်လူထု နစ်နာရမည်သာဖြစ်ကြောင်း၊ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲထားသည့် တိုင်းရင်းသားနယ်မြေဒေသများ ဖွံ့ဖြိုးတိုးတက်ရေးကို ဆတက်ထမ်းပိုး ကြိုးပမ်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ သို့မှသာ ငြိမ်းချမ်းရေး၏ အသီးအပွင့်ကို တိုင်းရင်းသားပြည်သူများ ရရှိခံစားနိုင်ကာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် ယုံကြည်မှုတိုးမြှင့်ရရှိလာမည် ဖြစ်ကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်အစိုးရဘက်မှ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်း၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူတို့ တက်ရောက်ကြသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့မှ ခေါင်းဆောင်များဖြစ်ကြသည့် စောမူတူးစေးဖိုး၊ ခွန်ဥက္ကာ၊ ဦးခိုင်စိုးနိုင်အောင်၊ ရဲဘော်သံခဲ၊ အကြံပေးပုဂ္ဂိုလ် စိုင်းခွန်းဆေနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ ဒုတိယဥက္ကဋ္ဌ ပဒိုစောကွယ်ထူးဝင်းတို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နယ်သာလန်နိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၂၃**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန်နိုင်ငံ သံအမတ်ကြီး H.E.Mr.Wouter Robert Marie Jurgens အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-နယ်သာလန် နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန်နိုင်ငံ သံအမတ်ကြီး H.E. Mr.Wouter Robert Marie Jurgens အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်** (သတင်းစဉ်)

◆ ရှေ့ဖုံးမှ

မူးယစ်ဆေးဝါးနှင့် ဆက်နွယ်သည့်မှုခင်းများ လျော့နည်းကျဆင်းစေရန် ကြိုးပမ်းဆောင်ရွက်သည့်နည်းတူ ထုတ်လုပ်၊ သယ်ယူ၊ ရောင်းဝယ်သူများကို အရေးယူရာတွင် အဂတိလိုက်စားမှု၊ ငွေကြေးခဝါချမှုများကိုပါ ထိန်းချုပ်နိုင်ရေး တစ်ဆက်တစ်စပ်တည်း ဆောင်ရွက်ရမည်ဖြစ်ပါသည်။ လူငယ်များအတွင်း လက်လှမ်းမီဝယ်ယူနိုင်ခြင်းမရှိစေရန် လက်လီ၊ လက်ကားဈေးကွက်များပပျောက်စေရန် အလေးထားဆောင်ရွက်လျက်ရှိပါသည်။

၃။ မည်သို့သော မဟာဗျူဟာစီမံကိန်းများတွင်မဆို ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုသည် အရေးကြီးဆုံးသော အခြေခံအကြောင်းတရားတစ်ရပ်ဖြစ်ပါသည်။ ပြည်သူလူထုအလွှာအသီးသီးက ပါဝင်လာမှသာ ရှုထောင့်ပေါင်းစုံမှ အပြုသဘောဆောင်သော အကြံပြုချက်များ ရရှိနိုင်မည်ဖြစ်ပြီး လက်တွေ့ကျ၍ ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်သော မဟာဗျူဟာများ၊ မူဝါဒများ ထွက်ပေါ်လာနိုင်မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ အနာဂတ်ကို စိုးပိုင်သော မျိုးဆက်သစ်လူငယ်များ ကျန်းကျန်းမာမာ ဘေးကင်းလုံခြုံစွာ၊ စိတ်ဓာတ်ကြံ့ခိုင်စွာဖြင့် ကြီးပြင်းလာရေး၊ နိုင်ငံ့တာဝန်များကို အသင့်လွှဲပြောင်း ထမ်းဆောင်နိုင်ရေးအတွက် မူးယစ်ဆေးဝါး အမှောင်ထုကြီးကို ရှင်းလင်းဖယ်ရှားပေးနိုင်ရန် အရေးကြီးလှပါသည်။

၄။ ပန်းတောင်းမြို့နယ်၊ ဥသျှစ်ပင်မြို့မှ အသက် ၃၅ နှစ်အရွယ် ကိုရာဇာဟိန်းသည် ဆိုင်ကယ်ပြင်လုပ်ငန်းလုပ်ကိုင်သူတစ်ဦးဖြစ်ပြီး တောအတွင်း၌ စမ်းပက်လက်နားနေစခန်းအနီး တွေ့ရှိရသည့် ဆီသယ်ယာဉ်တစ်စီးကို မူးယစ်ဆေးဝါးနှင့် ဆက်နွယ်၍ မသင်္ကာသဖြင့် ဆွေမျိုးတော်စပ်သူ ဥသျှစ်ပင်ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ရဲအုပ်ကျော်စိုးဦးအား အကြောင်းကြားခဲ့ပါသည်။ ရဲအုပ်ကျော်စိုးဦး၏ ညွှန်ကြားချက်အရ ဆီသယ်ယာဉ်ရှိရာ ဦးခင်ဇော်ဦး၏အိမ်အနီး တောအတွင်းတွင် ၂-၁၂-၂၀၁၆ ရက်နေ့မှ ၁၀-၁၂-၂၀၁၆ ရက်နေ့အထိ ရှစ်ရက်တိုင်တိုင် ထမင်းထုပ်၊ ရေ၊ ကွမ်းယာအစုံအလင်နှင့် ကျောက်ကွင်းလုပ်သားအယောင်ဆောင်ကာ မျက်ခြည်မပြတ်စောင့်ကြည့်ခဲ့ပါသည်။ ထို့အပြင် ညောင်ခြေထောက်ရွာမှ ယာဉ်မောင်းအလုပ်လုပ်ကိုင်သူ ဦးကျော်ကျော်၏ နေအိမ်ကိုပါ စောင့်ကြည့်ခဲ့ပါသည်။ ကိုရာဇာဟိန်းမှ ဖြစ်စဉ်အားလုံးကို အနီးကပ်စောင့်ကြည့်၍ ရဲအုပ်ကျော်စိုးဦးအား သတင်းပေးမှုကြောင့် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့၊ နံနက် ၄ နာရီခန့်တွင် မူးယစ်ဆေးများတင်ဆောင်ထားသော ခြောက်ဘီးတပ်အပြာရောင်မော်တော်ယာဉ်ကို ညောင်ဂျိုး လဝကဂိတ်တွင် ကိုရာဇာဟိန်းနှင့် ရဲတပ်ဖွဲ့တို့ ပိတ်ဆို့ဖမ်းဆီးခဲ့ပါသည်။ ထိုမော်တော်ယာဉ်ပေါ်မှ WY စာတန်းပါ လိမ္မော်ရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၄ သန်းထည့်ထားသော တိုင်ကီ ၁၄ လုံးနှင့် ဒီဇယ်ဆီထည့်ထားသော တိုင်ကီ ၃ လုံးတို့ကို ယာဉ်မောင်း ဦးကျော်ကျော်အပါအဝင် ၃ ဦးနှင့်အတူ ဖမ်းဆီးရမိခဲ့ပါသည်။

၅။ ကိုရာဇာဟိန်းသည် မည်သူ၏ တိုက်တွန်းမှု၊ ခိုင်းစေမှု၊ ဖိအားပေးမှု တစ်စုံတစ်ရာ မရှိပါဘဲ မိမိ၏ အသိစိတ်ဓာတ်ဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ ပမာဏလွန်စွာများပြားလှသော စိတ်ကြွရူးသွပ်ဆေးပြား ၁၄ သန်း ဖမ်းဆီးရမိရေးအတွက် ၈ ရက်တိုင်တိုင်အပင်ပန်းခံ၊ ဒုက္ခခံကာဆောင်ရွက်ခဲ့သူဖြစ်ပါသည်။ နိုင်ငံနှင့် ပြည်သူအတွက် အန္တရာယ်ကြီးမားလှသော မူးယစ်ဆေးများ၏ဆိုးကျိုးကို ကောင်းစွာသိမြင်နားလည်ပြီး အကြောက်တရားဖယ်ရှားကာ နိုင်ငံသားကောင်းစိတ်ဓာတ်ဖြင့် ပမာဏအလွန်များပြားလှသည့် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိရေးကို စွမ်းဆောင်နိုင်ခဲ့သူဖြစ်ပါသည်။ သို့ဖြစ်၍ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် ကိုရာဇာဟိန်းကို ရွေးချယ်၍ ဤကျေးဇူးတင်လွှာကို ထုတ်ပြန်လိုက်ပါသည်။

၆။ နိုင်ငံသူ နိုင်ငံသားများအနေဖြင့်လည်း ကိုရာဇာဟိန်းကဲ့သို့ပင် နိုင်ငံတော်အစိုးရ၏ မူးယစ်ဆေးဝါးလျော့နည်းကင်းစင်ရေး လုပ်ငန်းစဉ်များတွင် တာဝန်သိပြည်သူတစ်ယောက်အနေဖြင့် မြင့်မြတ်သောလုပ်ဆောင်ချက်၊ နိုင်ငံသားကောင်းစိတ်ဓာတ်အရင်းခံ၍ ပိုမိုကောင်းမွန်သည့် အပြောင်းအလဲများ ဖန်တီးဖော်ဆောင်ကာ အနာဂတ်နိုင်ငံတည်ဆောက်ရေးတွင် ပါဝင်ကူညီပေးကြပါရန် တိုက်တွန်းလျက် မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

**အောင်ဆန်းစုကြည်**
**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်**

# ကြားဖြတ်ရွေးကောက်ပွဲအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ပြင်ဆင်လျက်ရှိသည့်အခြေအနေများ ဆွေးနွေး



**နေပြည်တော် ဇန်နဝါရီ ၂၃**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံသံအမတ်ကြီး H.E. Mr. Paul R. Seger ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌရုံး၌ လက်ခံတွေ့ဆုံရာ ကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်၊ ဦးစိုးရယ်၊ ဦးထွန်းခင်၊ ဦးလှတင့်နှင့် ကော်မရှင်အတွင်းရေးမှူး ဦးတင်ထွန်းတို့ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ပြင်ဆင်လျက်ရှိသည့်အခြေအနေ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံသံရုံး၏ ဦးဆောင်မှုဖြင့် နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ လိုက်နာရန်ကျင့်ဝတ်(Code of Conduct for Political Parties and Candidates-CoC) နှင့်စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများကို ဆွေးနွေးကြသည်။ **(ယာပုံ)**

**(သတင်းစဉ်)**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်အတွက် ရွေးကောက်ပွဲဆိုင်ရာ မွမ်းမံသင်တန်းဖွင့်

**နေပြည်တော် ဇန်နဝါရီ ၂၃**

၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်အတွက် ရွေးကောက်ပွဲဆိုင်ရာ မွမ်းမံသင်တန်းကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Grand Amara Hotel ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ၂၀၁၇ ခုနှစ် ဧပြီ ၁ ရက်တွင် ကြားဖြတ်ရွေးကောက်ပွဲကို ကျင်းပသွားမည်ဖြစ်ပြီး အဆိုပါ ကြားဖြတ်ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မြန်မာနိုင်ငံသား နှစ်သန်းကျော်က လွှတ်တော်ကိုယ်စားလှယ်လောင်း ၉၅ ဦးအနက် ၁၉ ဦးကို ဆန္ဒပြုရွေးချယ်ကြရမည် ဖြစ်ပါကြောင်း၊ ကြားဖြတ်ရွေးကောက်ပွဲကို ပွင့်လင်းမြင်သာရှိမှု၊ လွတ်လပ်မှု၊ တရားမျှတမှုနှင့် အများယုံကြည်လက်ခံမှုစသည့် ရွေးကောက်ပွဲဆိုင်ရာ စံချိန်စံညွှန်းများနှင့် အညီ ကျင်းပသွားမည် ဖြစ်ပါကြောင်း။

ထို့ကြောင့် ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကျင်းပရာတွင် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၏ စွမ်းဆောင်ရည် အမြင့်ဆုံးဖြစ်စေရန် ရည်ရွယ်၍ ယခု သင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ပါကြောင်း။

ယခုသင်တန်းစီမံချက်ကို ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင် စုစုပေါင်း ၁၅၀၀ ကျော်အထိ ပျံ့နှံ့ရောက်ရှိစေရန် ရည်ရွယ်ထားပါကြောင်း၊ ယခုသင်တန်းကျင်းပနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ပေးကြသည့် International IDEA အဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Mark McDowell နှင့် အဖွဲ့ဝင်များကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။ **(ဝဲပုံ)**




အခမ်းအနားတွင် International IDEA မှ ဌာနေကိုယ်စားလှယ်ဖြစ်သူ Mr. Mark McDowell ကလည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို လည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အတွင်းရေးမှူးက သင်တန်းတွင် ပို့ချသွားမည့် သင်ရိုးညွှန်းတမ်းကို လည်းကောင်း ရှင်းလင်းပြောကြားသည်။

၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်အတွက် ရွေးကောက်ပွဲဆိုင်ရာ မွမ်းမံသင်တန်းကို သင်ရိုးခုနစ်ခုဖြင့် အုပ်စုနှစ်စုခွဲ၍ နှစ်ကြိမ်သင်ကြားပို့ချသွားမည်ဖြစ်ပြီး ယနေ့ဖွင့်လှစ်သည့် ပထမအကြိမ် သင်တန်းသို့ ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်မှ ကိုယ်စားပြုသင်တန်းသား ၄၆ ဦး တက်ရောက်ကြောင်းနှင့် ဒုတိယအကြိမ်ဖွင့်လှစ်မည့် သင်တန်းသို့ ကိုယ်စားပြုသင်တန်းသား ၄၀ တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါကိုယ်စားပြု သင်တန်းသားများသည် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပမည့်ဒေသများမှ ရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများ၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအထိ ဆင့်ပွားသင်တန်းများ ပို့ချသွားမည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ သိရသည်။ **(သတင်းစဉ်)**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ရိုးရာယဉ်ကျေးမှုဂီတအက ဖျော်ဖြေပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၃**

ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ၏ ရိုးရာယဉ်ကျေးမှုဂီတအက ဖျော်ဖြေပွဲကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ သံလွင်လမ်းရှိ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး၏ နေအိမ်ရှေ့မြက်ခင်းပြင်၌ ကျင်းပသည်။

ရှေးဦးစွာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၏ Samina Husain Prema & Team အဖွဲ့မှ အနုပညာရှင်များက ရိုးရာယဉ်ကျေးမှုဂီတအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

အဆိုပါ ဖျော်ဖြေပွဲသို့ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ကေသီစိုးနှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Mohammad Sufiur Rahman နှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ သံရုံးများမှ သံအမတ်ကြီးများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ဦးအောင်နိုင်မြင့်နှင့် သဘင်ပညာဌာနမှ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်း-ကိုကိုဇော်**
**ဓာတ်ပုံ-ဇော်မင်းလတ်**




# နိုင်ငံတော်လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၃**

တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှုရှိသော ဒီမိုကရေစီအနှစ်သာရများကို ခံစားနိုင်သည့် လူ့အဖွဲ့အစည်းအဖြစ် ပီပြင်စွာ ဖြစ်ပေါ်လာနိုင်ရေး လိုအပ်သောအချက် အလက်များဖော်ထုတ်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ဆွေးနွေးပွဲတစ်ရပ်ကို ရန်ကုန်မြို့၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဌာနချုပ်ရုံးခွဲ(ရန်ကုန်)၌ ကျင်းပရာ ဆွေးနွေးပွဲသို့ နိုင်ငံရေးပါတီ ၂၂ ပါတီမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်တာဝန်ရှိသူများ၊ အစိုးရမဟုတ်သော အရပ်ဘက်အဖွဲ့အစည်းများမှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ အထူးဖိတ်ကြားထားသူများ၊ ပြည်တွင်းပြည်ပမှ သတင်းမီဒီယာများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် စည်သူဦးမြတ်သူ (ခ) တက္ကသိုလ်မြတ်သူက အမှာစကားပြောကြားကာ ဦးကိုကိုလှိုင်က ဒေသတွင်းရိုက်ခတ်လာနိုင်သော ကမ္ဘာ့အကြမ်းဖက်လုပ်ရပ်များခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဒေါက်တာမင်းဇော်ဦးက အမျိုးသားလုံခြုံရေးနှင့် ဒီမိုကရေစီအကူးအပြောင်းခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဦးစစ်အေးက နိုင်ငံတော်လုံခြုံရေးနှင့်ဥပဒေအမြင် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဦးခင်ရီက တရားဥပဒေစိုးမိုးရေးအား လုံခြုံရေးရှုထောင့်မှ ချဉ်းကပ်လေ့လာခြင်း ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောခဲ့ကြပြီး တက်ရောက်လာကြသူများ၏ မေးမြန်းမှုများအပေါ် ပြန်လည်ဆွေးနွေးဖြေကြားခဲ့ကြကြောင်း သိရသည်။

**ဇော်ကြီး(ပဏီတ)**

# တပ်မတော်သားများအတွက် အနွေးထည် ၁၃၀၀၀ ပေးအပ်လှူဒါန်း

**မူဆယ် ဇန်နဝါရီ ၂၃**


IGE နှင့် MDPC ကုမ္ပဏီတို့က ရှမ်းပြည်နယ်မြောက်ပိုင်းတွင် တာဝန်ထမ်းဆောင်နေကြသော တပ်မတော်သားများအတွက် ငွေကျပ် ၃၆၇ သိန်း တန်ဖိုးရှိသော အနွေးထည် အစုံ ၁၃၀၀၀ ကို အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းခန်းမ၌ ဇန်နဝါရီ ၂၃ရက်က အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူးထံသို့ ပေးအပ်လှူဒါန်းခဲ့သည်။

အဆိုပါ လှူဒါန်းပွဲအခမ်းအနားကို အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဖုန်းမြတ်နှင့် အရာရှိတပ်မတော်သားများ၊ မိသားစုများ၊ IGE ကုမ္ပဏီနှင့် MDPC ကုမ္ပဏီတို့မှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြသည်။



**(မူဆယ် ပြန်/ဆက်)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ထိုင်းဘုရင့်တပ်မတော်ကြည်းတပ်ဦးစီးချုပ်နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထိုင်းဘုရင့်တပ်မတော်ကြည်းတပ်ဦးစီးချုပ် General Chalermchai Sitthisad နှင့်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်

**နေပြည်တော် ဇန်နဝါရီ ၂၃**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် General Chalermchai Sitthisad နှင့်အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီတွင် ဇေယျာသီရိဗိမာန် ညှိ့ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ)ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် တပ်မတော်အရာရှိကြီးများ၊ ထိုင်းဘုရင့်တပ်မတော်ကြည်းတပ်ဦးစီးချုပ်နှင့်အတူ အိမ်နီးချင်းနိုင်ငံများဆိုင်ရာ ညှိနှိုင်းရေးဗဟိုဌာနညွှန်ကြားရေးမှူး General Singhasak Uthaimo-ngkol၊ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်မှ တပ်မတော်အရာရှိကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်စစ်သံမှူး Senior Colonel Apichart Choopavang တို့ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် မြန်မာ-ထိုင်း တပ်မတော်နှစ်ရပ်အကြား အားကစား၊ ယဉ်ကျေးမှုနှင့် ဆေးကုသမှုဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်လုပ်ဆောင်ရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသတွင် ဘာသာရေးအစွန်းရောက်များနှင့် အကြမ်းဖက်မှု ကာကွယ်တားဆီးရေးအတွက် အပြန်အလှန်သတင်းဖလှယ်၍ ထိရောက်စွာ ပူးပေါင်းဆောင်ရွက်ရေး၊ နယ်စပ်ဒေသတွင် တောမီးလောင်မှု တားဆီးကာကွယ်ရေးနှင့် သစ်တောများပြန်လည်စိုက်ပျိုးရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်တွင် ခိုင်မာစွာလျှောက်လှမ်းနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

## တက္ကသိုလ်ကင်းထောက်များအား ဂုဏ်ပြုပွဲနှင့် စခန်းချတွေ့ဆုံပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၃**

မြန်မာကင်းထောက် ရာပြည့်အထိမ်းအမှတ်အခမ်းအနားတွင် ပါဝင်ကူညီဆောင်ရွက်ခဲ့ကြသည့် တက္ကသိုလ်ကင်းထောက်များအား ဂုဏ်ပြုပွဲနှင့် စခန်းချတွေ့ဆုံပွဲကို ဇန်နဝါရီ ၂၂ ရက် နံနက် ၁၀ နာရီက ပဲခူးတိုင်းဒေသကြီး ကျောက်တန်းစံပြကျေးရွာ ပန်းပျိုးလက်ဘုန်းတော်ကြီးသင် ပညာရေးကျောင်းဝင်းခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဓမ္မာစရိယ ဒေါက်တာအရှင်ပညောဘာသ (M.A-Ph.D)က ကြိုဆိုနှုတ်ခွန်းဆက်မိန့်ကြားပြီး မြန်မာနိုင်ငံ ကင်းထောက်ကော်မတီဥက္ကဋ္ဌ အမျိုးသားကင်းထောက်ချုပ် ဒေါက်တာတင်ညို၊ အမျိုးသမီးကင်းထောက်ချုပ် ဒေါက်တာဒေါ်တင်လှကြည်တို့က ဂုဏ်ပြုစကား ပြောကြားကြသည်။

ထို့နောက်ကင်းထောက်ကြီးများ၊ တက္ကသိုလ်ကင်းထောက်များသည် ပန်းပျိုးလက်ဘုန်းတော်ကြီးသင်ပညာရေး ပရဟိတကျောင်းမှ ကျောင်းသား ကျောင်းသူလေးများ၊ ပညာရေး၊ လူမှုရေးလုပ်ငန်းများ လေ့ကျင့်သင်ကြားမှုနှင့် မျိုးဆက်သစ် အလင်းရောင်စာကြည့်တိုက်နှင့် ကွန်ပျူတာစင်တာတို့ကို လေ့လာကြည့်ရှုပြီး (**ယာပုံ**)တောတွင်းစခန်းချပညာရပ်များ လေ့လာသင်ကြားမှုများ၊ ဉာဏ်ရည်ပြိုင်သည့် ကစားမှုများ ပြုလုပ်ကြသည်။

ဆက်လက်ပြီး ဂျပန်နိုင်ငံနှင့် ကိုရီးယားနိုင်ငံတို့တွင် နိုင်ငံတကာကင်းထောက်လူငယ်များနှင့်အတူ ဆွေးနွေးပွဲများ တက်ရောက်ခဲ့ကြသည့် တက္ကသိုလ်ကင်းထောက် မောင်ကောင်းဆက်ဟိန်းနှင့် မနှင်းဦးဝေတို့က အတွေ့အကြုံများကို ရှင်းလင်းပြောကြားပြီး ကင်းထောက်ကြီးများ၊ တက္ကသိုလ်ကင်းထောက်များက ပရဟိတကျောင်းသား ကျောင်းသူလေးများအား စုပေါင်းတေးသီချင်းများ၊ ပျော်ရွှင်ဖွယ်ကစားနည်းများ ပြသသင်ကြားပေးသည်။

ယင်းနောက် ပန်းပျိုးလက်ဘုန်းတော်ကြီးသင် ပညာရေး ပရဟိတကျောင်းအတွက် ကင်းထောက်ကြီး ဦးအေးကြိုင်နှင့် ဒေါ်သစ်သစ်ဦး မိသားစုတို့က ငွေကျပ် ငါးသိန်း၊ ကင်းထောက်ကြီး စာရေးဆရာကောင်းသန့်က ငွေကျပ် တစ်သိန်း၊ တက္ကသိုလ်ကင်းထောက်များက ငွေကျပ်နှစ်သိန်း ပေးအပ်လှူဒါန်းကြသည်။

**ကိုလတ်(သတင်းစဉ်)**



# ကင်းထောက်ကြီးများနှင့် တက္ကသိုလ်ကင်းထောက်မောင်မယ်များ၏ ပီတိစကားသံ

**မြန်မာကင်းထောက်ရာပြည့် အထိမ်းအမှတ် အခမ်းအနားကူညီဆောင်ရွက်ခဲ့ကြသည့် တက္ကသိုလ်ကင်းထောက်များအား ဂုဏ်ပြုပွဲနှင့် စခန်းချတွေ့ဆုံပွဲတွင် ပါဝင်ကြသည့် ကင်းထောက်ကြီးများနှင့် တက္ကသိုလ်ကင်းထောက်မောင်မယ်များ၏ ပြောကြားချက်များကို ပြန်လည်စေ့ငု ဖော်ပြလိုက်ပါသည်။**

**ဦးအေးကြိုင်**
**(ကင်းထောက်ကြီး)**

ဒီနေ့ဟာ မြန်မာနိုင်ငံ ကင်းထောက်ရာပြည့်ပွဲတော်အခမ်းအနားကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် နှစ်လိုဖွယ်ကောင်းတဲ့အမူအရာနဲ့ ချစ်ခင်ဖွယ်ကောင်းလှစွာ စေတနာ့ဝန်ထမ်း ကူညီဆောင်ရွက်ခဲ့ကြတဲ့ တက္ကသိုလ်ကင်းထောက်(MS) ၄၀ နဲ့ အမျိုးသမီးကင်းထောက်(MMGG) ၄၁ ဦးတို့ကို လေ့လာအပန်းဖြေ၊ ကုသိုလ်ယူတဲ့ခရီးစဉ်အဖြစ် ပဲခူးတိုင်းဒေသကြီး ကျောက်တန်းစံပြကျေးရွာ ဝေဠုဝန်ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ရက္ခဗေဒဉယျာဉ်နဲ့ ငြိမ်းချမ်းရေးစင်တာကို တောတွင်းစခန်းချ လေ့ကျင့်ရေးခရီးစဉ်ဖြစ်ပါတယ်။

ဒီခရီးစဉ်မှာ တက္ကသိုလ်ကင်းထောက်တွေအနေနဲ့ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ကလေးများရဲ့ ပညာရေးလုပ်ငန်းဆောင်ရွက်မှု ပရဟိတဆောင်ရွက်နေသူတွေရဲ့ကုသိုလ်ဒါနတွေ၊ တောတွင်းစခန်းချ ပညာရပ်တွေကို သိရှိမှုဝေခံစားနိုင်မယ်လို့ ယုံကြည်ပါတယ်။



ဦးအေးကြိုင်(ကင်းထောက်ကြီး)



ဒေါ်မြင့်ကြည် (ကင်းထောက်ကြီး)

**ဒေါ်မြင့်ကြည်**
**(ကင်းထောက်ကြီး)**

မင်္ဂလာပါရှင်၊ ကျွန်မက ဒေါ်မြင့်ကြည် ပညာရေးဌာနက ဒုတိယညွှန်ကြားရေးမှူး (အငြိမ်းစား) မြန်မာနိုင်ငံကင်းထောက်အမျိုးသမီးအဖွဲ့ဝင် ဖြစ်ပါတယ်။ အခုလို ပဲခူးတိုင်း ကျောက်တန်းစံပြကျေးရွာ ဝေဠုဝန်စာသင်တိုက်ဘုန်းတော်ကြီးသင်ပညာရေး ပရဟိတကျောင်းကို လာရောက်လေ့လာခွင့်၊ ဆရာတော်ဘုရားရဲ့ဩဝါဒတရား၊ အလှူဒါနကျွေးမွေးမှု၊ ဆရာမတွေ၊ အလှူရှင်တွေရဲ့ သဒ္ဓါတရား၊ ကျောင်းသားကျောင်းသူကလေးတွေရဲ့ စနစ်ကျမှု၊ စည်းကမ်းရှိမှုတို့ဟာ အံ့မခန်းပါပဲ၊ တစ်သက်တာ မှတ်သားစရာပါ။ ဆရာတော်ဘုရားရဲ့ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကြောင့် မူလက ၉ ဧကမှ ယခု ဧက ၈၀ ကျယ်ဝန်းလှသော ကျောင်းဝင်းကြီးမှာ စည်းစနစ်ကျနစွာ စီမံခန့်ခွဲဆောင်ရွက်ထားတဲ့ စာကြည့်တိုက် ၊ ပန်းချီဆောင်၊ ငြိမ်းချမ်းအေးစေတီမြတ်နှင့် ငြိမ်းချမ်းရေးဉယျာဉ်တို့အား ကြည့်ရှုလေ့လာဖူးမြော်ခွင့်ရတဲ့အတွက် ဝမ်းမြောက်ဂုဏ်ယူကြည်နူးမိပါတယ်။

**မဆုမြတ်ထက်**
**(တက္ကသိုလ်ကင်းထောက်)**

သမီးက မဆုမြတ်ထက် ဖြစ်ပါတယ်၊ ရန်ကုန်တက္ကသိုလ် သင်္ချာမေဂျာ ပထမနှစ် ဂုဏ်ထူးတန်းမှာ ပညာသင်ကြားနေတဲ့ အမျိုးသမီးကင်းထောက်တစ်ဦး ဖြစ်ပါတယ်။ အခုလို ပဲခူးဂုဏ်ပြုခရီးစဉ်မှာ လိုက်ပါလေ့လာခွင့်ရတဲ့အတွက် အလွန်ပင် ဂုဏ်ယူပျော်ရွှင်မိပါတယ်။ သမီးတို့ မြန်မာနိုင်ငံမှာ အခုလို အလွန်ခေတ်မီတိုးတက်နေတဲ့ ဘုန်းတော်ကြီးသင် ပညာသင်ကျောင်းတွေရှိတဲ့အတွက် သမီးတို့ မြန်မာနိုင်ငံ မျိုးဆက်သစ်ကလေးလူငယ်တွေအတွက် ဘာသာရေးကိုင်းရှိုင်းမှုနဲ့ ပညာရေး၊ ယဉ်ကျေးသိမ်မွေ့မှု အဘက်ဘက်တွင် အလွန်ပင်ဝမ်းမြောက်မိပါတယ်။ အခုလို ခရီးစီစဉ်ပေးတဲ့ ဘုန်းဘုန်းကြီးတို့နှင့် တာဝန်ရှိသူဆရာ ဆရာမတွေအားလုံးကို ကျေးဇူးအထူးတင်ရှိပါတယ်။

**မောင်ကောင်းမြတ်ထူး**
**(တက္ကသိုလ်ကင်းထောက်)**

ကျွန်တော်က ဒဂုံတက္ကသိုလ် နိုင်ငံတကာဆက်ဆံရေးပညာ၊ မဟာအရည်အချင်းစစ်သင်တန်း တက်ရောက်နေပါတယ်။ ဒီနေ့ ခရီးစဉ်ကတော့ ကျွန်တော်တို့ပြီးခဲ့တဲ့ ဒီဇင်ဘာလ ၂၀၁၆ မှာ ကျင်းပပြုလုပ်ခဲ့တဲ့ မြန်မာနိုင်ငံကင်းထောက် နှစ်တစ်ရာပြည့် အထိမ်းအမှတ်အခမ်းအနားမှာ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် စေတနာ့ဝန်ထမ်းကူညီဆောင်ရွက်ခဲ့ကြတဲ့ တက္ကသိုလ်ကင်းထောက်တွေကို ဂုဏ်ပြုခရီးစဉ်နဲ့ တွေ့ဆုံပွဲခရီးစဉ်အဖြစ် အခုလို ကင်းထောက်ကြီးတွေ၊ ကြီးကြပ်ဆရာဆရာမတွေ၊ ဘုန်းတော်ကြီးသင်ပညာရေး ပရဟိတကျောင်းကို လာရောက်လေ့လာတာဖြစ်ပါတယ်။ တက္ကသိုလ်က အမျိုးသားကင်းထောက် ၃၁ ယောက်နဲ့ အမျိုးသမီးကင်းထောက် ၂၂ ယောက် အပါအဝင် ၁၀၀ ကျော်ပါဝင်ပြီး မနက်စာနဲ့ နေ့လယ်စာကို ဆရာတော်က လှူဒါန်းကျွေးမွေးပါတယ်။ ခရီးစဉ်ရဲ့ ရည်ရွယ်ချက်က တက္ကသိုလ်ကင်းထောက်တွေ လုပ်အားဒါနအဖြစ် ကလေးတွေကို အသိဉာဏ် ဖွံ့ဖြိုးရေးပေးနိုင်ဖို့နဲ့ တောတွင်းစခန်းချပညာတွေ လေ့လာသင်ကြားခွင့်ရဖို့ ရည်ရွယ်ပါတယ်။ ဒီခရီးစဉ်က နေ့ချင်းပြန်ဖြစ်ပြီး နောက်နောင် တစ်ညအိပ်၊ နှစ်ညအိပ် ခရီးတွေ ထွက်နိုင်ပါက ကျွန်တော်တို့ အတွေ့အကြုံတွေ အများကြီးရနိုင်မယ်လို့ မျှော်လင့်ပါတယ်။



မဆုမြတ်ထက် (တက္ကသိုလ်ကင်းထောက်)



မောင်ကောင်းမြတ်ထူး (တက္ကသိုလ်ကင်းထောက်)

**ကိုလတ် (သတင်းစဉ်)**

# လွှတ်တော်ထဲမှာ ဘာတွေလုပ် (၃)

ဇော်ငြိမ်းဦး (MPA)

**မြန်မာ့လွှတ်တော်သည် ရှေးဘုရင်များလက်ထက်ကပင် ပေါ်ပေါက်ခဲ့ပြီး ပုဂံ ပျူစောထီးမင်းလက်ထက် လွှတ်တော်၊ ဗြိတိသျှကိုလိုနီခေတ် လွှတ်တော်၊ ဂျပန်ခေတ် အတိုင်ပင်ခံလွှတ်တော်၊ တိုင်းပြုပြည်ပြုလွှတ်တော်၊ ပြည်ထောင်စုပါလီမန်နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော်တို့သည် မြန်မာ့သမိုင်းတွင် မားမားမတ်မတ်တည်ရှိခဲ့ပါသည်။**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)ခုနှစ် ပုဒ်မ ၄၄၃ နှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၄ တို့က အပ်နှင်းထားသော လုပ်ပိုင်ခွင့်နှင့် တာဝန်အရ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ခေါ်ယူခဲ့သော ပထမအကြိမ်ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးကို ၂၀၁၁ ခုနှစ် ဇန်နဝါရီလ ၃၁ ရက် နံနက် ၈ နာရီ ၅၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ စတင်ကျင်းပခဲ့ပြီး လွှတ်တော်များသည် ပြန်လည်အသက်ဝင်ခဲ့ပါသည်။ ပြည်သူ့လွှတ်တော် ပထမအကြိမ် လွှတ်တော် ၅ နှစ်သက်တမ်းသည် ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်ထိ ၅ နှစ် သက်တမ်းအားလည်းကောင်း၊ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးအား ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပခဲ့ပြီး ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးအထိ ကျင်းပခဲ့ပြီးဖြစ်ပါသည်။



၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်က ပြည်သူ့လွှတ်တော်အစည်းအဝေး ကျင်းပစဉ်

လွှတ်တော်(သို့မဟုတ်) ဥပဒေပြုရေးမဏ္ဍိုင်သည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကိုအခြေခံကာ ၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲများမှတစ်ဆင့် မြန်မာ့နိုင်ငံရေးအခင်းအကျင်း သို့တည်းမဟုတ် လွှတ်တော်နိုင်ငံရေးသို့ ပြန်လည်ဝင်ရောက်ခဲ့သည်မှာ ငြင်းဆိုဖွယ်ရာမရှိသည့် အရှိတရားတစ်ခုပင် ဖြစ်ပါသည်။ ဒီမိုကရေစီစနစ်ကို ကျင့်သုံးသည့် နိုင်ငံများတွင် ပြည်သူများက လွှတ်တော် ကိုယ်စားလှယ်များကို ရွေးကောက်ပွဲများဖြင့် ဆန္ဒမဲပေးရွေးကောက်တင်မြှောက်ကြပြီး နိုင်ငံတော်၏ ဥပဒေပြုရေးမဏ္ဍိုင်တွင် သက်ဆိုင်ရာပြည်သူများကို ကိုယ်စားပြုရန်၊ ဥပဒေများအားဖြည့်စွက်၊ ပြင်ဆင်၊ အသစ်ရေးဆွဲပြဋ္ဌာန်းရန်၊ ပယ်ဖျက်ရန်နှင့် အခြားမဏ္ဍိုင်ကြီးများအား အပြန်အလှန်ထိန်းကျောင်းရန်၊ အစိုးရ၏ တရားဝင်မှုကို ဖော်ဆောင်ရန်နှင့် နိုင်ငံရေးလေ့ကျင့်ပျိုးထောင်မှုပေးရန်ဟူသည့် လုပ်ငန်းဆောင်တာများကို ထမ်းဆောင်မည့် မြန်မာနိုင်ငံလွှတ်တော်များသည် ပေါ်ပေါက်လာခဲ့ပြီး ဖြစ်ပါသည်။

နိုင်ငံရေးအတွေးခေါ်ပညာရှင် ရောဘတ်ဒဲ(လ)က ဒီမိုကရေစီ၏ အဓိပ္ပာယ်ကို အင်စတီကျူးရှင်းဘက်မှ ဖွင့်ဆိုပြီး ဒီမိုကရေစီတွင် ပါဝင်ယှဉ်ပြိုင်မှု (Contestation) နှင့် ပါဝင်ဆောင်ရွက်မှု (Participation) ဆိုသော မျက်နှာစာနှစ်ရပ်ရှိပြီး ပုံမှန်ကျင်းပမြဲဖြစ်သော လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲများဖြင့် ဤမျက်နှာစာ နှစ်ရပ်ကို အင်ပြည့်အားပြည့် လှုပ်ရှားစေရမည် ဤသည်ပင် ဒီမိုကရေစီ၏ အဓိကသွင်ပြင်လက္ခဏာဖြစ်သည်ဟု ဖော်ပြခဲ့ပြီး ပြည်သူတို့မှ ရွေးကောက်တင်မြှောက်သည့် ကိုယ်စားလှယ်များသည် ရွေးကောက်ပွဲဟူသော တံခါးပေါက်မှ မဲဆန္ဒရှင်ပြည်သူလူထုအား ကိုယ်စားပြုရန် ပြည်သူ့အသံကို ထင်ဟပ်သည့် ဥပဒေပြုရေးမဏ္ဍိုင်ဖြစ်သည့် လွှတ်တော်များအတွင်းသို့ ဝင်ရောက်လာခဲ့ကြပြီးဖြစ်ပါသည်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁၀(က) အရ ပြည်သူ့လွှတ်တော် သက်တမ်းတစ်ရပ်၏ ပထမအကြိမ် ပြည်သူ့လွှတ်တော်အစည်းအဝေး စတင်ကျင်းပသည့်အခါ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား သဘာပတိအဖြစ် တင်မြှောက်ရမည်ဟု ပါရှိပြီး ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၁၁၀(က)(၁) အရ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌတစ်ဦးနှင့် ဒုတိယဥက္ကဋ္ဌ တစ်ဦးကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထဲမှ ရွေးကောက်တင်မြှောက်ရမည်ဟု ပါရှိသည်နှင့်အညီ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ တစ်ဦးနှင့် ဒုတိယဥက္ကဋ္ဌတို့အား သတ်မှတ်ပြဋ္ဌာန်းထားသည့် ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ပြီးသည့်အခါ ပြည်သူ့လွှတ်တော်ကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့များဖွဲ့စည်းခြင်းကို ဆက်လက်ဆောင်ရွက်ကြပါသည်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁၅(က) ပြည်သူ့လွှတ်တော်သည် ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော်အခွင့်အရေးကော်မတီ၊ အစိုးရ၏ အာမခံချက်များ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီတို့ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်ဟု ပါရှိပြီး ပုဒ်မ ၁၁၅ (ဂ)တွင် ပြည်သူ့လွှတ်တော်သည် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တိုင်းရင်းသားလူမျိုးများအရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ လူမှုရေး၊ နိုင်ငံခြားရေးတို့အပြင် အခြားရေးရာ ကိစ္စများကို လေ့လာတင်ပြစေရန် လိုအပ်ပါက လွှတ်တော်ကော်မတီများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြင့် ကာလသတ်မှတ်၍ ဖွဲ့စည်းနိုင်သည်။ ထို့အပြင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁၅(ဃ) အရ ပြည်သူ့လွှတ်တော်သည် ပြည်သူ့လွှတ်တော်ကော်မတီများ၏ အဖွဲ့ဝင်ဦးရေ၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို သတ်မှတ်ပေးရမည်ဟု ပါရှိပါသည်။

လွှတ်တော်ကော်မတီများသည် လွှတ်တော်ကြီး၏ လွှတ်တော်ငယ်များဖြစ်ကြပြီး လွှတ်တော်လုပ်ငန်းများ ပုံမှန်လည်ပတ်စေရန် သက်ဆိုင်ရာဘာသာရပ်အလိုက် ကျွမ်းကျင်သည့်အတွေ့အကြုံရှိသော လွှတ်တော်ကိုယ်စားလှယ်များဖြင့် သက်ဆိုင်ရာကော်မတီများတွင် အဖွဲ့ဝင်အဖြစ် ဖွဲ့စည်းပြီး လွှတ်တော်ကြီးတစ်ရပ်လုံး စနစ်တကျ လည်ပတ်နိုင်ရေးအတွက် အဓိကမောင်းနှင်အားများအဖြစ် ဆောင်ရွက်ကြပါသည်။

ပြည်သူ့လွှတ်တော် နည်းဥပဒေ ၄၆ အရ ကော်မတီများ၏ တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ကော်မတီဝင်များ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများကို စနစ်တကျ သတ်မှတ်ပြဋ္ဌာန်းပေးခဲ့ပါသည်။ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ ၂၄ နည်းဥပဒေ ၇၈ နှင့် ၇၉ တို့အရ လွှတ်တော်အခွင့်အရေးကော်မတီကို (၁၅)ဦး ထက်မပိုသည့် လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်ဖြစ်ပြီး ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌသည် ရာထူးအလျောက် ကော်မတီ၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပါသည်။

ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၂ (က)တွင် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် ဤနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ လွှတ်တော်၊ လွှတ်တော်ကော်မတီ သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ အခွင့်အရေးကို ဖောက်ဖျက်ကျူးလွန်ရာရောက်သည့်ကိစ္စနှင့် စပ်လျဉ်း၍ ဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့် လွှတ်တော်သို့ တင်ပြနိုင်သည်ဟု သတ်မှတ်ပြဋ္ဌာန်းထားပါသည်။

အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီနှင့် ပတ်သက်၍ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၉၆ တွင် ကော်မတီသည် လွှတ်တော်တွင် ပြည်ထောင်စုအစိုးရအဖွဲ့အပါအဝင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများက အခါအားလျော်စွာပေးခဲ့သည့် အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို လိုက်နာဆောင်ရွက်ခြင်း ရှိ၊ မရှိ စိစစ်ပြီး အောက်ပါအချက်များနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ တင်ပြရမည်။

နည်းဥပဒေ ၉၆ (က) တွင် ပြည်ထောင်စုအစိုးရအဖွဲ့အပါအဝင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများက ပေးခဲ့သော အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို မည်သည့်အခြေအနေထိ ဆောင်ရွက်ပြီးကြောင်းနှင့် ၉၆ (ခ)တွင် အဆိုပါ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများက ဆောင်ရွက်ပြီးဖြစ်လျှင် ထိုသို့ ဆောင်ရွက်ခြင်းမှာ သတ်မှတ်သည့်ကာလအတွင်း သတ်မှတ်ချက်အတိုင်း ဆောင်ရွက်ပြီးစီးခြင်း ရှိ၊ မရှိ ပြဋ္ဌာန်းသတ်မှတ်ထားရှိပြီး ၄င်းသတ်မှတ်ချက်အရ ကော်မတီသည် ပြည်သူ့လွှတ်တော်တွင် ကိုယ်စားလှယ်များ၏ မေးမြန်းချက်များအပေါ် ဖြေကြားသည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းက မည်ကဲ့သို့ ဆောင်ရွက်ပေးရန်ဆိုသည့် စကား၊ ကတိ၊ အာမခံချက်မျိုးကို မှတ်တမ်းတင်ထားပြီး တာဝန်ယူဆောင်ရွက်မှု အခြေအနေများကို စိစစ်၍ ၄င်းနှင့်ဆက်စပ်လျက် ပြည်ထောင်စုအစိုးရအဖွဲ့က တင်သွင်းသော ဥပဒေကြမ်း၊ ဆုံးဖြတ်ချက်၊ အဆိုသို့မဟုတ် အစီရင်ခံစာများနှင့်စပ်လျဉ်းပြီး စိစစ်ဆောင်ရွက်နိုင်ရန်အတွက် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီကို ဖွဲ့စည်းခြင်းဖြစ်ပါသည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော်သက်တမ်း၌ ကော်မတီ၊ ကော်မရှင် (၂၅) ခု ဖွဲ့စည်းခဲ့ပါသည်။ ၄င်းတို့မှာ (၁) ဥပဒေကြမ်းကော်မတီ၊ (၂) ပြည်သူ့ငွေစာရင်းကော်မတီ၊ (၃) လွှတ်တော်အခွင့်အရေးကော်မတီ၊ (၄) အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၊ (၅) နိုင်ငံသားများ၏ မူလအခွင့် အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ၊ (၆) တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝ မြှင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ၊ (၇) ဘဏ်များနှင့် ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ (၈) စီမံကိန်းနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ၊ (၉) တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီ၊ (၁၀) နိုင်ငံတကာဆက်ဆံရေးကော်မတီ၊ (၁၁) စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ (၁၂) ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ၊ (၁၃) အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ၊ (၁၄) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ (၁၅) ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ (၁၆) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၊ (၁၇) ကျန်းမာရေးမြှင့်တင်မှုကော်မတီ၊ (၁၈) ပညာရေးမြှင့်တင်မှုကော်မတီ၊ (၁၉) တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ၊ (၂၀) တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီ၊ (၂၁) ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ၊ (၂၂) လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ (၂၃) ပြုပြင်ပြောင်းလဲရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုစိစစ်ရေးကော်မတီ၊ (၂၄) ရေကြောင်းပို့ဆောင်ရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီအား ၅-၉-၂၀၁၁ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ပြီး ၇-၈-၂၀၁၃ ရက်နေ့တွင် ဖျက်သိမ်းခဲ့ပါသည်။ (၂၅) ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့ဖြစ်ပါသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်သက်တမ်း၌ ကော်မတီ (၁၉) ခုဖွဲ့စည်းဆောင်ရွက်လျက်ရှိပြီး ၄င်းတို့မှာ (၁) ဥပဒေကြမ်း ကော်မတီ၊ (၂) ပြည်သူ့ငွေစာရင်းကော်မတီ၊ (၃) လွှတ်တော်အခွင့်အရေးကော်မတီ၊ (၄) အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၊ (၅) နိုင်ငံတကာဆက်ဆံရေးကော်မတီ၊ (၆) တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ၊ (၇) နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာ ကော်မတီ၊ (၈) ပညာရေးမြှင့်တင်မှုကော်မတီ၊ (၉) ကျန်းမာရေးနှင့် အားကစား ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ (၁၀) ဘဏ်များနှင့် ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ (၁၁) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ (၁၂) တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီ၊ (၁၃) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၊ (၁၄) စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ (၁၅) ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ၊ (၁၆) ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ (၁၇) လျှပ်စစ်နှင့်စွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ (၁၈) ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ၊ (၁၉) တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီတို့ ဖြစ်ပါသည်။

ပြည်သူ့လွှတ်တော်သည် လွှတ်တော်၏ ဆောင်ပုဒ်ဖြစ်သည့် ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့ မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက် ဟူသော မူဝါဒနှင့်အညီ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကို ဖြစ်ထွန်းစေသောဥပဒေများ ပြဋ္ဌာန်းပေးခြင်း၊ အခြားသော မဏ္ဍိုင်ကြီးများဖြစ်သည့် အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားရေးမဏ္ဍိုင်တို့နှင့် အပြန်အလှန်ထိန်းကျောင်းမှုပြုခြင်းတို့အား ပြည်သူ့ဆန္ဒနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပြီး **ပြည်သူ့လွှတ်တော်သည် မြန်မာနိုင်ငံ၏ democratization ဖြစ်စဉ်များ၌ လွတ်လပ်ရေး၊ တန်းတူ ညီမျှရေး၊ ချစ်ကြည်ရေးစသော လောကပါလတရားများနှင့်အညီ ဒီမိုကရေစီ၏ အသက်ဝိညာဉ်တစ်ခုအဖြစ် ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့်** တင်ပြအပ်ပါသည်။

**ပြည်သူ့လွှတ်တော်သည် လွှတ်တော်၏ ဆောင်ပုဒ်ဖြစ်သည့် ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့ မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက် ဟူသော မူဝါဒနှင့်အညီ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကို ဖြစ်ထွန်းစေသော ဥပဒေများ ပြဋ္ဌာန်းပေးခြင်း၊ အခြားသော မဏ္ဍိုင်ကြီးများဖြစ်သည့် အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားရေးမဏ္ဍိုင်တို့နှင့် အပြန်အလှန်ထိန်းကျောင်းမှုပြုခြင်းတို့အား ပြည်သူ့ဆန္ဒနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိ**

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံကို NCA အပေါ်တွင်သာအခြေခံပြီး ဆက်လက်လုပ်ဆောင်နေ



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကရင်အမျိုးသားအစည်းအရုံး (KNU) ဥက္ကဋ္ဌ စောမူတူးစေးဖိုး ခေါင်းဆောင်သည့် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဦးဆောင်အဖွဲ့မှ အဖွဲ့ဝင်များနှင့် တွေ့ဆုံစဉ်

**နေပြည်တော် ဇန်နဝါရီ ၂၃**

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကရင်အမျိုးသားအစည်းအရုံး (KNU) ဥက္ကဋ္ဌ စောမူတူးစေးဖိုး ခေါင်းဆောင်သည့် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (Peace Process Steering Team-PPST) မှ အဖွဲ့ဝင်များနှင့် ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ညှိ့ရိပ်သာခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က NCA သည် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၏ အဆိုပြုချက်များအပေါ် အခြေခံ၍ လေးနှစ်ခန့် အချိန်ယူဆွေးနွေးရေးဆွဲပြီး လက်မှတ်ရေးထိုးခဲ့ခြင်း ဖြစ်ကြောင်း၊ လက်ရှိဆောင်ရွက်နေသည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံကိုလည်း NCA အပေါ်တွင်သာ အခြေခံပြီး ဆက်လက်လုပ်ဆောင်နေကြောင်း၊ **တပ်မတော်အနေဖြင့် ငြိမ်းချမ်း**ရေးအတွက် အမြဲတံခါးဖွင့်ထားပြီး ယင်းညီလာခံ အောင်မြင်စေရန် ဝိုင်းဝန်းလုပ်ဆောင်နေကြောင်း ပြောကြားသည်။

ထို့နောက် PPST အဖွဲ့ဥက္ကဋ္ဌ စောမူတူးစေးဖိုးက နိုင်ငံရေးအရ အမြင့်ဆုံးအဆင့်ဖြစ်သည့် လက်နက်ကိုင်ပဋိပက္ခများသည် မည်သည့်ပြဿနာကိုမျှ မဖြေရှင်းနိုင်ဘဲ နိုင်ငံရေးအရသာ ညှိနှိုင်းဆွေးနွေးဖြေရှင်းရမည်ဟု ခံယူကြောင်း၊ မိမိတို့အဖွဲ့ အနေဖြင့် NCA ကိုအခြေခံပြီး နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်အတူ ငြိမ်းချမ်းရေးကို ရရှိသည်အထိ ဆက်လက်ပူးပေါင်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ အဖွဲ့ဝင်များကလည်း လတ်တလောရင်ဆိုင်နေရသည့်အခြေအနေ၊ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကို ဆွေးနွေးပြောကြားသည်။

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊လေ)ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (Peace Process Steering Team-PPST)ဥက္ကဋ္ဌ ကရင်အမျိုးသားအစည်းအရုံး (KNU) ဥက္ကဋ္ဌ စောမူတူးစေးဖိုးနှင့်အတူ အဖွဲ့ဝင်များဖြစ်ကြသည့် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) နာယက ခွန်ဥက္ကာ၊ ရခိုင်ပြည်နယ်လွတ်မြောက်ရေးပါတီ (ALP) ဒုတိယဥက္ကဋ္ဌ ခိုင်စိုးနိုင်အောင်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားဒီမိုကရက်တစ်တပ်ဦး (ABSDF) ဥက္ကဋ္ဌ ဦးသံခဲနှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည် တပ်မတော် (RCSS/SSA)မှ ခွန်စိုင်းတို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ်အား ဂုဏ်ပြုတပ်ဖွဲ့ဖြင့်ကြိုဆို



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ထိုင်းဘုရင့်တပ်မတော်ကြည်းတပ် ဦးစီးချုပ် General Chalermchai Sitthisad တို့ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်

**နေပြည်တော် ဇန်နဝါရီ ၂၃**

ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသော ထိုင်းဘုရင့်တပ်မတော် ကြည်းတပ် ဦးစီးချုပ် General Chalermchai Sitthisad အား ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည့် အခမ်းအနားကို ယနေ့နံနက် ၉ နာရီ ၄၅ မိနစ်က နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပသည်။

ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ထိုင်းဘုရင့်တပ်မတော် ကြည်းတပ် ဦးစီးချုပ် General Chalermchai Sitthisad တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူကြပြီး ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

ယင်းနောက် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်သည် ထိုင်းဘုရင့် တပ်မတော်ကြည်းတပ်ဦးစီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ဇေယျာသီရိဗိမာန် ညှိ့ခန်းမဆောင်၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် တပ်မတော် နှစ်ရပ်အကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ယဉ်ကျေးမှု၊ အားကစားနှင့် ဆေးကုသရေးတို့တွင် ပူးပေါင်းဆောင်ရွက်ရေး၊ ထိုင်းနိုင်ငံ၌ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ လေ့လာရေး၊ ဘာသာစကားသင်တန်းကိစ္စရပ်များ၊ အပြန်အလှန်ထောက်လှမ်းရေး သတင်းဖလှယ်မှုကိစ္စရပ်များ၊ နယ်စပ်ဒေသမူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး၊ လက်နက်မှောင်ခိုမှု၊ လူကုန်ကူးမှုတားဆီးကာကွယ်တိုက်ဖျက်ရေးကိစ္စရပ်များတွင် ပိုမိုတိုးမြှင့်လုပ်ဆောင်ရေး၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းမှုအတွက် ဆောင်ရွက်မှုများ အရှိန်အဟုန် မြှင့်တင်လုပ်ဆောင်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

ညပိုင်းတွင် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီးသည် ထိုင်းဘုရင့် တပ်မတော် ကြည်းတပ်ဦးစီးချုပ် General Chalermchai Sitthisad နှင့်ဇနီးဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ Horizon Lake View Hotel ၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

**(သတင်းစဉ်)**

# ဒေသအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ထားဝယ်၌ စတင်ကျင်းပ




**ထားဝယ် ဇန်နဝါရီ ၂၃**

ဒေသအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၌ ယနေ့နံနက် ၉ နာရီက ထားဝယ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အစီအစဉ်အရ ဒေသအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကျင်းပရေး ကြီးကြပ်မှုကော်မတီဝင်များက သဘာပတိများအဖြစ် နေရာယူကြပြီး တက်ရောက်လာကြသူများ အားလုံးက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို အလေးပြုကြသည်။

ယင်းနောက် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။ ထို့နောက် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် လင်းအောင်၊ ငြိမ်းချမ်းရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် ငြိမ်းချမ်းရေးကော်မရှင်အဖွဲ့ဝင် ဦးခင်ဇော်ဦးတို့က နှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။ ယင်းနောက် ဒေသအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးစောလုကာက ဆွေးနွေးပြောကြားပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အခမ်းအနား ဒုတိယပိုင်းတွင် ထားဝယ်ခရိုင်၊ မြိတ်ခရိုင်၊ ကော့သောင်းခရိုင်များ၌ ကျင်းပခဲ့သော အမျိုးသားအဆင့် နိုင်ငံရေးအကြိုဆွေးနွေးပွဲများတွင် နိုင်ငံ ရေးပါတီများ၊ အဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များ၊ ဒေသခံပြည်သူများ၏ ဆွေးနွေးချက်များမှ နိုင်ငံရေးဆိုင်ရာ စာတမ်း၊ စီးပွားရေးဆိုင်ရာ စာတမ်းများကို ကိုယ်စားလှယ်ရှစ်ဦးက ဆွေးနွေးတင်ပြကြသည်။

အဆိုပါ ဒေသအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲသို့ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ UPDJC အဖွဲ့ဝင်များ၊ ငြိမ်းချမ်းရေးကော်မရှင်အဖွဲ့ဝင်များ၊ ဒေသအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကြီးကြပ်မှုကော်မတီဝင်များ၊ JMCS အဖွဲ့ဝင်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ KNUအဖွဲ့ဝင်များ၊ ငြိမ်းချမ်းရေးအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ စုစုပေါင်း အင်အား ၇၀၀ ကျော် တက်ရောက်ကြပြီး ဆွေးနွေးပွဲကို တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၌ ဇန်နဝါရီ ၂၃၊ ၂၄၊ ၂၅ ရက်တို့တွင် သုံးရက်တိုင်တိုင် ဆွေးနွေးသွားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**

# နိုဘယ်လ်-မြန်မာစာပေပွဲတော် ၂၀၁၇ ၊ ရသစာပေ ဒုတိယနေ့ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၃**

နိုဘယ်လ်-မြန်မာစာပေပွဲတော် ၂၀၁၇၊ ရသစာပေ ဒုတိယနေ့ကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ဆက်လက်ကျင်းပသည်။

ဒုတိယနေ့ စာတမ်းဖတ်ပွဲတွင် မြဝင်း(ဒဿန)က "မြန်မာ့ရနံ့နှင့် စပ်လျဉ်းသော မှတ်ချက်များ" စာတမ်း၊ တော်ကောင်းမင်းက "ရှိတ်စပီးယား ပြဇာတ်များကို မြန်မာပြန်ဆိုခြင်း" စာတမ်း၊ ဒေါက်တာမိုးဟိန်းဇော်(မြန်မာစာ)က "မြန်မာကလေးကဗျာများက ပေးသော ရသများ" စာတမ်းနှင့် မြင့်ဆွေဦးက "နဂါးနီမှ ရသဝတ္ထုများ" စာတမ်းများကို ဖတ်ကြားကြသည်။



စာပေစကားဝိုင်း အစီအစဉ်တွင် "ယနေ့မြန်မာကဗျာ၊ မနက်ဖြန်အတွက် မြန်မာကဗျာ" ဖြင့် မင်းထက်မောင်က ဦးဆောင်ပြီး မောင်လင်းရိပ်၊ ကိုရွှေ၊ မောင်ဒေး၊ အိန္ဒြာတို့က ပါဝင်ဆွေးနွေးကြပြီး "ရသပျိုးခင်း" စာပေစကားဝိုင်း အစီအစဉ်တွင် မော်လင်းက ဦးဆောင်ပြီး မောင်ခင်မင်(ဓနုဖြူ)၊ သစ္စာနီ၊ ငြိမ်းမင်း၊ မြေလတ်မောင်မြင့်သူတို့က ပါဝင်ဆွေးနွေးကြသည်။

ဇန်နဝါရီ ၂၄ ရက် တတိယနေ့တွင် ရာသက်ပန်(တောင်ငူဆောင်)က "မင်းလူ ဝတ္ထုတိုများမှ ဇာတ်ဆောင်ရွေးချယ်ဖန်တီးမှု" စာတမ်း၊ ဒေါက်တာအောင်ကြီးက "မော်စီတုံး ကဗျာတစ်ပုဒ်ကို ဘာသာပြန်ဆိုခြင်း" စာတမ်း၊ ကိုတာက "ကဗျာနှစ်ပုဒ် ဘာသာပြန်ခြင်း"နှင့် ဆရာငြိမ်းမင်းက "ရသစာပေဖန်တီးမှု" စာတမ်းများကို ဖတ်ကြားကြမည်ဖြစ်သည်။ စာပေစကားဝိုင်းအစီအစဉ်တွင် "ဘာသာပြန် ရသဖန်တီးမှု"၊ "ဝတ္ထုရှည်တစ်ပုဒ်ဖန်တီးခြင်း" နှင့် "ရသရေစီး" ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးမည်ဖြစ်သည်။

နိုဘယ်လ်-မြန်မာ စာပေပွဲတော် ၂၀၁၇ ၊ ရသစာပေကို ဇန်နဝါရီ ၂၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး နှစ်ပေါင်း ၁၀၀ အတွင်းက ထွက်ရှိခဲ့သော မြန်မာ့ဝတ္ထု အကောင်းဆုံးရသစာအုပ် ၁၀၀ ပြပွဲ၊ နိုဘယ်လ်ဆုရ စာအုပ်ပြခန်းများ၊ စာတမ်းဖတ်ပွဲများ၊ ရသစာဖတ်ဝိုင်းများ၊ ကဗျာရွတ်ပွဲ၊ ကာတွန်းပြခန်းများ၊ ကယ်ရီကေးချား ပုံတူရေးဆွဲခြင်းများ၊ စာပေဆိုင်ရာ ဟောပြောဆွေးနွေးပွဲများ၊ ရသစာပေနှင့် စပ်လျဉ်းသည့် စကားဝိုင်းများ ကျင်းပပြီး စာအုပ်ဈေးခင်းဖွင့်လှစ်ကာ ရသစာပေဆိုင်ရာ စာအုပ်မျိုးစုံကို ရောင်းချပေးလျက်ရှိသည်။

နိုဘယ်လ်-မြန်မာစာပေပွဲတော်လာ စာချစ်သူ၊ စာပေမွေ့လျော်သူများအတွက် ကော်ဖီ ၊ ရေသန့်၊ မုန့်ဟင်းခါး၊ ထမနဲ စသည့် စားသောက်ဖွယ်ရာများကို ကျွေးမွေးလှူဒါန်းလျက်ရှိကြောင်း သိရသည်။

**သတင်း - ရီရီမြင့်၊ ဉမ္မာသန့်**
**ဓာတ်ပုံ - လှမိုး**

---

# မန္တလေး ကလေးစာပေပွဲတော်ကျင်းပရန် ခင်းကျင်းမှုများ စတင်ဆောင်ရွက်

**မန္တလေး ဇန်နဝါရီ ၂၃**

ကလေးစာပေပွဲတော်ကျင်းပမည့် မန္တလေး ချမ်းမြသာစည်မြို့နယ်ရှိ မြန်မာ့သတင်းအချက်အလက် နည်းပညာတက္ကသိုလ် (MIIT) ၌ သက်ဆိုင်ရာပြခန်းများအလိုက် ခင်းကျင်းပြသနိုင်ရန် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို ယနေ့မှ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါပွဲတော်၏ အဓိကရည်ရွယ်ချက်ဖြစ်သည့် ကလေးစာပေများခင်းကျင်းနိုင်ရန် စာအုပ်စင် ၅၀ ကို မြေညီထပ်၌ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများမှ စတင်ပြင်ဆင်လျက်ရှိသည်။ **(ယာပုံ)**

"ဒီပွဲတော်ရဲ့အဓိကအချက်က ကလေးစာပေပြပွဲနဲ့ စာအုပ်ဈေးရောင်းပွဲဖြစ်တဲ့အတွက် ပြန်ကြားရေးဝန်ကြီးဌာနက ကလေးတွေကို ပြသဖို့ စီစဉ်ထားတဲ့ စာအုပ်တွေကို ခင်းကျင်းဖို့ စာအုပ်စင် ၅၀ ကို စတင်ပြင်ဆင်နေပါပြီ၊ ဒါပြီးရင် ဆရာကြီး မင်းသုဝဏ်ရဲ့ စာအုပ်တွေ ခင်းကျင်းဖို့ စီစဉ်သွားမှာဖြစ်ပါတယ်။ ကျန်တဲ့ပြခန်းတွေကိုလည်း ဒီနေ့ကစပြီး လာရောက်ပြင်ဆင်နေကြပါပြီ" ဟု အဆိုပါဌာနမှ တိုင်းဦးစီးမှူး ဒေါ်ဝေဝေဖြိုးက ပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်း၊ ဘကကျောင်းနှင့် ကိုယ်ပိုင်ကျောင်းအသီးသီးကလည်း သက်ဆိုင်ရာကျောင်းအလိုက် ခင်းကျင်းပြင်ဆင်မှုများ စတင်ဆောင်ရွက်လျက်ရှိရာ အခြေခံပညာကျောင်းများအတွက် ပြခန်းကို အပိုင်း ၅ ပိုင်းခွဲ၍ ခင်းကျင်းပြသနိုင်ရန် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း ချမ်းမြသာစည်မြို့နယ် အမှတ်(၂၆) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဒေါက်တာသန်းထိုက်စိုးက ရှင်းလင်းပြောကြားသည်။

"ကျွန်တော်တို့ အခြေခံပညာကျောင်းတွေရဲ့ ပြခန်းမှာ စွန့်ပစ်ပစ္စည်းတွေကနေ အသုံးအဆောင်ပစ္စည်းတွေ ပြန်ထုတ်လုပ်တဲ့ ပြကွက်၊ မြန်မာနိုင်ငံမှာ လူသိနည်းရှားပါးတဲ့ လိပ်ပြာမျိုးစုံပြကွက်၊ စမ်းသပ်မှုအပိုင်းတွေကို စာတွေ့လက်တွေ့ သင်ကြားပုံပြကွက်၊ ကျွန်တော်တို့ကျောင်းက ဆရာ၊ ဆရာမတွေနဲ့ ကျောင်းသား၊ ကျောင်းသူတွေ ပြုလုပ်ထားတဲ့ မြန်မာမှုအသုံးအဆောင်ပြကွက်နဲ့ နိုင်ငံတကာ သင်ရိုးညွှန်းတမ်းတွေမှာ အသုံးပြုဆောင်ရွက်နေတဲ့ အဆင့်မီပစ္စည်းတွေ ပြကွက်ဆိုပြီး ပြသထားမှာပါ"ဟု ၎င်းက ပြောကြားသည်။



ထို့အပြင် ဖျော်ဖြေရေးနှင့် ပြိုင်ပွဲအသီးသီးတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ကျောင်းအသီးသီးကလည်း ဝတ်စုံပြည့်လေ့ကျင့်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

---

# အတွေးစိတ်ကူးများစွာဖြင့်နွဲ့ပျော် မန္တလေးမှာကျင်းပမည့် ကလေးစာပေပွဲတော်

**မင်းထက်အောင်(မန်းကိုယ်ပွား)**

မန္တလေး ဇန်နဝါရီ ၂၃

**မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မြန်မာ့သတင်းအချက်အလက် နည်းပညာတက္ကသိုလ် (MIIT) ၌ ကလေးစာပေပွဲတော်ကို ဇန်နဝါရီ ၂၇ ရက်မှ ၂၉ ရက်အထိ စည်ကားပျော်ရွှင်စွာ ကျင်းပတော့မည်ဖြစ်ရာ ပွဲတော်ရက် နီးကပ်လာသည်နှင့်အမျှ ကျောင်းအသီးသီးရှိ ဖျော်ဖြေရေးနှင့် ပြိုင်ပွဲအသီးသီးတွင် ပါဝင်မည့် ကျောင်းသား ကျောင်းသူများ တက်ကြွစွာ လေ့ကျင့်ပြင်ဆင်လျက်ရှိကြသကဲ့သို့ ဆရာ၊ ဆရာမ၊ မိဘများအနေဖြင့်လည်း ကြုံတောင့်ကြုံခဲ ဆင်နွှဲကြရမည့် ကလေးစာပေပွဲတော်အပေါ် ၎င်းတို့၏ သဘောထားအမြင်များကို ယခုကဲ့သို့ တွေ့ဆုံမေးမြန်းခဲ့ပါသည်။**



ဒေါက်တာသန်းထိုက်စိုး



မအိမ့်မျက်ချယ်



မောင်မင်းဟန်ကို



ဒေါ်လှဲ့လှဲ့ဝင်း

**ဒေါက်တာသန်းထိုက်စိုး**
**(ကျောင်းအုပ်ကြီး၊ အမှတ် (၂၆) အခြေခံပညာအထက်တန်းကျောင်း၊ ချမ်းမြသာစည်မြို့နယ်)**

ကလေးစာပေ ပွဲတော်ဆိုတာ ကလေးတွေအတွက် အဓိကရည်ရွယ်တာပါ၊ နေပြည်တော်မှာ တစ်ရက်တည်းလုပ်ပြီး မန္တလေးမှာ သုံးရက်တောင်လုပ်မယ်ဆိုတော့ မန္တလေးအတွက် အထူးဂုဏ်ယူစရာပါ။ တီဗွီမှာလည်း ဆက်တိုက်ကြော်ငြာပေးနေတော့ ကျွန်တော်တို့ကျောင်းက ကလေးတွေဆို ဒီကြော်ငြာသီချင်းတွေကို အလွတ်တောင်ရနေကြပါပြီ။ ကျောင်းသားမိဘတွေလည်း ဒီပွဲတော်ကို သူတို့ကလေးတွေကို လိုက်ပို့ပေးဖို့ စိတ်ဝင်တစား မေးမြန်းနေတာတွေ့ရပါတယ်။ ဒီပွဲတော်မှာ ကလေးတွေနဲ့ သက်ဆိုင်တဲ့ စာပေတွေကို ပြသထားတဲ့အပြင် ကစားနည်းမျိုးစုံနဲ့ ပြိုင်ပွဲမျိုးစုံလည်းပါဝင်နေတာဖြစ်လို့ စာပေလေ့လာဖို့ လာရောက်ရင်းနဲ့ ပျော်ရွှင်မှုတွေကိုလည်း တစ်ပြိုင်တည်းခံစားနိုင်မှာဖြစ်ပါတယ်။

**မအိမ့်မျက်ချယ်**
**(စတုတ္ထတန်း၊ အမက -၁၇)**

ဒီပွဲတော်မှာ သမီးကို ဦးဇော်ဝင်းထွဋ်ရဲ့စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ်နဲ့ ဖျော်ဖြေဖို့ ရွေးချယ်ထားပါတယ်။ ကျောင်းမှာလည်း အဖွဲ့လိုက် လေ့ကျင့်နေတဲ့အပြင် အိမ်မှာလည်း အချိန်ရတိုင်း လေ့ကျင့်နေပါတယ်။ ဒီပွဲတော်ကို ဖျော်ဖြေဖို့သွားမယ့်အပြင် အိမ်ကိုလည်း သီးသန့်လိုက်ပို့ပေးဖို့ ပြောထားပါတယ်။ သမီးကြိုက်တဲ့ စာအုပ်တွေလည်း ဝယ်ချင်တယ်။ ဂိမ်းလည်း ကစားမယ်။ မိသားစုအတူတွဲပြီး ဓာတ်ပုံလည်းရိုက်မယ်။ ပြိုင်ပွဲတွေလည်း ဝင်ပြိုင်မယ်လို့ စဉ်စားထားပါတယ်။

**မောင်မင်းဟန်ကို**
**(စတုတ္ထတန်း၊ အမက -၁၇)**

သားက ဒီပွဲတော်ကို ကျောင်းကလေ့လာရေးအဖွဲ့အနေနဲ့ သွားရမှာပါ။ ဒီပွဲတော်အကြောင်းကို တီဗွီမှာကြည့်ပြီးကတည်းက သူများတွေ ပျော်သလိုသားလည်း ကိုယ်တိုင်ဝင်ပျော်ကြည့်ချင်တယ်။ အဖေက သားစိတ်ဝင်စားတဲ့ စာအုပ်တွေ့ရင် ဝယ်ပေးမယ်လို့ ပြောထားပါတယ်။ ဒါကြောင့် ကျောင်းက လိုက်ပို့တဲ့အပြင် သူငယ်ချင်းတွေနဲ့ အတူသွားဖို့ အဖေ့ကို ပြောထားပါတယ်။ ပြိုင်ပွဲတွေအားလုံးကို ဝင်ပြိုင်မယ်။ ဂိမ်းကစားမယ်။ အရုပ်ကြီးတွေနဲ့အတူ ဓာတ်ပုံတွဲရိုက်မယ်။ လုပ်ချင်တာတွေများတော့ သုံးရက်စလုံးသွားဖို့ ပူဆာရမှာပါ။

**ဒေါ်လှဲ့လှဲ့ဝင်း(ကျောင်းသားမိဘ )**

အခုပြုလုပ်မယ့် ကလေးစာပေပွဲတော်က ကလေးတွေသာမက ကျွန်မတို့ မိဘတွေလည်း သွားရောက် လေ့လာသင့်ပါတယ်။ ဒါမှ ကိုယ့်သားသမီးတွေ လေ့လာဖို့ ဘယ်လိုစာအုပ်မျိုးတွေ ရွေးချယ်ပေးရမလဲ၊ ဗဟုသုတပိုင်းမှာ ဘာတွေ ဖြည့်ဆည်းပေးဖို့ လိုအပ်သလဲ ဆိုတာသိလာနိုင်မှာပါ။ ဒါ့အပြင် စာအုပ်မျိုးစုံကိုလည်း ရောင်းချပေးမှာဆိုတော့ ကျွန်မတို့ အသက်အရွယ်နဲ့ လေ့လာဖတ်ရှုသင့်တဲ့ စာအုပ်တွေလည်း စိတ်ကြိုက်ဝယ်ယူနိုင်တဲ့ အခွင့်အရေးတွေလည်း ရနိုင်ပါတယ်။ ဒါကြောင့် သားသမီးတွေကို လိုက်ပို့ရင်း ကိုယ့်အတွက်လည်း အကျိုးရှိနိုင်မယ့် ပွဲတော်ဖြစ်လို့ မိသားစုလိုက် သွားရောက်လေ့လာဖို့ ဆုံးဖြတ်ထားပါတယ်။

# ငှက်ဖျားရောဂါတိုက်ဖျက်ရေးစီမံချက် ညှိနှိုင်းဆွေးနွေး



**စစ်တွေ ဇန်နဝါရီ ၂၃**

ရခိုင်ပြည်နယ် ငှက်ဖျားရောဂါတိုက်ဖျက်ရေးစီမံချက် (Defeat Malaria)အသိပေး ညှိနှိုင်းဆွေးနွေးပွဲအခမ်းအနားကို ရခိုင်ပြည်နယ်အစိုးရရုံး အစည်းအဝေးခန်းမ(၁)၌ ဇန်နဝါရီ ၂၃ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် ရခိုင်ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက အမှာစကားပြောကြားပြီး PMI မှ ထောက်ပံ့သော (Defeat Malaria Project) ငှက်ဖျားရောဂါတိုက်ဖျက်ရေးစီမံချက်၏ ဦးတည်ချက်နှင့် ရည်မှန်းချက်များအား ဒေါက်တာမေလင်းအောင်က ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ PMI မှ Deputy Chef of party ဒေါက်တာ စောလွင်က ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်ခဲ့သော ငှက်ဖျားရောဂါ ထိန်းချုပ်ကာကွယ်ရေး စီမံချက်၏ အဓိက အောင်မြင်မှုများနှင့် PMI မှ ထောက်ပံ့သော (Defeat Malaria Project) ငှက်ဖျားရောဂါ စီမံချက်တွင် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြခဲ့သည်။ ထို့နောက် တက်ရောက်လာကြသော ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများမှ ငှက်ဖျားရောဂါတိုက်ဖျက်ရေးစီမံချက်အပေါ် ပိုမိုထိရောက်အောင်မြင်နိုင်ရေး အကြံပြုဆွေးနွေးခဲ့ကြသည်။

ရခိုင်ပြည်နယ်တွင် ငှက်ဖျားရောဂါဖြစ်ပွားမှုနှင့်သေဆုံးမှုကို လျှော့ချနိုင်ရန်၊ မြန်မာနိုင်ငံတွင် ဆေးမတိုးသည့် ရောဂါပိုးများရှိနေပြီး ယင်းပိုးများ ရခိုင်ပြည်နယ်ထဲသို့ မဝင်ရောက်လာနိုင်ရေးကာကွယ်ရန်နှင့် ဖြစ်လာလျှင်လည်း အချိန်မီထိန်းချုပ်ရန်၊ နိုင်ငံတော်မှ ငှက်ဖျားရောဂါကင်းစင်ပပျောက်သည်အထိ ဆောင်ရွက်နေသည့်လုပ်ငန်းတွင် ကူညီဆောင်ရွက်နိုင်ရေးစသည့် ရည်ရွယ်ချက်များနှင့် ယခုစီမံချက်များကို ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်တွင် ငှက်ဖျားရောဂါသည် တောင်ပိုင်းတွင် အမ်းမြို့နယ်နှင့် မြောက်ပိုင်းတွင် ဘူးသီးတောင်နှင့် မောင်တောမြို့နယ်များတွင် အများဆုံးဖြစ်ပွားလျက်ရှိပြီး ငှက်ဖျားရောဂါ တိုက်ဖျက်ရေးစီမံချက်ကို ပြည်နယ်တောင်ပိုင်းတွင် ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် ငှက်ဖျားရောဂါတိုက်ဖျက်ရေးစီမံချက်ကို ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးတို့တွင် ဆောင်ရွက်လျက်ရှိပြီး ကရင်ပြည်နယ်တွင် သံတောင်မြို့နယ်မှလွဲပြီး ကျန်မြို့နယ်များတွင် ဆောင်ရွက်လျက်ရှိကြောင်း PMI မှ Deputy Chef of party ဒေါက်တာ စောလွင်က ပြောကြားသည်။

ယနေ့အခမ်းအနားသို့ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် PMI မှတာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဘူးသီးတောင်မြို့နယ်၌ နေအိမ်မီးလောင်မှု အမှုဖွင့်စစ်ဆေးလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၃**

ဘူးသီးတောင်မြို့နယ် အမှတ်(၄)ရပ်ကွက်တွင် ယမန်နေ့ ညနေ ၇ နာရီခန့်က နေအိမ်တစ်လုံး မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ရခိုင်အမျိုးသားပါတီ အလုပ်အမှုဆောင် ဦးမောင်မောင်ဝေ၏ နေအိမ်တွင် မီးစက်မှ ဝိုင်ယာရှော့ဖြစ်ပြီး နှစ်ထပ်(သွပ်မိုး/ ပျဉ်ကာ) နေအိမ်တစ်လုံး မီးလောင်ကျွမ်းခြင်းဖြစ်ကြောင်း၊ မီးလောင်မှုကြောင့် တန်ဖိုးငွေကျပ် ၂၅၀၀၀၀ ခန့် ဆုံးရှုံးခဲ့ကြောင်း၊ ဖြစ်စဉ်နှင့်စပ်လျဉ်း၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# နယ်မြေလုံခြုံရေး ဆောင်ရွက်နေသည့် တပ်မတော်စစ်ကြောင်းအား KIA လက်နက်ကိုင်အဖွဲ့များက အဝေးထိန်းမိုင်းလေးလုံးဖြင့် ဖောက်ခွဲတိုက်ခိုက်

**နေပြည်တော် ဇန်နဝါရီ ၂၃**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မံစီမြို့နယ်အတွင်း ဇန်နဝါရီ ၂၁ ရက် မွန်းလွဲပိုင်းက နယ်မြေလုံခြုံရေး ဆောင်ရွက်နေသည့် တပ်မတော်စစ်ကြောင်းအား KIA လက်နက်ကိုင်အဖွဲ့များက အဝေးထိန်းမိုင်းဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့ကြောင်း သိရသည်။

မံစီမြို့နယ်အတွင်း နယ်မြေလုံခြုံရေး ဆောင်ရွက်နေသည့် တပ်မတော်စစ်ကြောင်းအား ဇန်နဝါရီ ၂၁ ရက် ညနေ ၃ နာရီ ၄၅ မိနစ်ခန့်တွင် လွယ်ဆိုင်းကျေးရွာ၏ မြောက်ဘက် မီတာ ၁၀၀၀ ခန့်၌ KIA လက်နက်ကိုင်အဖွဲ့များက အဝေးထိန်းမိုင်းလေးလုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့သဖြင့် တပ်မတော်စစ်ကြောင်းက ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း၊ ဖြစ်စဉ်တွင် တပ်မတော်စစ်ကြောင်းမှ စစ်သည်တချို့ မိုင်းစထိမှန်ဒဏ်ရာများ ရရှိခဲ့ပြီး အဆိုပါနေရာ တစ်ဝိုက်အား တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဘူးသီးတောင်မြို့နယ်၌ မသင်္ကာသူ နှစ်ဦးဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၂၃**

မောင်တောမြို့နယ်မှ ဘူးသီးတောင်မြို့နယ်သို့ ဝင်ရောက်လာသည့် မသင်္ကာသူနှစ်ဦးအား ယမန်နေ့ညပိုင်းက နယ်မြေခံရဲတပ်ဖွဲ့မှ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

မောင်တောမြို့နယ်မှ ဘူးသီးတောင်မြို့နယ် ဘုရားဖြစ် အောင်ပကျေးရွာတောင်ကျော်လမ်းအတိုင်း မသင်္ကာသူနှစ်ဦး ဝင်ရောက်လာကြောင်း သတင်းအရ ညောင်ချောင်းနယ်မြေရဲစခန်းမှ ရဲတပ်ဖွဲ့သည် ယမန်နေ့ည ၇ နာရီခွဲက သွားရောက်စစ်ဆေးရာ (ဘ)ဟာဘီအူလ္လာ၏သား ဇာမတ်တူဆောင်း(ခ) ဇာဟိုက်တူဆောင်း(၂၆)နှစ် ရှီးဒါးရပ်ကွက် မြင်းလွတ်မြို့နှင့် မောင်တောမြို့နယ် အောင်ပကျေးရွာနေ (ဘ)ရှော်ဘီရာမန်၏သား မာမက်ဇူဘိုင် (၂၇)နှစ် တို့အား ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

အဆိုပါ မသင်္ကာသူများကို စစ်ဆေးမေးမြန်းရာ ၎င်းတို့နှစ်ဦးမှာ လူငယ်များအားစည်းရုံးပြီး လူ/ လက်နက်စုဆောင်းကာ တိုက်ခိုက်မှုများ ဆောင်ရွက်ရန် လမ်းကြောင်း လာရောက်ကြည့်ရှုခြင်းဖြစ်ကြောင်းနှင့် တစ်ဖက်နိုင်ငံရှိ (RSO)အဖွဲ့နှင့် ပူးပေါင်းနေသူများဖြစ်ကြောင်း သိရှိရသဖြင့် ဥပဒေနှင့်အညီ အရေးယူနိုင်ရေး အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



မာမက်ဇူဘိုင်



ဇာမတ်တူဆောင်း(ခ)ဇာဟိုက်တူဆောင်း

# KIA တပ်ရင်း(၃၆)မှ တပ်သားအဆင့်ရှိသူတစ်ဦး လက်နက်၊ ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၂၃**

ရှမ်းပြည်နယ် အရှေ့မြောက်ဒေသ ကြူကုတ် (ပန်ဆိုင်း) မြို့အနီးတွင် ယနေ့နံနက်ပိုင်းက တပ်မတော်စစ်ကြောင်းသည် KIA လက်နက်ကိုင်အဖွဲ့မှ တပ်သားတစ်ဦးကို လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ နယ်မြေလုံခြုံရေး ဆောင်ရွက်နေသည့် တပ်မတော်စစ်ကြောင်းသည် ယနေ့နံနက်ပိုင်းတွင် ကြူကုတ်(ပန်ဆိုင်း)မြို့၏ အရှေ့တောင်ဘက် ၃ မိုင်ခန့်ရှိ တောင်ယာတဲတစ်လုံးအား ရှင်းလင်းစဉ် KIA တပ်ရင်း(၃၆)မှ တပ်သားအဆင့်ရှိ မန်အောကိုဖမ်းဆီးရမိခဲ့ပြီး ယင်းနေရာတစ်ဝိုက်ရှင်းလင်းခဲ့ရာ အမ်- ၂၂ သေနတ်သုံးလက်၊ ယင်းကျည်အိမ် လေးခု၊ ယင်းကျည်အတောင့် ၃၁၀၊ အာပီဂျီ ဒုံးသီး(ပို့ကျည်အပါ) ရှစ်လုံး၊ လက်ပစ်ဗုံးနှစ်လုံး၊ ကျည်ကာအင်္ကျီ လေးထည်နှင့် ကျည်ကာဦးထုပ် လေးလုံးတို့ကို သိမ်းဆည်းရမိခဲ့ခြင်းဖြစ်သည်။

အဆိုပါ နေရာတစ်ဝိုက်အား တပ်မတော် စစ်ကြောင်းများက ဆက်လက် ရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဒိုင်နာယာဉ်နှင့် ဆိုင်ကယ်မျက်နှာချင်းဆိုင်တိုက်မှုဖြစ်

**ရန်ကုန် ဇန်နဝါရီ ၂၃**

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်(၁၀)မြောက်ရပ်ကွက် ဧရာဝဏ်လမ်းမကြီးပေါ်တွင် ဇန်နဝါရီ ၂၃ ရက် မွန်းလွဲ ၂ နာရီခွဲက မျက်နှာချင်းဆိုင်မှမောင်းနှင်လာသော ရာဇသောက်ရေသန့်တင် ဒိုင်နာယာဉ်အား ဆိုင်ကယ်စီးနှင်းလာသူမှ တစ်ဖက်ယာဉ်ကြောပေါ်သို့ရောက်ရှိပြီး ဝင်ရောက်တိုက်မိခဲ့သည်။

ဒိုင်တာယာဉ်မောင်းမှာ ဦးထွန်းလင်းဦး(၃၃နှစ်) ဖြစ်ပြီး ယာဉ်မှတ် 6F/ ----- ဖြစ်ကြောင်း ဆိုင်ကယ်မောင်းနှင်လာသူမှာ ဦးဝင်းဗိုလ်(၄၂နှစ်) ဒဂုံမြို့သစ်(တောင်ပိုင်း) နေသူဖြစ်ကြောင်း သိရ သည်။

ယာဉ်တိုက်မှုကြောင့် ဆိုင်ကယ်စီးနှင်းသူ ပြင်းထန်စွာဒဏ်ရာရရှိသဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ အတွင်းလူနာ(စိုးရိမ်ရ)အဖြစ်တင်ပို့ကုသလျက်ရှိသည်။

ယာဉ်တိုက်မှု ဖြစ်စဉ်အား ရန်ကုန်တိုင်းယာဉ်ထိန်းရဲတပ်ဖွဲ့ ဒုရဲအုပ်သန်းနိုင်နှင့်အဖွဲ့က အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုကြီးစိုး(ဆိပ်ကမ်း)**

# KIA လက်နက်ကိုင်အဖွဲ့မှ ဒုတိယတိုက်နယ်မှူးအဆင့်ရှိသူ ဖမ်းမိ

**နေပြည်တော် ဇန်နဝါရီ ၂၃**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မိုင်းနောင်ကျေးရွာတွင် ဇန်နဝါရီ ၂၀ ရက် နံနက်ပိုင်းက KIA လက်နက်ကိုင်အဖွဲ့မှ ဒုတိယတိုက်နယ်မှူးအဆင့်ရှိသူ တစ်ဦးအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မိုင်းနောင်ကျေးရွာရှိ ဘုန်းကြီးကျောင်းသို့ ဇန်နဝါရီ ၂၀ ရက် နံနက် ၈ နာရီ ၁၅ မိနစ်ခန့်က KIA တပ်ရင်း(၂၆)မှ ဒုတိယတိုက်နယ်မှူးအဆင့်ရှိ နော်ခွန်းရောက်ရှိနေကြောင်း သတင်းအရ နယ်မြေခံတပ်မတော်စစ်ကြောင်းနှင့် တာဝန်သိပြည်သူများက ပူးပေါင်းဖမ်းဆီးခဲ့ရာ မော်တော်ဆိုင်ကယ်တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဖမ်းဆီးရမိသူအား စစ်ဆေးမေးမြန်းရာ ၎င်းသည် KIA လေ့ခွန်တိုက်နယ်မှ ဒုတိယတိုက်နယ်မှူး အဆင့်ရှိသူဖြစ်ပြီး မိုင်းနောင်ကျေးရွာ စုစည်းရပ်ကွက်ရှိ ခေါင်ဇယ်၏ နေအိမ်၌ အခြေပြုလှုပ်ရှားကြောင်း သိရသဖြင့် ယင်းနေ့ ညနေပိုင်းတွင် နယ်မြေခံတပ်မတော်စစ်ကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် ခေါင်ဇယ်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ Drone တစ်စင်းနှင့် လက်တော့ပ်ကွန်ပျူတာ တစ်လုံးတို့အား ရှာဖွေသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**



# လာမည့်ငါးနှစ်သက်တမ်းအတွက် ရုရှားအာဏာရပါတီ ဥက္ကဋ္ဌအဖြစ် မက်ဗီဒက်ကိုရွေးချယ်



**မော်စကို ဇန်နဝါရီ ၂၃**

ရုရှားနိုင်ငံဝန်ကြီးချုပ် ဒီမီထရီမက်ဗီဒက်သည် ရှေ့လာမည့် ငါးနှစ်တာသက်တမ်းအတွက် ရုရှားအာဏာရပါတီ၏ ဥက္ကဋ္ဌအဖြစ် ယမန်နေ့က ပြန်လည်အရွေးခံရကြောင်း သိရသည်။

မက်ဗီဒက် ပြန်လည်အရွေးခံရကြောင်းကို ပါတီ၏ အဆင့်အမြင့်ဆုံးကောင်စီ ဥက္ကဋ္ဌ ဘောရစ်ဂရီဆလော့ဗ်က ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။

ရုရှားနိုင်ငံသမ္မတ ဗလာဒီမာပူတင်သည် ပါတီဥက္ကဋ္ဌအဖြစ် မက်ဗီဒက်မတိုင်မီက တာဝန်ယူခဲ့သည်။ ၂၀၀၁ ခုနှစ်တွင် စတင်တည်ထောင်သော ရုရှားစုစည်းညီညွတ်ရေးပါတီသည် ၂၀၁၆ ခုနှစ် စက်တင်ဘာလက ကျင်းပခဲ့သည့် အထွေထွေရွေးကောက်ပွဲအပြီး ရုရှားနိုင်ငံ အောက်လွှတ်တော်တွင် အမတ်နေရာ ၄၅၀ ရှိသည့်အနက် ၃၄၃ နေရာ ရရှိခဲ့သည်။

ရုရှားပြည်သူများသည် အခက်အခဲများနှင့် ကြုံတွေ့နေစဉ်တွင် ရုရှားစုစည်းညီညွတ်ရေးပါတီကို မဲပေးခြင်းဖြင့် အစိုးရအပေါ် ယုံကြည်ကြောင်း ပြသခဲ့သည်ဟု ပူတင်က လွှတ်တော်ရွေးကောက်ပွဲအပြီး ပြောကြားသည်။

ရုရှားစုစည်းညီညွတ်ရေးပါတီသည် အောက်လွှတ်တော်တွင် အနိုင်ရရှိခြင်းအားဖြင့် ၂၀၁၈ ခုနှစ်တွင် ကျင်းပမည့် ရုရှားသမ္မတ ရွေးကောက်ပွဲအတွက် အကျိုးရလဒ်တစ်ခု ဖြစ်နိုင်ကြောင်း သိရသည်။

**(ဆင်ဟွာ)**

# ဆမ်ဆောင်း Note 7 ဘက်ထရီလောင်မှု ဖြစ်ပွားပြီးနောက် စမတ်ဖုန်းအသစ်ထုတ်လုပ်မှု နှောင့်နှေးကြန့်ကြာနိုင်

**ဆိုးလ် ဇန်နဝါရီ ၂၃**

ဆမ်ဆောင်း Note 7 စမတ်ဖုန်းဘက်ထရီ မီးစွဲလောင်မှုဖြစ်ပွားရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်ခဲ့ရပြီးနောက်တွင် ဆမ်ဆောင်းအီလက်ထရွန်နစ်ကုမ္ပဏီလီမိတက်က ဆမ်ဆောင်း၏ နောက်ဆုံးထွက် Glaxy S စမတ်ဖုန်းနမူနာပုံစံသစ် ထွက်ရှိလာရန် နှောင့်နှေးကြန့်ကြာလိမ့်မည်ဖြစ်ကြောင်း တနင်္လာနေ့က ဖော်ပြခဲ့သည်။

လများစွာကြာအောင် စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်ခဲ့ရပြီးသည့်နောက်တွင် ကမ္ဘာ့ထိပ်တန်း စမတ်ဖုန်းကုမ္ပဏီက ကုန်ပစ္စည်း၏အရည်အသွေးဆိုင်ရာ ပြစ်ချက်ပေါ်ပေါက်မှုသည် ဘက်ထရီပိုင်းဆိုင်ရာအမှားအယွင်းကြောင့်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ အဆိုပါပြစ်ချက်က ထုတ်လုပ်မှုမှရရှိမည့်အကျိုးအမြတ် အမေရိကန်ဒေါ်လာ ၅ ဒသမ ၃ ဘီလီယံကို လက်လွှတ်ဆုံးရှုံးသွားစေခဲ့သည်။

ဆမ်ဆောင်းကုမ္ပဏီအနေဖြင့် ပထမဆုံးသော အရည်အသွေးမြင့် Glaxy S8 စမတ်ဖုန်းသစ်ကို ထုတ်လုပ်ဖြန့်ချိနိုင်ရန်အတွက် ပြင်ဆင်နေသည်ဖြစ်ရာ အလားတူ မီးစွဲလောင်မှုမျိုး ထပ်မံမဖြစ်ပွားရန်အတွက် လုပ်ထုံးလုပ်နည်းစနစ်အဆင့်ဆင့်ကို ထည့်သွင်းသွားမည်ဖြစ်ကြောင်း ဆမ်ဆောင်းမိုဘိုင်းဖုန်းထုတ်လုပ်မှုဆိုင်ရာအကြီးအကဲ ကိုဒုံဂျင်းက ပြောကြားသည်။

စမတ်ဖုန်းဘက်ထရီပိုင်းဆိုင်ရာ ချွတ်ယွင်းမှုသည် ကုမ္ပဏီ၏ပုံရိပ်နှင့် ထုတ်လုပ်ရေးဆိုင်ရာ လုပ်ငန်းစဉ်များကို အကြီးအကျယ် ထိခိုက်စေခဲ့သည်ဟု ၎င်းက ပြောကြားခဲ့သည်။ **(ရိုက်တာ)**



# အသက် ၉၄ နှစ်ရောက်မှ ပညာရေးစန်းပွင့်နေသော အမေရိကန်အဘွားအို

**ဝါရှင်တန် ဇန်နဝါရီ ၂၃**

အသက် ၉၄ နှစ်ခန့်ရှိ အမေရိကန်နိုင်ငံသူ အဘွားအိုတစ်ဦးသည် ကောလိပ်တစ်ခုမှ ရမှတ်ကောင်းဖြင့် ဘွဲ့ရလာပြီးနောက် မဟာဘွဲ့ထပ်မံရယူရန် စိတ်အားထက်သန်နေကြောင်း သိရသည်။

ဟာဝိုင်ယီပြည်နယ်မှ အသက် ၉၄ နှစ်ရှိ အေမီကာတန်ဟုခေါ်သည့် အဘွားအိုတစ်ဦးသည် တောင်ပိုင်း နယူးဟမ့်ရှိုင်းယားတက္ကသိုလ်မှ ဖွင့်လှစ်ခဲ့သည့် နှစ်နှစ်ခွဲကြာ အွန်လိုင်းသင်တန်းတက်ရောက်ပြီးနောက် အရေးအသားဆန်းသစ်မှုကြောင့် အင်္ဂလိပ်စာဘာသာရပ်ဖြင့် ဘွဲ့ရရှိခဲ့ကြောင်း သိရသည်။

ကာတန်သည် လွန်ခဲ့သော ၅၄ နှစ်က ကောလိပ်သို့ရောက်ရှိခဲ့သော်လည်း ကလေးလေးဦးကြောင့် ပညာရေးကို ဆက်လက်လေ့လာရန် အခွင့်အရေး ဆုံးရှုံးခဲ့ရသည်။ ယခုအခါတွင် မြေး၊ မြစ်များပါ ရရှိနေပြီဖြစ်သော ကာတန် သည် ဘီးတပ်ကုလားထိုင်ဖြင့် သွားလာနေရသော်လည်း အွန်လိုင်းဘွဲ့ရယူရန် လျှောက်ထားခဲ့ရာမှ ကျောင်းသို့ပြန်လည်ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် မာစတာဘွဲ့ရယူရန် ကြိုးစားနေသည့် ကာတန်သည် ၎င်း၏ အချိန်အများစုကို ကဗျာအများစု ရေးသားခြင်းဖြင့် ကုန်ဆုံးလိုကြောင်း၊ ကလေးစာပေ ရေးသားသူတစ်ဦးဖြစ်လာရန် မျှော်လင့်ထားကြောင်း ပြောကြားခဲ့သည်။

ကာတန်သည် အောင်မြင်မှုလမ်းတစ်ဝက်သို့ ရောက်ရှိနေသည်ဟု ခံစားရပြီး သင်ယူစရာများစွာ ကျန်ရှိနေသေးကြောင်း ပြောခဲ့သည်။

တက္ကသိုလ်ဥက္ကဋ္ဌ ပေါလ်လီဘလန့်စ်က အေမီသည် ရာသက်ပန်သင်ယူသူတစ်ဦးဖြစ်ကြောင်း၊ ၎င်း၏ကြိုးစားမှုကို ကြည့်ခြင်းအားဖြင့် နောင်လာနောက်သားများအနေဖြင့် တစ်စုံတစ်ရာ စတင်သင်ယူရန်နှင့် အိပ်မက်များကို အကောင်အထည်ဖော်ရန် နောက်မကျသေးကြောင်း၊ အသိတရားရရှိရန် မျှော်လင့်ပါကြောင်း ပြောကြားခဲ့သည်။

**(ဆင်ဟွာ)**




# ဗုံးခွဲတိုက်ခိုက်မှုကျူးလွန်ရန် ကြံစည်သူကို ဖမ်းဆီး

**မြူးနစ် ဇန်နဝါရီ ၂၃**

ဂျာမနီတွင် အကြမ်းဖက်တိုက်ခိုက်မှုလုပ်ဆောင်ရန် ကြံစည်ခဲ့သည့်အသက် ၂၁ နှစ် အရွယ်အမျိုးသားတစ်ဦးကို ရဲအဖွဲ့က ဖမ်းဆီးခဲ့သည်။ အဆိုပါ အမျိုးသားသည် အယ်လ်ဘာနီယာရှိ ဂျီဟတ်စစ်သွေးကြွများနှင့် အဆက်အသွယ်ပြုလုပ်ခဲ့သည့် ဗီယင်နာမှ သံသယရှိသူ အမျိုးသားနှင့် အချိတ်အဆက်ရှိသူဖြစ်ကြောင်း ဂျာမန်ရှိ စုံစမ်းစစ်ဆေးရေးအဖွဲ့က တနင်္လာနေ့တွင် ပြောကြားခဲ့သည်။

ဒီဇင်ဘာလအတွင်းက တူနီးရှားနိုင်ငံသား ရွှေ့ပြောင်းသွားလာသူတစ်ဦးက ခရစ္စမတ်ဈေးကို တိုက်ခိုက်မှုလုပ်ဆောင်ခဲ့ပြီးနောက်တွင် ဂျာမနီအာဏာပိုင်များသည် အဆင့်မြင့် လုံခြုံရေးသတိပေးနှိုးဆော်မှုများ ပြုလုပ်ခဲ့ကြသည်။

ဂျာမနီနိုင်ငံရှိ Focus မဂ္ဂဇင်းက သံသယရှိသူအမျိုးသားသည် ရဲနှင့်တပ်ဖွဲ့ဝင်များအား ဗုံးခွဲတိုက်ခိုက်မှုလုပ်ဆောင်ရန် စီစဉ်ခဲ့သည်ဟု ဖော်ပြထားသည်။ အဆိုပါ အမျိုးသားနှင့် သြစတြီးယားနိုင်ငံ ဗီယင်နာ၌ ဖမ်းဆီးထားသော အမျိုးသားတို့သည် Neuss တိုက်ခန်းအဆောက်အအုံ၌ ပေါက်ကွဲစေနိုင်သော ပစ္စည်းကိရိယာများ တပ်ဆင်မှုပြုလုပ်ခဲ့ကြသည်ဟု တရားရုံးမှ ပြောဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။ **(ရိုက်တာ)**

# အိန္ဒိယတွင် ကြောက်မက်ဖွယ် ရထားလမ်းချော်တိမ်းမှောက်မှုကြောင့် ၃၂ ဦးထက်မနည်းသေဆုံး

**နယူးဒေလီ ဇန်နဝါရီ ၂၃**

အိန္ဒိယနိုင်ငံ အန်ဒရာပရာဒေ့ရှ်ပြည်နယ်တွင် စနေနေ့ကရထားတစ်စင်း လမ်းချော်တိမ်းမှောက်ခဲ့ရာမှ လူ ၃၂ ဦးထက်မနည်း သေဆုံးပြီး ၅၀ကျော် ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည်။

ဘူဘာနီဆွာမှ ဂျတ်ဒယ်လ်ပါသို့ ဦးတည်ခုတ်မောင်းလာသည့်ရထားသည် စနေနေ့ည နှောင်းပိုင်းက အန်ဒရာပရာဒေ့ရှ်ပြည်နယ်အတွင်းသို့ ဝင်ရောက်လာစဉ်တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။ အိပ်ခန်းတွဲများအပါအဝင် ရထားတွဲကိုးတွဲတို့မှာ ရုတ်တရက်ချော်ထွက်ကာ တိမ်းမှောက်သွားခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

ယခုဖြစ်ပွားသည့်ရထားလမ်းချော်မှုသည် အိန္ဒိယရထားပို့ဆောင်ရေးတွင် ဖြစ်ပွားခဲ့သည့် ရထားမတော်တဆဖြစ်ပွားခဲ့မှုများအနက် နောက်ဆုံးသိရသည့် မတော်တဆမှုဖြစ်သည်။ ပြီးခဲ့သည့် နိုဝင်ဘာလကလည်း အိန္ဒိယတွင် ရထားလမ်းချော် မှုကြောင့် လူတစ်ရာကျော် အသက်ဆုံးရှုံးခဲ့ရပြီဖြစ်သည်။ ဒီဇင်ဘာလ အတွင်းက ဖြစ်ပွားသည့်တိမ်းမှောက်မှုတစ်ခုတွင် လူ ၆၀ ထက်မနည်းဒဏ်ရာရရှိခဲ့သည်။

အိန္ဒိယနိုင်ငံ၏ ရထားပို့ဆောင်မှုကွန်ရက်ကို ခေတ်မီဆန်းသစ်စေရန် ဂျပန်နှင့် အခြားနိုင်ငံများက ကူညီပံ့ပိုးမှုများ လုပ်ဆောင်ပေးလျက်ရှိသည်။ အိန္ဒိယအစိုးရအနေဖြင့် ရထားစီးခရီးသွားပြည်သူများ၏ လုံခြုံစိတ်ချရမှုအတွက် ပိုမိုတိကျသေချာသည့် လုံခြုံရေးအစီအမံများကို အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်သင့်ပြီဖြစ်ကြောင်း ပညာရှင်တစ်ဦး၏သုံးသပ်ပြောကြားမှုကိုကိုးကားလျက် အိန္ဒိယမီဒီယာက ဖော်ပြခဲ့သည်။

**(အင်န်အီတ်ချ်ကေ)**



# ရန်ကုန်တိုင်းဒေသကြီးရှိ လေးမြို့နယ်အတွင်း အရက်၊ မူးယစ်ဆေးဝါးပညာပေး ရက်သတ္တပတ်လှုပ်ရှား

**ရန်ကုန် ဇန်နဝါရီ ၂၃**

ကမာရွတ်မြို့နယ် (၇)ရပ်ကွက် ကျွန်းတောလမ်းနှင့် ဟံသာဝတီလမ်းထောင့်ရှိ မူးယစ်ဆေးဝါးပပျောက်ရေးအထိမ်းအမှတ် ပြတိုက် အစည်းအဝေးခန်းမ၌ကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီးရှိ လေးမြို့နယ်အတွင်း အရက်၊ မူးယစ်ဆေးဝါး ပညာပေးရက်သတ္တပတ် လှုပ်ရှားမှုဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၂ ရက် မွန်းလွဲ ၁ နာရီက တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း တက်ရောက် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်တရားသူကြီးချုပ် ဦးဝင်းဆွေ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်းနှင့် အဆင့်မြင့်ရဲအရာရှိကြီးများ၊ တိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ဝင်များ၊ ရန်ကုန်မြို့အခြေစိုက် UNICEF မှ ဒုတိယဌာနေကိုယ်စားလှယ်နှင့်အဖွဲ့ဝင်များ၊ AHEAD လူငယ်အဖွဲ့၊ Teens and Dream လူငယ်အဖွဲ့တို့မှ စေတနာ့ဝန်ထမ်းလူငယ်မောင်မယ်များ၊ NGO,INGO ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူ စုစုပေါင်း ၁၃၀ ခန့် တက်ရောက်ခဲ့သည်။

အစီအစဉ်အရ UNICEF ဒုတိယဌာနေကိုယ်စားလှယ် Mr. Paul Edwards က မိတ်ဆက်စကားပြောကြားပြီး မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ် ဇော်ဝင်းက အကြိုနှုတ်ခွန်းဆက်စကားပြောကြားကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်နှင့် အဆင့်မြင့်အရာရှိကြီးများ၊ AHEAD လူငယ်အဖွဲ့၊ Teens and Dream လူငယ်အဖွဲ့တို့မှ စေတနာ့ဝန်ထမ်းလူငယ်မောင်မယ်များက ပညာပေး ရက်သတ္တပတ်ဖွင့်ပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ခဲ့ကြပြီး အဆိုပါဖွင့်ပွဲဆိုင်းဘုတ်၌ အမှတ်တရလက်မှတ်ရေးထိုးခြင်းနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။ **(ယာပုံ)**




အဆိုပါ အရက်၊ မူးယစ်ဆေးဝါးပညာပေးရက်သတ္တပတ်လှုပ်ရှားမှုကို ရန်ကုန်တိုင်းဒေသကြီးရှိ သန်လျင်၊ အင်းစိန်၊ ရွှေပြည်သာနှင့် လှိုင်သာယာမြို့နယ်တို့တွင် ဇန်နဝါရီ ၂၃ ရက်မှ ၂၈ ရက်အထိ တက္ကသိုလ်၊ ကောလိပ်များ၊ အခြေခံပညာကျောင်းများနှင့် ပြည်သူလူထုအတွင်း ပညာပေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဒုတိယအကြိမ် မကွေးတိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး ပထမနေ့ ကျင်းပ




**မကွေး ဇန်နဝါရီ ၂၃**

ဒုတိယအကြိမ် မကွေးတိုင်းဒေသကြီး လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၇)ပထမနေ့ကို ယနေ့ နံနက် ၁၀ နာရီက မကွေးတိုင်းဒေသကြီး လွှတ်တော်ခန်းမ၌ကျင်းပရာ မကွေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

လွှတ်တော် အစည်းအဝေးသို့ ကိုယ်စားလှယ် ၆၈ ဦး တက်ရောက်ခွင့်ရှိသည့်အနက် ၆၂ ဦး တက်ရောက်သည့်အတွက် ၉၁ ဒသမ ၁၈ ရာခိုင်နှုန်း တက်ရောက်ခဲ့သည်။ အစည်းအဝေးတွင် မကွေးတိုင်းဒေသကြီး၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေ၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများနှင့် ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ် မကွေးတိုင်းဒေသကြီး၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းကို စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးက လွှတ်တော်သို့တင်သွင်းခြင်း၊ ပြည်သူ့ငွေစာရင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာအား လွှတ်တော်သို့တင်သွင်းခြင်းနှင့် ရေးရာကော်မတီဝင်ခုတို့က ဆွေးနွေးခဲ့ကြပြီး ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ဒုတိယအကြိမ် မကွေးတိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၇) ပထမနေ့ကို ၁၀ နာရီ ၅၅ မိနစ်တွင် ရပ်နားကြောင်းနှင့် ဒုတိယနေ့အစည်းအဝေးကို ဇန်နဝါရီ ၂၄ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာ၍ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သန်းနိုင်ဦး(ဇဗဲ)**

# စင်ကာပူ၌ကျင်းပသည့် အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်တွင် မြန်မာနိုင်ငံမှ လူမှုအခြေပြုခရီးသွားလုပ်ငန်းဆု သုံးခုရရှိ

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**

**ရန်ကုန် ဇန်နဝါရီ ၂၃**

အာဆီယံနိုင်ငံများအတွင်း နှစ်စဉ်အလှည့်ကျကျင်းပလျက်ရှိသော အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်-၂၀၁၇ ကို စင်ကာပူနိုင်ငံ၌ ဇန်နဝါရီ ၁၆ရက်မှ ၂၀ ရက်အထိကျင်းပခဲ့ရာ မြန်မာနိုင်ငံမှ Community-Based Tourism Award (လူမှုအခြေပြုခရီးသွားလုပ်ငန်းဆု) သုံးခုရရှိခဲ့ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ သိရသည်။

"ဒီနှစ် ကျွန်မတို့ မြန်မာနိုင်ငံအနေနဲ့ ပထမဆုံး ချီးမြှင့်တဲ့ ရပ်ရွာလူမှုအခြေပြုခရီးသွားလုပ်ငန်းနဲ့ ပတ်သက်တဲ့ဆု (Community-Based Tourism Award ) ရရှိခဲ့တာပါ။ ပအိုဝ်းဒေသအဖွဲ့ပါတယ်။ ပခုက္ကူခရိုင် မြိုင်မြို့နယ်ပါတယ်၊ ကယားပြည်နယ် လွိုင်ကော်၊ ဒီးမော့ဆိုဘက်က ကျေးရွာတွေပါတယ်။ ပေးတာကတော့ နှစ်မျိုးပေးတာပေါ့။ ASEAN Community-Based Tourism (CBT) ရယ်၊ နောက် Homestay ရယ်။ ကျွန်မတို့နိုင်ငံမှာ Homestay က မကျင့်သုံးဘူးလေ။ ဒါကြောင့် တစ်မျိုးပဲ လက်ခံရရှိတာပါ။ အဲဒီတစ်မျိုးတည်းက သုံးဆုရခဲ့ တာပေါ့။ ဒီဆုက ပထမဆုံးအကြိမ်ပေးတာ။ ကျန်တဲ့ Homestay ဆိုတာကတော့ ပြည်သူလူထုတွေရဲ့နေအိမ်တွေမှာ ဧည့်သည်တွေ အတူတူနေတယ်။ အဲဒါက ကျွန်မတို့နိုင်ငံအနေနဲ့ အံမဝင်ဘူး။ အဲဒါကြောင့် အဲဒီစာရင်းကို မတင်ဘဲ Community-Based Tourism နဲ့ပဲ စာရင်းတင်လိုက်တာ။ Community-Based Tourism ကတော့ ကျေးရွာတွေမှာ နိုင်ငံခြားသားဧည့်သည်တွေ သွားရောက်တယ်။ ပြီးတော့ ရပ်ရွာလူထုကို အခြေပြုတယ်။ အဲဒီဆုသုံးခုရခဲ့တာပါ" ဟု ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်သန်းဝင်းက ပြောသည်။

အဆိုပါ Community-Based Tourism Award ဆု ကို ယခုနှစ်တွင် ပထမဦးဆုံးအကြိမ် စတင်ချီးမြှင့်ခြင်းဖြစ်ပြီး အာဆီယံနိုင်ငံများအတွင်း ၂၆ ဆုပေးရာ၌ မြန်မာနိုင်ငံအနေဖြင့် သုံးဆုရရှိခဲ့ခြင်းဖြစ်သည်။ ယင်းအာဆီယံလူမှုအခြေပြုခရီးသွားလုပ်ငန်းဆုများကို မကွေးတိုင်းဒေသကြီး မြိုင်လူမှုအခြေပြုခရီးသွားလုပ်ငန်း၊ ရှမ်းပြည်နယ် ပအိုဝ်းဒေသလူမှုအခြေပြုခရီးသွားလုပ်ငန်းနှင့် ကယားပြည်နယ် လွိုင်ကော်လူမှုအခြေပြုခရီးသွားလုပ်ငန်းတို့က ရရှိခဲ့ခြင်းဖြစ်သည်။ Community-Based Tourism သည် ရပ်ရွာလူမှုအခြေပြုခရီးသွားလုပ်ငန်းဖြစ်သောကြောင့် အဆိုပါကျေးလက်ဒေသနေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိကာ တစ်ဖက်တစ်လမ်းက ဝင်ငွေရရှိစေသည့်လုပ်ငန်းဖြစ်သည်။ Homestay မှာမူ ပြည်ပခရီးသွားဧည့်သည်များနှင့် အိမ်ရှင်မိသားစုများ အတူတူနေထိုင်ရသည့်အတွက် ကမ္ဘာ့နိုင်ငံအများစုတွင် တွင်ကျယ်စွာကျင့်သုံးလျက်ရှိသော်လည်း မြန်မာနိုင်ငံအနေဖြင့် ဓလေ့စရိုက်ချင်းမတူကွဲပြားမှုများရှိနေသောကြောင့် ယနေ့အထိ ကျင့်သုံးနိုင်မှုမရှိသေးကြောင်း သိရသည်။

"ကျွန်တော်တို့လုပ်နေတဲ့ ရပ်ရွာလူမှုအခြေပြု ခရီးသွားလုပ်ငန်းရဲ့တည်နေရာကတော့ ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးခရိုင်ထဲမှာ စုစုပေါင်းလေးရွာမှာ လုပ်ကိုင်နေပါတယ်။ အခုလို ASEAN Community-Based Tourism Award ဆုရတာ အတိုင်းမသိဝမ်းသာပါတယ်။ ကျွန်တော်တို့ လုပ်ကိုင်နေတဲ့ ရပ်ရွာလူမှုအခြေပြုခရီးသွားလုပ်ငန်းဟာ တစ်ဦးတစ်ယောက်တည်း လုပ်လို့မရပါဘူး။ အများပြည်သူနဲ့ ပူးပေါင်းပြီးဆောင်ရွက်ရတဲ့ လုပ်ငန်းဖြစ်တာကြောင့် ကိုယ့်ဒေသအတွက် ဂုဏ်ယူပါတယ်။ ဒီလုပ်ငန်းကို ကျွန်တော်တို့ဒေသမှာ ၂၀၁၅ ခုနှစ်ကမှ စတင်လုပ်ကိုင်ခဲ့တာပါ။ အခုလို ဆုရတယ်ဆိုတော့ အတိုင်းမသိဝမ်းသာပါတယ်။ ဒီစီမံကိန်းကလည်း ကျွန်တော်တို့ဘက်မှာ တစ်နှစ်ခွဲလောက်ပဲ ရှိသေးတာပါ။ အခု ဒီတစ်ခုရပြီး မတ် ၉ ရက်မှာ နောက်တစ်ခုသွားယူဖို့ ရှိပါသေးတယ်။ အဲဒါကတော့ ဂျာမနီနိုင်ငံမှာအခြေပြုတဲ့အဖွဲ့အစည်းကပေးတာပါ။ အဲဒီမှာလည်း Winner Award ဆုရခဲ့တယ်။ ကမ္ဘာမှာတော့ အဲဒီဆုက အမြင့်ဆုံးပေါ့။ ဒီလုပ်ငန်းက အောင်မြင်လာပြီဆိုတာနဲ့အမျှ လုပ်ငန်းတွေကို တိုးချဲ့လုပ်ကိုင်ရတော့မှာဖြစ်ပါတယ်။ ဒီဆုဟာ ကျွန်တော်တို့ဒေသအတွက်ကတော့ ခွန်အားတစ်ရပ်ပါ" ဟု ပအိုဝ်းဒေသခရီးသွားလုပ်ငန်း စီမံကိန်းမန်နေဂျာခွန်ထွန်းဦးက ဆုရရှိမှုနှင့်ပတ်သက်၍ ပြောသည်။




မြန်မာအဖွဲ့ လူမှုအခြေပြုခရီးသွားလုပ်ငန်းဆုယူအပြီး တွေ့ရစဉ်

အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်ကို မြန်မာနိုင်ငံအနေဖြင့် ပြီးခဲ့သော ၂၀၁၅ ခုနှစ်က အိမ်ရှင်အဖြစ် နေပြည်တော်တွင် လက်ခံကျင်းပခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် ဖိလစ်ပိုင်၊ ယခု ၂၀၁၇ ခုနှစ်တွင် စင်ကာပူနှင့် လာမည့် အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်-၂၀၁၈ ကို ဇန်နဝါရီ ၂၂ ရက်မှ ၂၆ ရက်အထိ ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

# နိုင်ငံတော်သံဃမဟာနာယကကျောင်းဆောင်များ၌ လေအေးပေးစက်တပ်ဆင်ရန် အလှူငွေများ ပေးအပ်လှူဒါန်း

**နေပြည်တော် ဇန်နဝါရီ ၂၃**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်သံဃ မဟာနာယကဆရာတော်ကြီးများ သီတင်း သုံးသည့် မဟာနာယကကျောင်းဆောင်ရှိ ဘုရားခန်းနှင့် အစည်းအဝေးခန်းတို့၌ လေအေးပေး စက်များတပ်ဆင်ရန် အတွက် မန္တလေးမြို့ မဟာအောင်မြေ မြို့နယ် ဒ-၃/၅၅၊ (၆၃)လမ်း၊ ၃၇/၃၈ လမ်းကြားနေ သီရိသုဓမ္မ မဏိဇောတဓရ ဒေါက်တာကျော်ဝင်းနှင့် သီဟသုဓမ္မသိင်္ဂီ ဒေါက်တာ ဒေါ်မြင့်မြင့် သန်းမိသားစုတို့က အလှူငွေကျပ် ၂၀၇၀၀၀၀၀ ကို ယနေ့ နံနက် ၁၀ နာရီက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရုံးအမှတ်(၃၁) ပြည်ထောင်စုဝန်ကြီး၏ ညှိနှိုင်းခန်းမ၌ ပေးအပ်လှူဒါန်းရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး သူရဦးအောင်ကိုက လက်ခံယူ ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## ဆေးရောင်ခြယ်ပြိုင်ပွဲနှင့် ပုံပြောပြိုင်ပွဲ ရေကြည်၌ကျင်းပ

**ရေကြည် ဇန်နဝါရီ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ပညာရေး ဝန်ထမ်းများပူးပေါင်းလျက် ယနေ့လူငယ် နောင်ဝယ်လူကြီးဖြစ်လာကြမည့် အနာဂတ်၏ ခေါင်းဆောင်များ ဘက်စုံထူးချွန်သည့် ကျောင်းသား ကျောင်းသူများ ထွက်ပေါ်လာစေရေးအတွက် မိမိကိုယ်ကို ယုံကြည်မှုစိတ်ခွန်အားများကို မြှင့်တင်ပေးသော လူမှုအခြေပြု စာကြည့်တိုက်ဝန်ဆောင်မှု မူလတန်းအဆင့် ဆေးရောင်စုံခြယ်ပြိုင်ပွဲနှင့် ပုံပြောပြိုင်ပွဲကို ဇန်နဝါရီ ၂၂ ရက် မွန်းတည့် ၁၂ နာရီက ရေကြည်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကလေးစာဖတ်ခန်း၌ ကျင်းပသည်။ အဆိုပါပြိုင်ပွဲတွင် အခြေခံပညာမူလတန်းကျောင်း ငါးကျောင်းမှ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၇ ဦး ပါဝင်ယှဉ်ပြိုင်ကြောင်း သိရသည်။

ပြိုင်ပွဲတွင် ဆုရရှိကြသော ကျောင်းသား ကျောင်းသူများအား မြို့နယ်ဦးစီးမှူး ဦးမြင့်သိန်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ထွေးနှင့် တာဝန်ရှိသူတို့က ပေးအပ်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# လယ်သူမနှစ်ဦး စလင်း၌ ဆန္ဒဖော်ထုတ်



**စလင်း ဇန်နဝါရီ ၂၃**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် တရားရုံးပြင်ပ၌ ဇန်နဝါရီ ၂၃ ရက် နံနက် ၁၀ နာရီက လယ်သူမနှစ်ဦး ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

ဆန္ဒဖော်ထုတ်ရခြင်းအကြောင်းမှာ စလင်းမြို့နယ် တောစိမ့်ကျေးရွာ၌ နေထိုင်ကြသည့် မမာချိုနှင့် မလှမျိုးခိုင်တို့သည် လယ်ယာမြေအငြင်းပွားမှု ဖြစ်ပွားရာ စလင်းတရားရုံး၏စီရင်ချက် အပေါ် ကျေနပ်မှုမရှိ၍ စလင်းမြို့နယ် မြို့နယ်မှူးထံ တရားဝင်ခွင့်ပြုချက် တင်ပြီး ခွင့်ပြုချက်အရ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးရှိ မြို့နယ်တရားရုံးအပြင်ဘက် သတ်မှတ်နေရာ၌ ဆန္ဒဖော်ထုတ်ခဲ့ကြရာ ရဲတပ်ဖွဲ့က စည်းကမ်းနှင့်အညီ လုံခြုံရေး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

## တိမ်အသင့်အတင့် ဖြစ်ထွန်း

**နေပြည်တော် ဇန်နဝါရီ ၂၃**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ရန်ကုန် တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။ (မိုး/ဇလ)

## မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထောက်အကူပြုပစ္စည်းများ လွှဲပြောင်းပေးအပ်

**ရန်ကုန် ဇန်နဝါရီ ၂၃**

မြန်မာနိုင်ငံရဲတပ်ဖွဲ့က မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန် အထောက်အကူပြုပစ္စည်း ၁၀ မျိုးကို ယနေ့ နံနက် ၉ နာရီက မူးယစ်ဆေးဝါးပပျောက်ရေးအထိမ်းအမှတ်ပြတိုက်(ရန်ကုန်)၌ မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျ နိုင်ငံသံအမတ်ကြီး H.E. Mr. Nicholas Coppel က မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်းထံသို့ လွှဲပြောင်းပေးအပ်သည်။

အဆိုပါလွှဲပြောင်းပေးအပ်ပွဲသို့ ဩစတြေးလျပြည်ထောင်စုရဲတပ်ဖွဲ့ဆက်ဆံရေးအရာရှိ Mr.Jared Taggart၊ အမှတ်(၂) လုံခြုံရေးကွပ်ကဲမှုအဖွဲ့ ကွပ်ကဲရေးမှူး ရဲမှူးချုပ်မြဝင်း၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ်ကျော်ဝင်း၊ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင်၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့(စီမံကိန်း)ဌာနမှူး ရဲမှူးကြီး ဇော်လင်းထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ရထားအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ် ပညာပေးဆောင်ရွက်

**ရန်ကုန် ဇန်နဝါရီ ၂၃**

"ပြည်သူ့သယ်ယူပို့ဆောင်ရေးကဏ္ဍ တိုးတက်ဖို့ မြို့ပတ်ရထားလမ်းနှင့် ရထား အန္တရာယ်ကင်းရှင်းမှုမြှင့်တင်စို့" ဟူသော ဆောင်ပုဒ်ဖြင့် ခရီးသွားပြည်သူများအား အသိပညာပေး သီတင်းတစ်ပတ်လှုပ်ရှားမှု အခမ်းအနားတစ်ရပ်ကို ယနေ့နံနက်ပိုင်းက ရန်ကုန်ဘူတာကြီး စင်္ကြံ ၅/၆ တို့၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မြန်မာ့မီးရထားမှ အောက်မြန်မာပြည်အထွေထွေမန်နေဂျာ ဦးထွန်းအောင်သင်းက "ဒီနေ့ပြုလုပ်တဲ့ အခမ်းအနားကတော့ ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်းရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်ပါတယ်။ ဒီစီမံကိန်းမှာ အဓိကရည်ရွယ်ချက်ကတော့ မြို့ပတ်ရထားလမ်း တစ်လျှောက်ပြေးဆွဲနေတဲ့ ရထားတွေ အန္တရာယ်ကင်းရှင်းဖို့၊ ရထားစီးခရီးသွားပြည်သူတွေ အန္တရာယ်ကင်းရှင်းဖို့ အကောင်အထည်ဖော် ဆောင်ရွက်တာဖြစ်ပါတယ်။ ဒီစီမံကိန်းမှာ အန္တရာယ်ကင်းရှင်းဖို့အတွက် ရထားလမ်း တစ်လျှောက် အန္တရာယ်ဇုန်တွေရှိပါတယ်။ ဒီနေရာတွေမှာ ရေရှည်အသိပညာပေးမှုတွေဆောင်ရွက်ပြီး မတော်တဆမှုတွေကို လျှော့ချသွားရမှာဖြစ်ပါတယ်" ဟု ပြောကြားသည်။



မြို့ပတ်ရထားလမ်းတစ်လျှောက်၌ ၂၀၁၂ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ မတော်တဆထိခိုက်မှု ၂၄၅ ကြိမ်ဖြစ်ပွားခဲ့ကြောင်း၊ ယင်းကဲ့သို့ မတော်တဆမှုများဖြစ်ပွားရခြင်းမှာ ရထားလမ်းဖြတ်ကူးစဉ် ရထားဖြင့်တိုက်မိခြင်း၊ ရထားမောင်းနှင်နေစဉ် ရထားပေါ်မှခုန်ချခြင်း၊ ရထားပေါ်သို့ ခုန်တက်ခြင်း၊ ရထားလမ်းပေါ် အိပ်ခြင်း၊ ရထားလမ်းပေါ် လမ်းလျှောက်စဉ် တိုက်မိခြင်းတို့ဖြစ်ကြောင်း သိရသည်။

"အခု အနေးမောင်းနေတာတောင် ဒီလောက်ဖြစ်နေရင် နောင်ဆိုရင် ရန်ကုန်မြို့ပတ်ရထားလမ်းအဆင့်မြှင့်တင်ပြီးတာနဲ့ တစ်နာရီ ကီလိုမီတာ ၆၀ နှုန်းအထိ မောင်းမှာဖြစ်တဲ့အတွက် ပိုပြီးသတိထားကြဖို့လိုပါတယ်" ဟုလည်း ဦးထွန်းအောင်သင်းက ပြောကြားသည်။

ရထားအန္တရာယ် ကင်းရှင်းရေးအတွက် မြို့ပတ်ရထားလမ်းတစ်လျှောက် ဘူတာပေါင်း ၃၈ ဘူတာ၌ ပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ဆိုင်းဘုတ်များချိတ်ဆွဲခြင်း၊ ရထားလမ်း ဘူတာစင်္ကြံများ အဆင့်မြှင့်တင်ခြင်း၊ ခြံစည်းရိုးများ ကာရံခြင်း၊ လူကူးခုံးကျော်တံတားများ တည်ဆောက်ခြင်းတို့ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရထားအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်ကို ဇန်နဝါရီ ၂၃ ရက်မှ ၂၉ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ဘူတာများ၌ ရထားဝန်ထမ်းများက ခရီးသွားပြည်သူများအား လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ အသိပညာပေးဆောင်ရွက်ခြင်းများကို ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ရေး စီမံကိန်းကို ၂၀၁၄ ခုနှစ်ကတည်းက ဂျိုက်ကာနှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိကြောင်း၊ ယင်းစီမံကိန်းပြီးစီးပါက မြို့ပတ်ရထားများကို တစ်နာရီ ကီလိုမီတာ ၆၀ နှုန်းဖြင့် မောင်းနှင်မည် ဖြစ်ကြောင်း သိရသည်။

ယခုအခါ ရန်ကုန်မြို့ပြ ဘတ်စ်ကားစနစ်ပြောင်းလဲလိုက်ပြီးနောက် မြို့ပတ်ရထားစီးသူဦးရေ တစ်နေ့တခြား များပြားလာနေကြောင်း၊ အထူးသဖြင့် ဆင်ခြေဖုံးမြို့များမှ မြို့တွင်းသို့ လာရောက်ရာတွင် ဘတ်စ်ကားလိုင်းထက် ရထားမှာ ပို၍ အဆင်ပြေလာသည့်အတွက် မြို့ပတ်ရထားများ စီးနင်းသူများပြားလာကြောင်း၊ ကားခထက် ရထားစီးခမှာ များစွာ သက်သာသည့်အတွက်ကြောင့်လည်း ရထားစီးမှုများပြားရခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# ဆယ်မိုင်ရွာသစ်ကျေးရွာ၌ ဘက်ထရီရှော့ခ်ဖြစ်ရာမှ နေအိမ်တစ်လုံးမီးလောင်

**မိုးညှင်း ဇန်နဝါရီ ၂၃**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ဆယ်မိုင်ရွာသစ်ကျေးရွာ၌ ဇန်နဝါရီ ၂၃ ရက်က ဆိုလာပြားအားသွင်းရာမှ ဘက်ထရီရှော့ခ်ဖြစ်ပြီး လူနေအိမ်တစ်လုံး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၂၃ ရက် ညနေ ၅ နာရီခန့်က ဆယ်မိုင်ရွာသစ်ကျေးရွာ ဘုရားကုန်းရပ်ကွက်နေ ဒေါ်မြခင်(၆၀နှစ်)သည် ယာခင်းထဲသို့ ရောက်ရှိနေစဉ် နေအိမ်၌ ကျန်ရစ်သူ ခြောက်နှစ်အရွယ် မြေးငယ် စွမ်းထက်အောင်၊ လေးနှစ်အရွယ် သက်ဖြိုးအောင်၊ ငါးလသားအရွယ် ဝေဖြိုးသူတို့သည် ယင်းနေအိမ်ခေါင်မိုးပေါ်ရှိဆိုလာပြားမှ ဘက်ထရီဖြင့် အားသွင်းထားသည့်ဖုန်းကို ဆော့ကစားနေစဉ် ဘက်ထရီရှော့ခ်ဖြစ်၍ မီးလောင်ကျွမ်းခဲ့သဖြင့် ဆယ်မိုင်ကျေးရွာ ဒေသခံများက ဝိုင်းဝန်းငြှိမ်းသတ်နိုင်ခဲ့ရာ ညနေ ၅ နာရီ ၁၅ မိနစ်ခန့်တွင် မီးငြှိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။



အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ အိမ်ရှင်ဖြစ်သူ ဒေါ်မြခင်အား အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **နီတိုး**

# လက်နက်ကိုင်ဆောင်ပြီး မူးယစ်ဆေးရောင်းချသူကို ဖမ်းဆီးစဉ် သေနတ်ဖြင့်ခုခံရန် ကြိုးစား

**ဘားအံ ဇန်နဝါရီ ၂၃**

ဘားအံမြို့နယ် ကော့ဝါးဆူးကျေးရွာ၌ ဇန်နဝါရီ ၂၂ ရက် နံနက်က စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ ကိုးလုံးကျည်ဖြင့် ပစ်ခတ်၍ရသည့် လုပ်သေနတ်တစ်လက်၊



ယင်းကျည်တစ်တောင့်တို့နှင့်အတူ မူးယစ်ဆေးဝါးရောင်းချသူအား ဖမ်းဆီးရမိခဲ့သဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း ရဲတပ်ဖွဲ့သတင်းထုတ်ပြန်ချက်အရ သိရသည်။

ဇန်နဝါရီ ၂၂ ရက် နံနက် ၅ နာရီ မိနစ် ၅၀ က ဘားအံခရိုင် မှုခင်းနှိမ်နင်းရေးအဖွဲ့ခေါင်းဆောင် ရဲအုပ်သက်စိုးဦး ဦးစီးအဖွဲ့၊ ထုံးအိုင်နယ်မြေရဲစခန်းမှ ညပိုင်းလှည့်ကင်းတာဝန်ကျတပ်ဖွဲ့ဝင်များသည် ကော့မူးတားကျေးရွာအုပ်စု ကော့ဝါးဆူးကျေးရွာနေ ခေါင်းဖြူ(ခ)ဦးအောင်သိန်း (ခ)ဝလုံးသိမ့် (၄၅နှစ်)သည် လက်နက်ကိုင်ဆောင်ကာ မူးယစ်ဆေးဝါးများအား လှည့်လည်ရောင်းချနေကြောင်း သတင်းအရ ၎င်းအားဖမ်းဆီးရန် ကော့ဝါးဆူးကျေးရွာအနီး ချောင်းဘေးမှ ကင်းပုန်းဝပ်စောင့်ဆိုင်းနေစဉ် တွေ့ရှိသဖြင့် ရပ်တန့်စစ်ဆေးရာ သေနတ်ဖြင့် ပြန်လည်ပစ်ခတ်ရန် ကျည်ထိုးသဖြင့် ရဲတပ်ဖွဲ့များက ဝင်ရောက်လုံးထွေးဖမ်းဆီးခဲ့ရသည်။ ၎င်းအားရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၇၅ ပြား၊ အလေးချိန် ၄၇ ဒသမ ၇ ဂရမ်၊ ကာလတန်ဖိုးငွေကျပ် ၁၄၃၁၀၀၀ ခန့်၊ အရှည်ရှစ်လက်မခန့်ရှိ ကိုးလုံးကျည်လုပ်သေနတ်တစ်လက်နှင့် ယင်းကျည်တစ်တောင့်တို့ကို သိမ်းဆည်းရမိခဲ့သည်။

ထို့နောက် ရဲအုပ်သက်စိုးဦးက လက်နက်ကိုင်ဆောင်ပြီး မူးယစ်ဆေးဝါးရောင်းချခဲ့သူ ခေါင်းဖြူ (ခ) အောင်သိန်း (ခ) ဝလုံးသိမ့်အား ဥပဒေအရအရေးယူပေးရန် ထုံးအိုင်နယ်မြေရဲစခန်း၌ တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ ထုံးအိုင်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မင်းသူ / ထွန်းထွန်းထွေး(ဘားအံ)**

# ယာဉ်မောင်းအိပ်ငိုက်၍ လမ်းလယ်ကျွန်းပေါ်ရှိ သစ်ပင်ဝင်တိုက်

**နေပြည်တော် ဇန်နဝါရီ ၂၃**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ ဖြူးမြို့နယ် မိုင်တိုင်အမှတ် (၁၁၁/၁) နှင့် (၁၁၁/၂) အကြား ရန်ကုန်ဘက်မှ နေပြည်တော်သို့ ယာဉ်မောင်း စောဂီးဒိုတစ်ဦးတည်း မောင်းနှင်လာသော အဖြူရောင် MARK-II ယာဉ်သည် ဇန်နဝါရီ ၂၃ ရက် နံနက် ၀၀ နာရီ မိနစ် ၃၀ ခန့်က ယာဉ်မောင်းအိပ်ငိုက်ပြီး အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းပေါ်ရှိ သစ်ပင်ကို တိုက်မိခဲ့သည်။

ဖြစ်စဉ်ကြောင့် လူထိခိုက်မှုမရှိသော်လည်း ယာဉ်မှာ ခေါင်မိုးပိုင်းပျက်စီးသွားသည်။ ယာဉ်မောင်းအား ဖြူးမြို့အမြန်လမ်းမကြီးရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **သန်းဦး(လေးမျက်နှာ)**

# တောဆင်ရိုင်းသေဆုံးမှုနှင့်ပတ်သက်သောသူများ ထပ်မံဖမ်းဆီး

**တိုက်ကြီး ဇန်နဝါရီ ၂၃**

တိုက်ကြီးမြို့နယ် ဥက္ကံမြို့အရှေ့ဘက် ချောင်းစောက်ရွာတောင်ဘက် ဥက္ကံချောင်း၌ တောဆင်ရိုင်းတစ်ကောင် သေဆုံးနေမှုကို နိုဝင်ဘာ ၇ ရက်က တွေ့ရှိခဲ့၍ သစ်တောဦးစီးဌာနမှ တောအုပ်ဦးသက်နိုင်ဦးက ဥက္ကံရဲစခန်းတွင် အမှုဖွင့် စစ်ဆေးခဲ့ရာ ချောင်းစောက်ကျေးရွာအုပ်စုမှ သံသယရှိသူ ပြစ်မှုကျူးလွန်သူ ခြောက်ဦး ဖမ်းဆီးဖော်ထုတ်စစ်ဆေးချက်အရ ထွက်ပြေးတိမ်းရှောင်နေသူ ၁၄ ဦး အနက် ဆင်သားရေများ သယ်ဆောင်၍ ဥက္ကံသကြားစက်လမ်းဆုံ ရန်ကုန်ပြည်လမ်းသို့ ပို့ဆောင်ပေးသော လှူစာကုန်း ကျေးရွာနေ သူရ (၂၅နှစ်)ကို ဇန်နဝါရီ ၁၀ ရက် ည ၉ နာရီက ဥက္ကံရဲစခန်းက ထပ်မံဖမ်းဆီးရမိခဲ့သည်။

ထို့နောက် ဇန်နဝါရီ ၁၉ ရက်တွင် ထပ်မံ၍ ချောင်းစောက်ကျေးရွာအုပ်စု ကျောက်ပြင်သာရွာသားများဖြစ်သော နေလင်း(၂၅ နှစ်)၊ ဘိုဘို(၂၄ နှစ်)တို့အား ဖမ်းဆီးစစ်ဆေးရာ ၎င်းတို့နှစ်ဦးသည် တောဆင်ရိုင်းသား အစိတ်အပိုင်းများကို ချောင်းစောက်ကျေးရွာမှ မအူကုန်းအထိသယ်ပို့ပေးခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့ကြောင်း သိရသည်။ **ထွန်းလှိုင် (မြိုင်)**

# ယာဉ်တိုက်မှုဖြစ်ပွားရာ အမျိုးသားတစ်ဦးသေဆုံး

**နေပြည်တော် ဇန်နဝါရီ ၂၃**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက် ရတနာမဥ္ဇူလမ်းမကြီးနှင့် ရတနာဒီပလမ်းဆုံနေရာ၌ ဇန်နဝါရီ ၂၃ ရက်က ယာဉ်တိုက်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့နံနက် ၉ နာရီ ၁၅ မိနစ်က နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက် ရတနာမဥ္ဇူ လမ်းမကြီးနှင့် ရတနာဒီပလမ်းဆုံ၌ သက်နိုင်ဦး (၃၁နှစ်) မောင်းနှင်သည့် ဆိုင်ကယ်သည် ရတနာမဥ္ဇူလမ်းမကြီးအား ဖြတ်ထွက်မောင်းနှင်စဉ် အရှိန်မထိန်းနိုင်ဘဲ ဆိုင်ကယ်မှာ လဲကျတိမ်းမှောက်ခဲ့ပြီး ဆိုင်ကယ်နောက်တွင် လိုက်ပါလာသူ ဦးထွန်းဝင်း (၄၅ နှစ်)မှာ ဆိုင်ကယ်ပေါ်မှ လွင့်စဉ်၍ ပြုတ်ကျစဉ် အဆိုပါလမ်းမကြီးအတိုင်း ပျဉ်းမနား-တောင်ညိုကားလမ်းဘက်သို့ မင်းထက်အောင်(၂၆ နှစ်) မောင်းနှင်လာသော ဝန်ထမ်းကြို/ ပို့ယာဉ်၏ ဝဲဘက်နောက်ဘီးဖြင့် ကြိတ်မိခဲ့ရာ ဦးထွန်းဝင်းတွင် ဒဏ်ရာပြင်းထန်စွာရရှိခဲ့ပြီး အခင်းဖြစ်နေရာ၌ သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ သက်နိုင်ဦးအား အမှတ်(၉)နယ်မြေရဲစခန်းမှ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကိုပေါက်(ဥတ္တရမြေ)**

# တူမီးသေနတ်ကိုင်ဆောင်သူအား ဖမ်းဆီးအရေးယူ

**ရွှေကူ ဇန်နဝါရီ ၂၃**

ရွှေကူမြို့မရဲစခန်း စခန်းမှူး ဒုရဲမှူးမြင့်ဆွေနှင့်အဖွဲ့သည် ရွှေကူမြို့နယ်အတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် ရွှေကူမြို့နယ် ဓိသောင်ကျေးရွာအုပ်စု မံခါးကျေးရွာအနီး ဒေသအခေါ် နန့်ကျင်နီမံကင်ရွာသွားကားလမ်းပေါ်၌ ပြုံးချို (၃၂နှစ်) မဘိမ်းမြို့နယ်နေသူအား တူမီးလုပ်သေနတ်တစ်လက်နှင့်အတူ ခဲသီးခုနစ်လုံး၊ အုန်းဆံကာပတ်စ တစ်ခု၊ ယမ်းပုလင်းတစ်လုံး၊ ကတ်ကိုးခု၊ စိတ်ကြွရူးသွပ်ဆေးပြားငါးပြားကို တွေ့ရှိသိမ်းဆည်းခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ မြို့မရဲစခန်းက ပြစ်မှုကျူးလွန်သူပြုံးချိုအား ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လဘန်အောင်(ကချင်မြေ)**


**စည်းစိမ်မင်း 09-444450446, 09-250144709**
+အလောင်းတော်ကဿပ(သီးသန့်)35000 +ရွှေစက်တော်ဖွင့်ပွဲ(သီးသန့်)35000
+မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ၊ အလောင်းတော်ကဿပ 50000
+ပုဂံ(ရွှေဇီးခုံ/တန့်ကြည်)၊ ညောင်ဦး၊ ပုပ္ပါး၊ ပခုက္ကူ-သီဟိုဠ်ရှင် 40000
+ထားဝယ်(ရှင်ကိုးရှင်)၊ မောင်းမကန်၊ ဖော်လပြိုင်၊ ကျိုက္ကမီ၊ စက်ခဲ 65000
+တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကုံလုံ၊ ထမ့်စမ်း၊ ပွဲတော်ကတ္တူ 50000
ကျိုက်ထီးရိုး ချောင်းသာ January 27
Guest House/ Hotel

**ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်**
တာမွေမြို့နယ်၊ ကျောက်မြောင်းအထက်ရပ်ကွက်၊ ဩဘာလမ်း(အထက်ပိုင်း) ပေ(၁၅×၆၀)ပထမထပ်၊ အိပ်ခန်းနှစ်ခန်း၊ ပါကေးခင်း၊ သံပန်း၊ ဆန်းရိုက်၊ ဘိုထိုင်၊ ကိုယ်ပိုင်ရေမီးစုံ၊
သိန်း ၆၀၀(ညှိနှိုင်း)
ဖုန်း-၀၉-၅၂၀၃၃၅၉၊ ၀၉-၂၆၄၄၄၅၄၇၇

**မိဘအမည်မှန်**
ရမည်းသင်းမြို့၊ အထက(၁)၊ န၀မတန်း(E)မှ မောင်ထက်ထက်၏ ဖခင် ဦးအေးဗိုလ်၏ အမည်မှန်မှာ ဦးအေးဘို ဖြစ်ပါကြောင်း။

**ကားမျိုးစုံငှားနိုင်ပါသည်။**
ခရီးစဉ်မျိုးစုံအတွက် ကားမျိုးစုံနှင့် လစဉ်များလည်း ငှားနိုင်ပါသည်။ ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်ပါ။
MT&K Tours Ph:01-656573
09-31065335, 09-975599880

**ကျေးဇူးဆပ်ပါမည်**
လူမှုကူညီရေးအသင်း(သဃ်န်းကျွန်း)၏ သွင်းကုန်ပါမစ်(IP 3 16-17 0564 05/10/16)၊ ID နှင့် ဆိပ်ကမ်းမှ ထုတ်ပေးထားသော စာရွက်စာတမ်းများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပြန်လည်ပို့ပေးပါရန်။ (ကျေးဇူးဆပ်ပါမည်။)
ဦးသန်းထွန်း ဖုန်း-၀၉-၇၃၂၄၄၇၈၀




# မြန်မာ့ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အနာဂတ်

## မောင်ပါဝါ

*ဇန်နဝါရီ ၂၂ ရက်မှ အဆက်*

ဆောင်းပါးရှင်သည် တခြားမြစ်များ၊ ချောင်းများကို မီးမောင်းထိုး၍ မပြဘဲ သံလွင်မြစ်ကိုထုတ်နုတ်ဖော်ပြရခြင်း

ပုံ(၁၇)

**မြစ်သာရေလှောင်တမံစီမံကိန်း**



**ယင်းမာကျေးရွာ ဘုန်းတော်ကြီးကျောင်း(ယခင်)**



**ယင်းမာကျေးရွာ ဘုန်းတော်ကြီးကျောင်း(ယခု)**

မှာ သံလွင်မြစ်၏ပေါကြွယ်ဝလှသော ရေသယံဇာတအရင်းအမြစ်များသည် မိုးရာသီတွင် ပင်လယ်အတွင်းသို့ အလဟဿ စီးဆင်းလျက်ရှိနေသည့်အစား နိုင်ငံတော်နှင့် တိုင်းရင်းသားအားလုံး၏ လူမှုစီးပွားဖွံ့ဖြိုးမှုများအတွက် ထုတ်ယူအသုံးချရန် စဉ်းစားသင့်ခြင်းတို့ကြောင့် ဖြစ်ပါသည်။ ဤသို့ ထုတ်ယူရာတွင် ICOLD Guidelines များအဖြစ် ထုတ်ပြန်ခဲ့သော Dams and Environment (၁၉၉၃, ၁၉၉၄, ၁၉၉၅) Dams and Resettlement (၂၀၀၉) တို့ကို မှီငြမ်းလိုက်နာကျင့်သုံးပြီး စီမံကိန်း စနစ်ချမှတ်မှု (Project Formulation) တို့အား ပြန်လည်စဉ်းစားကာ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်များ ထိခိုက်မှုအနည်းဆုံးဖြစ်စေရန် ကုစားသည့်နည်းလမ်းများ (Mitigation Measures) ကျင့်သုံးလုပ်ဆောင်ရန်ဖြစ်ပါသည်။ တရုတ်နိုင်ငံဘက်မှ အထက်ပိုင်း (Upstream) သံလွင်မြစ် (နုကျန်း) ပေါ်တွင် ကြီးမားသောရေအားလျှပ်စစ်တမံများ (Mega Hydropower Dams) ကို တည်ဆောက်ဆဲနှင့် တည်ဆောက်မည့်အစီအမံများဖြင့် လုပ်ဆောင်လျက်ရှိချိန်တွင် ၎င်းတို့အား ကန့်ကွက်ရန် လက်တွေ့မဖြစ်နိုင်ပါ။ မိမိတို့နိုင်ငံဘက်မှသာ တစ်စုံတစ်ရာလုပ်ဆောင်မှုရှိရန် လိုအပ်ခြင်း၊ သံလွင်မြစ်ဝမှ ၎င်း၏အထက်ဘက် ရွှေဂွန်းမြို့အထိ (၄၉)မိုင် ရေလမ်းခရီးကိုသာ သွားလာနိုင်၍ သံလွင်မြစ်အထက်ပိုင်း တစ်လျှောက်လုံး မြစ်ကမ်းဝဲယာတွင် မြို့ ရွာ၊ လူနေအိမ်ရာများ မရှိသလောက်ဖြစ်၍ သဘာဝပတ်ဝန်းကျင်အပေါ် ရိုက်ခတ်မှုနှင့် ဆက်စပ်သည့် ထိခိုက်မှုနည်းပါးပြီး ကုစားနိုင်သော အတိုင်းအတာရှိနေခြင်း၊ စီမံကိန်းများကို အဆင့်လိုက်အကောင်အထည်ဖော်

ဆောင်ရွက်နိုင်ရေး စဉ်းစားသင့်ခြင်း စသည်တို့ကြောင့် ဖြစ်ပါသည်။ နမူနာအဖြစ် ၂၀၁၄ - ၂၀၁၅ ခုနှစ်တွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ပျဉ်းမနားမြို့နယ်အတွင်း ဆောင်ရွက်ပြီးစီး ခဲ့သော အထက်ပေါင်းလောင်းစီမံကိန်း (140 MW) ၏ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလအတွင်း ရေလှောင်တမံရေပိုလွှဲမှ ရေလျှံကျနေမှုကို **ပုံ(၁၄)** ဖြင့် ဖော်ပြထားပါသည်။

တမံအမြင့် ၃၂၅ ပေရှိ အထက်ပေါင်းလောင်းစီမံကိန်း တည်ဆောက်မှုကြောင့် ရေဝပ်ဧရိယာအတွင်း ကျရောက်သည့်ကျေးရွာ ၂၅ ရွာ၊ အိမ်ထောင်စု ၂၅၂၄ စု၊ လူဦးရေ ၉၇၅၅ ဦးကို စနစ်တကျ ရွာသစ်များ ထူထောင်ပြောင်းရွှေ့နေရာချထားပေးခဲ့ပါသည်။ အိမ်ရာအခြေခံအဆောက်အအုံများ၊ ဆက်သွယ်ရေးလမ်းတံတားများ၊ ကျေးရွာများလျှပ်စစ်မီးရရှိရေး၊ ၃၃-ကေဗွီ သီးသန့်ဓာတ်အားလိုင်း သွယ်တန်းတည်ဆောက်ပေးခြင်းနှင့် လယ်ယာမြေများ ဖော်ထုတ်ပေးခြင်း၊ ဆုံးရှုံးလယ်ယာ၊ ကိုင်း၊ ကျွန်း၊ ခြံသီးနှံ ဧက ၄၁၀၀ အတွက် နစ်နာကြေးပေးခြင်း၊ ထောက်ပံ့ကြေးပေးခြင်း စသည်တို့ဖြစ်ပါသည်။ နိုင်ငံတော်မှ နစ်နာကြေးအရပ်ရပ်နှင့် ထောက်ပံ့ကြေးပေးချေကုန်ကျငွေမှာ ၃၁၅၃၄ သန်းခန့်ဖြစ်ပါသည်။ ပြောင်းရွှေ့ကျေးရွာတစ်ရွာ၏ နမူနာပြ အခြေအနေများဖော်ပြထားမှုတို့ကို **ပုံ (၁၅)၊ ပုံ (၁၆)** တို့ဖြင့် ဖော်ပြပါသည်။

အလားတူပင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ဂန့်ဂေါမြို့နယ်အတွင်း တမံအမြင့် ၂၀၅ ပေ (40 MW) ရှိ မြစ်သာရေလှောင်တမံဘက်စုံစီမံကိန်း တည်ဆောက်မှုကြောင့် ရေမြုပ်ကျေးရွာလေးရွာ၊ အိမ်ထောင်စု ၃၇၅ စု ၊ လူဦးရေ ၁၉၉၃ ဦးတို့ကို စနစ်တကျရွာသစ်များ ထူထောင်ပြောင်းရွှေ့နေရာချထားပေးခဲ့ပါသည်။ ဆုံးရှုံးလယ်ယာမြေ ၁၅၈၂ ဧကခန့်အတွက်လည်း အစားထိုးလယ်ယာမြေများ ပြန်လည်ဖော်ထုတ်ပေးခြင်း၊

**မြစ်သာရေလှောင်တမံစီမံကိန်း**




ပုံ(၁၈)



**စင်ပုံကျေးရွာ(ယခု)**

ပုံ(၁၅)



**ထိန်ပင်ကျေးရွာဘုန်းတော်ကြီးကျောင်း(ယခု)**

ဆက်သွယ်ရေးလမ်းတံတားများ၊ လျှပ်စစ်မီးရရှိရေးလုပ်ငန်းများ၊ ဆုံးရှုံးလယ်ယာမြေနှင့် သီးနှံများ နစ်နာကြေး လူမှုရေးအထောက်အပံ့အကူအညီအရပ်ရပ် ပေးချေမှု ကုန်ကျစရိတ်မှာ စုစုပေါင်း သန်း ၁၉၉၀၀ ခန့်ဖြစ်ပါသည်။ အခြေခံအဆောက်အအုံများ ပြန်လည်ထူထောင်ပေးမှု အခြေအနေများကို **ပုံ (၁၇)၊ ပုံ (၁၈)** တို့ဖြင့် အကျဉ်းချုပ် ကောက်နုတ်ဖော်ပြထားပါသည်။

**ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အမျိုးအစားအလိုက် ထုတ်ယူသုံးစွဲမှု ကုန်ကျစရိတ်**

ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ထုတ်ယူသုံးစွဲမှုအတွက်

ပုံ(၁၆)




**အထက်ပေါင်းလောင်းစီမံကိန်း**




ပုံ(၁၅)

ကိန်းများကိုသာ တင်ပြလိုပါသည်။ စီမံကိန်းတချို့သည် နှစ်ကာလ အတော်ကြာကတည်းက နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှုအစီအစဉ်ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်သည်များရှိသကဲ့သို့ တွန်းအားပေးမှုအောက်တွင်

ပုံ(၁၆)




ကုန်ကျစရိတ်များမှာ ဒေသလိုက်၍ ကွဲပြားခြားနားမှုများရှိကြမည်ဖြစ်ပါသည်။ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အမျိုးအစားအလိုက် လျှပ်စစ်ထုတ်ယူသုံးစွဲမှုကို **ဇယား (၁၁)** ဖြင့် ဖော်ပြလိုပါသည်။

**ဆောင်ရွက်ဆဲရေအားလျှပ်စစ်စီမံကိန်းများ**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ညှိနှိုင်းစီမံထားသော ရေအား လျှပ်စစ်စီမံကိန်းအားလုံးကို ဆွေးနွေးခြင်းမပြုဘဲ အဓိက လက်တွေ့ကျသည့် ဆောင်ရွက်ဆဲရေအားလျှပ်စစ်စီမံ အဘက်ဘက်မှ ပံ့ပိုးမှုပြည့်စုံပါက BOT/ JV-BOT အစီအစဉ်များအရ ကာလတို (ဆို- ၃နှစ် / ၄ နှစ်)အတွင်း ပြီးစီးနိုင်မည့် အလတ်စား (Medium - scale) စီမံကိန်းများလည်း ပါဝင်ကြပါသည်။ နိုင်ငံတော်အနေဖြင့် လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးမှုလုပ်ဆောင်ရာတွင် လိုအပ်ရန်ပုံငွေ ပံ့ပိုးဖြည့်ဆည်းမှုများကို ဦးစားပေးရန် လိုအပ်ပါသည်။

*ဆက်လက်ဖော်ပြပါမည်*

**ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အမျိုးအစားအလိုက် ကုန်ကျစရိတ်**

**Energy Renewable Technologies - Generating Costs**

| Power Generation | Typical Characteristics (MW/kW) | Cost/ kWh (U.S. cents) |
|---|---|---|
| Large Hydro | 10 – 18,000 MW | 3 – 5 |
| Small Hydro | 1 – 10 MW | 5 –12 |
| On-shore Wind | 1.5 – 3.5 M | 5 – 9 |
| Off-shore Wind | 1.5 – 5 MW | 10 –14 |
| Biomass Power | 10 – 20 MW | 5 – 12 |
| Geothermal Power | 1 – 100 MW | 4 – 7 |
| Rooftop Solar PV | 2 – 5 kW | 20 – 50 |
| Utility-scale Solar PV | 200 kW – 100MW | 15 – 30 |
| Concentrating Solar Thermal Power (CSP) | 50 – 500 MW (trough), 10 – 20 MW (tower) | 14 – 18 (trough) |

Source: REN 21, Renewable - Global Status Report (2016)

ဇယား (၁၁)

ပုံ(၁၄)



**အထက်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်း(၁၄၀မဂ္ဂါဝပ်)**

# ကျွန်တော်နဲ့စာဖတ်ခြင်း



## ပါမောက္ခ၊ ဒေါက်တာအောင်ထွန်းသက်

နေ့လယ်က ဓမ္မစေတီလမ်းမှာရှိတဲ့ မားကက်ပလေ့(စ်)ကို ဇနီးနဲ့ရောက်ခဲ့တယ်။ သူဈေးဝယ်နေတာကိုစောင့်ရင်း အမျိုးသားတစ်ဦးက လာပြီးနှုတ်ဆက်တယ်။ စာဖတ်ပရိသတ်တစ်ဦးဖြစ်ကြောင်း၊ အကြံပေးလိုကြောင်း ဂရုတစိုက် လာနှုတ်ဆက်ရှာတယ်။ ကျွန်တော်ဟာ စာရေးနေပေမယ့် ကိုယ့်ကိုယ်ကိုယ် စာရေးဆရာတစ်ဦးအနေနဲ့ မယူဆမိဘူး။ စာရေးတဲ့သူတစ်ဦးအနေနဲ့သာ ထင်မိတာ။ အခုဆို မြန်မာ့အလင်း သတင်းစာမှာ တစ်ပတ်တစ်ခါ ဆောင်းပါးရေးဖြစ်တယ်။ မန္တလေးမြို့ရတနာပုံသတင်းစာမှာလည်း တစ်ပတ်တစ်ခါရေးဖြစ်တယ်။ မန္တလေးမှာရေးတာက ပုံစံတစ်မျိုး၊ သတင်းထောက်တစ်ဦးက ကျွန်တော့်ဆီ တစ်ပတ်တစ်ခါ ဖုန်းနဲ့ဆက်သွယ်တယ်။ သူမေးချင်တဲ့ သိချင်တဲ့ မေးခွန်းတွေ ပြုစုပြင်ဆင်ထားတယ်။ သူမေးသမျှကို မိနစ် ၃၀ လောက် ကျွန်တော်ဖြေလိုက်ရင် ဆောင်းပါးတစ်ပုဒ်ကောင်းကောင်းရတယ်။ အခုဆို ဆောင်းပါး ၅၀ ကျော်ခဲ့ပြီမို့ စာအုပ်တစ်အုပ်တောင် ထုတ်ဝေနိုင်ခဲ့တယ်။ အမှန်တော့ ကျွန်တော် Voice မဂ္ဂဇင်းမှာ စရေးဖြစ်တယ်။ ကွယ်လွန်သွားတဲ့ ဒေါက်တာနေဝင်းအောင်ရဲ့တိုက်တွန်းချက်အရ ကျွန်တော်ပြုလုပ်တဲ့ ဟောပြောပွဲတွေကို အခြေခံပြီး "ဟောပြောပွဲအတွေ့အကြုံ" ခေါင်းစဉ်နဲ့ တစ်ပတ်တစ်ကြိမ် ရေးဖြစ်တယ်။ အပုဒ် ၅၀ လောက်ရတော့ စာအုပ်တစ်အုပ်ထုတ်ခဲ့တယ်။ ကျွန်တော်ရေးထားတဲ့ ကျန်တဲ့ဆောင်းပါးတွေ ရှာမရဘူးဆိုတော့ နှမြောနေမိတယ်။ ဒါကလည်း ကျွန်တော့်အပြစ်ပါပဲ။ ရေးသမျှကို မိတ္တူကူးထားသင့်တာ အရင်တစ်ပတ်က မဂ္ဂဇင်းတိုက်က တာဝန်ရှိတဲ့သူတွေနဲ့တွေ့တော့ ဆောင်းပါးတွေ ပြန်တွေ့ကြောင်း ဝမ်းသာစရာသတင်းကြားခဲ့ရတယ်။ အခုတော့ ဒီဆောင်းပါးတွေကို စုပေါင်းပြီး စာအုပ်ထုတ်နိုင်ပြီမို့ အလွန်ပျော်ရပါတယ်။

ကျွန်တော့်ကို မိတ်ဆွေတွေ၊ အသိတွေ၊ တပည့်တွေက မကြာခဏ မေးကြတယ်။ ဒီလောက်အလုပ်များတဲ့အကြား စာရေးဖို့ အချိန်ဘယ်လိုရှာသလဲ။ စာကိုဘယ်နေ့မှာရေးသလဲ။ ဈာန်ဝင်အောင်ဘယ်လိုလုပ်သလဲ။ ဒီမေးခွန်းတွေကြားရတော့ ကျွန်တော့်အတွက် စဉ်းစားစရာဖြစ်တယ်။ ကျွန်တော့်အဖို့ဈာန်ဝင်မှ ဒီနေရာမှ ဟိုနေရာမှ ဒီအချိန်မှ ဟိုအချိန်မှဆိုတာ သက်သက်မရှိဘဲ၊ အချိန်ရှိရင် ဇနီးနဲ့ တီဗွီအတူကြည့်ရင်း ရေးလိုက်တာပဲ။ အခုလည်း သတင်းဖွင့်ထားရင်း ရေးနေတာ။ ရေးချင်တဲ့အကြောင်းအရာကို တွေးပြီး စိတ်ထဲပေါ်လာတာကို ရေးဖြစ်တာ။ ခေါင်းစဉ်ရွေးချယ်မှုကတော့ ကိုယ့်ခေါင်းထဲပေါ်တာကို ရွေးတာဖြစ်တယ်။ စောစောက စာဖတ်ပရိသတ်က အခုခေတ် လူငယ်တွေ စာမဖတ်ကြဘူး။ ဒါကြောင့် စာဖတ်အောင် တိုက်တွန်းပေးပါလို့ တိုက်တွန်းခဲ့တယ်။

စာဖတ်ခြင်းနဲ့ပတ်သက်လို့ မိမိဖြတ်သန်းလာခဲ့တဲ့ ဘဝနဲ့ယှဉ်ပြီး သုံးသပ်ချင်တယ်။ ကျွန်တော်က ငယ်ငယ်ကတည်းက စာဖတ် ဝါသနာပါတယ်။ မေမေ့ရဲ့ဖေဖေ၊ ကျွန်တော့်ရဲ့ အဘိုးက ထားဝယ်မြို့မှာ ဘဏ်တစ်ခုရဲ့ စာရေးကြီး။ အင်္ဂလိပ်စာကောင်းတယ်။ အဖေလုပ်တဲ့ သူကလည်း သူဝါသနာပါတဲ့ စစ်သူကြီးတွေ ရေးသားတဲ့ စာအုပ်အထူကြီးတွေ အိမ်မှာစုထားတယ်။ အဘိုးကတစ်ဆင့် ကျွန်တော် Reader's Digest မဂ္ဂဇင်းကိုစပြီး ဖတ်ခဲ့တယ်။ အဖေ့ရဲ့စာအုပ်တွေကိုလည်း ဖတ်ခဲ့တယ်။ ကျွန်တော်ငယ်ငယ်ကတက်တဲ့ ကျောင်းဖြစ်တဲ့ အင်္ဂလိပ် မက်သဒစ်အထက်တန်းကျောင်းမှာ တစ်ပတ်တစ်ခါ စာကြည့်တိုက်ကိုသွားရတဲ့အချိန်ကို သတ်မှတ်ထားတယ်။ ငယ်ငယ်ကတည်းက စာအုပ်ကို ချစ်မြတ်နိုးအောင် အကျင့်လုပ်ပေးခဲ့တာဖြစ်တယ်။ တက္ကသိုလ်ရောက်ပြန်တော့ ဆရာ ဆရာမတွေက ပြဋ္ဌာန်းစာအုပ်တွေ သတ်မှတ်ပေးထားတဲ့အတွက် စာမဖတ်လို့မရတော့ဘူး။ ဘွဲ့လွန်ကို နိုင်ငံခြားမှာ တက်တော့လည်း စာကြည့်တိုက်မှာပဲ အချိန်ကုန်ခဲ့တာ။ ဘွဲ့လွန်ပါရဂူဘွဲ့အတွက် သုတေသနလုပ်တဲ့အခါ အင်္ဂလန်နိုင်ငံ လန်ဒန်မြို့မှာရှိတဲ့ နာမည်ကြီး ဗြိတိသျှ စာကြည့်တိုက်မှာ လေးလတိတိ အချိန်ယူပြီး လိုချင်တဲ့ အထောက်အထားတွေကို ရှာဖွေခဲ့ရတယ်။ နိုင်ငံခြားမှာရှိတဲ့တက္ကသိုလ်တွေကို ဆန်းစစ်တဲ့နေရာမှာ ဒီတက္ကသိုလ်မှာရှိတဲ့ စာကြည့်တိုက်ကို ပေတံတစ်ခုအနေနဲ့ သတ်မှတ်တယ်။

ရန်ကုန်တက္ကသိုလ်ကို ကြည့်ရင် တက္ကသိုလ်များ စာကြည့်တိုက်ဟာ အလွန်ကျက်သရေရှိလှတဲ့ နေရာဖြစ်တယ်။ ရှားပါးလှတဲ့ စာအုပ်တွေ၊ စာတမ်းတွေ၊ ပေပုရပိုက်တွေနဲ့ ပြည့်စုံလှတယ်။ ကျွန်တော့်ရဲ့အိမ်မှာလည်း စာအုပ်တွေပဲရှိတယ်။ စာအုပ်စင်ကို ခမ်းနားအောင်လုပ်ထားပြီး စာအုပ်တွေစုထားတယ်။ ကျွန်တော့်ရဲ့အကျင့်ကို သမီးလုပ်တဲ့သူကလည်း အတုယူတယ်။ သူကစာအုပ်ဝယ်ပေးဖို့ပဲ ပူဆာတယ်။ အရုပ်တွေ၊ အဝတ်အစားတွေကို မတောင့်တဘူး။ ဒါကြောင့်လည်း သူ့ရဲ့အိပ်ခန်းမှာ စာအုပ်စင်တစ်ခန်းလုံးပြည့်။

ကျွန်တော့်အမြင်မှာတော့ အိမ်တစ်အိမ်မှာ မရှိမဖြစ်တဲ့အရာက ပရိဘောဂ၊ စာအုပ်စင် ဖြစ်ပြီး ဒီစာအုပ်စင်မှာ မိမိနှစ်သက်တဲ့ စာအုပ်တွေနဲ့ ပြည့်စုံစေချင်တာဟာ ဆင်းရဲတာ ချမ်းသာတာနဲ့ မသက်ဆိုင်ဘူးလို့ ယူဆမိတယ်။ စာကြည့်တိုက်တို့ စာအုပ်စင်တို့ကို စဉ်းစားရင် စာအုပ်တွေစုတာ၊ စာအုပ်တွေတင်ထားတယ်လို့မစဉ်းစားဘဲ အသိတရားတွေ၊ ပညာတွေကို စုဆောင်းထားတယ်လို့ လက်ခံစဉ်းစားနိုင်ဖို့ လိုအပ်တယ်။ စာအုပ်ဝယ်တာကို အသုံးစရိတ်လို့မမြင်ဘဲ စုဆောင်းမှုလို့ သုံးသပ်စေချင်တယ်။

စာဖတ်ခြင်းကို ကျွန်တော်အခွင့်အရေးရတိုင်း တိုက်တွန်းခဲ့တယ်။ အားပေးခဲ့တယ်။ အခုလို အားပေးတဲ့အခါ ဂန္ထဝင်စာအုပ်တွေဖတ်ဖို့ မပြောဘူး။ ကိုယ်ကြိုက်တဲ့ ဘာစာအုပ်ပဲဖြစ်ဖြစ် ဖတ်စေချင်တယ်။ အမှန်တော့ စာဖတ်ခြင်းဟာ အကျင့်ပဲ ဖြစ်တယ်။ အကျင့်ဖြစ်တာမို့ အခြေခံ သုံးခုအပေါ်မူတည်တယ်။ အသိ၊ အတတ်နဲ့ ဆန္ဒ၊ အသိရှိပြီး၊ ကျွမ်းကျင်လိမ္မာပြီး လုပ်ချင်တဲ့ ဆန္ဒပြင်းပြရင် အကျင့်တစ်ခု ဖြစ်လာတယ်။ ကောင်းတဲ့အကျင့်တစ်ခုရှိဖို့ ဒီသုံးပွင့်ဆိုင်အချက်နဲ့ ပြည့်စုံရင် အလိုလိုဖြစ်လာတာပါပဲ။ စဉ်းစားနေစရာတောင်မလိုပါဘူး။ စာဖတ်ခြင်းဟာ အကျိုးရှိတာကို ပထမဦးဆုံး သိရှိဖို့လိုအပ်တယ်။ ဒီအသိကို စာဖတ်ခိုင်းဖို့ ပညာတတ်မှုရမယ်။ စာမတတ်သူတစ်ဦးဟာ စာဖတ်နိုင်မှာ မဟုတ်ဘူး။ ဒါပေမယ့် သိခြင်း၊ တတ်ခြင်းနဲ့ မပြည့်စုံဘူး။ လုပ်ချင်တဲ့ဆန္ဒလည်းရှိရမယ်။ ဆန္ဒမရှိရင် ဘယ်လောက်သိသိ ဘယ်လောက်တတ်တတ်စိတ်မပါရင်၊ ဆန္ဒမရှိရင် အလကားပဲ။ အကျင့်တစ်ခုရအောင်လုပ်ဖို့ အလွန်အရေးကြီးတယ်။ ကျွန်တော်ဟာမနက်စောစော အားကစားလုပ်ဖို့ပြေးဖြစ်တယ်။ လေ့ကျင့်ခန်းလုပ်တာကောင်းကြောင်း၊ အကျိုးရှိကြောင်းသိတယ်။ ပြေးတဲ့ခါမှာလည်း ဘယ်လိုလှုပ်ရှားဖို့လိုအပ်တာကိုလည်း အတတ်ရှိတယ်။ အသိနဲ့ အတတ်ကို မနက်စောစောထပြီး ပြေးနိုင်ဖို့ ဆန္ဒရှိအောင် ကြိုးစားရတယ်။ ဆောင်းတွင်းကာလမှာ ပိုပြီးခက်ခဲတယ်။ သူများတစ်တွေအိပ်ကောင်းတုန်း ကိုယ်ကထဖို့ တော်ရုံတန်ရုံဆန္ဒနဲ့ မဖြစ်နိုင်ဘူး။

စာဖတ်တဲ့အကျင့်ကို ပြုစုလို့ရတယ်။ ဒါကလက်တွေ့ပဲ။ ကျွန်တော်ရဲ့ သမီးကို ငယ်ငယ်ကတည်းက အိပ်ရာဝင်ခါနီး ကျွန်တော်စာဖတ်ပြီးသိပ်တယ်။ သူစိတ်ဝင်စားမယ့် ပုံပြင်တွေပါတဲ့ စာအုပ်တွေ၊ ကာတွန်းတွေဖတ်ပြီး သမီးလေးအိပ်တဲ့အထိ စာဖတ်ပေးတယ်။ ဒီအကျင့်ကို ငယ်ငယ်ကတည်းက ရထားတော့ သမီးဟာ ကြီးလာတဲ့အခါ စာဖတ်ခြင်းကို ဝါသနာပါတယ်။ ပြောနေစရာမလိုတော့ဘူး။

အခုခေတ်လူငယ်တွေ စာမဖတ်ကြတော့ဘူးဆိုတဲ့အဆိုကို ကျွန်တော် သိပ်လက်မခံချင်ဘူး။ ဖတ်နေကြတဲ့လူငယ်တွေလည်းရှိကြတာပဲ။ ကျွန်တော်မေးချင်တဲ့ မေးခွန်းက လူငယ်တွေ စာမဖတ်တာကိုအပြစ်တင်နေမယ့်အစား လူငယ်တွေစာဖတ်လာအောင် ဘာတွေလုပ်သင့်သလဲဆိုတာကို အဖြေရှာရမှာဖြစ်တယ်။ စာမဖတ်တဲ့ အကြောင်းရင်းသိရင် စာဖတ်ချင်လာအောင် ဘာတွေလုပ်သင့်သလဲဆိုတဲ့ အဖြေတွေ ထုတ်နိုင်မှာဖြစ်တယ်။

ကျွန်တော့်အမြင်ကတော့ စာမဖတ်တဲ့သူတွေရဲ့အပြစ်မဟုတ်ဘဲ စာဖတ်ချင်အောင် မရေးတတ်တဲ့သူတွေကြောင့်ဖြစ်တယ်လို့ မြင်မိတယ်။ အခုလိုပြောလိုက်ရင် ကျွန်တော်က ဝေဖန်ခံရမှာပဲ။ ကျွန်တော်သုံးသပ်မိတာတစ်ခုရှိတယ်။ ဝတ္ထုစာအုပ်တစ်အုပ်ဖတ်ရင် လက်ထဲကမချနိုင်ပေမယ့် ပြဋ္ဌာန်းစာအုပ်ကိုင်လိုက်တာနဲ့ စာမျက်နှာသုံးလေးရွက်ပြီးရင် ဘာကြောင့် ဆက်မဖတ်ချင်တော့တာလဲ။ စာရေးမှုတွေဟာ နက်နဲတယ်။ ခက်အောင်ရေးသားကြတယ်။ အလွယ်တကူနားလည်အောင် မဖန်တီးနိုင်တာမို့ ဆက်ဖတ်ချင်ပေမယ့် စိတ်ဝင်စားမှုလျော့လာတယ်။ အစအဆုံးဖတ်ချင်တဲ့စိတ်ပျောက်သွားတယ်။ အချို့ရေးသားချက်တွေဖတ်ပြီး ဘာဆိုလိုမှန်းမသိဘူး။ ကိုယ်ပဲဉာဏ်မမီလို့ထင်ပါရဲ့။ ရှုပ်ထွေးအောင် ခက်အောင်တမင်တကာရေးနေကြသလိုပဲ။ ကိုယ်ပြောချင်တဲ့အကြောင်းအရာ၊ ကိုယ်ပေးချင်တဲ့အကြောင်းအချက်ကို အာရုံမပြုဘဲ ကိုယ်ဘယ်လောက်တတ်တယ်၊ ဘယ်လောက်သိတယ်၊ ဘယ်လောက်တော်တယ်ဆိုတာကို ဦးတည်နေသလိုပဲ။ "ဒီဆရာသိပ်တော်တာပဲ၊ တစ်လုံးမှ နားမလည်ဘူး" ဆိုသလို ဖြစ်နေတယ်။ အမှန်တော့ အဓိကအာရုံပြုရမယ့် သူက စာဖတ်သူ၊ သူ့အတွက်ရေးတာ၊ သူသိအောင်၊ သူနားလည်အောင်၊ ဒီစာတစ်ပုဒ်ဖတ်လိုတဲ့အတွက် သူ့အတွက်အကျိုးရှိအောင်၊ ဘယ်လိုရေးသင့်သလဲ၊ ဘယ်လိုတင်ပြသင့်သလဲ၊ ဘယ်လိုပြုစုသင့်သလဲဆိုတာကို အဓိကအာရုံထားရမယ်။ စာတစ်ကြောင်းဖတ်လိုက်ရင် ဖတ်သူအဖို့ အကျိုးရှိရမယ်။ အရေးအသားတွေဟာ လည်းလွယ်ကူဖို့လိုတယ်။ ရှင်းလင်းဖို့လိုတယ်။ ဒီနေရာမှာ ကျွန်တော့်ရဲ့နမူနာကောင်းတွေက ဆရာကြီးမင်းသုဝဏ်တို့၊ ဆရာကြီးဇော်ဂျီတို့ဖြစ်တယ်။ သူတို့ရဲ့စာတွေဖတ်လိုက်ရရင် မျက်စိထဲ ကွင်းခနဲပေါ်လာတယ်။ ဒါကြောင့်လည်း စာရေးသူတွေ၊ စာဖတ်ချင်စိတ်ရှိအောင် ကြိုးစားပေးကြပါလို့တိုက်တွန်းမိတယ်။

လူငယ်တွေစာဖတ်စေချင်ရင် အခုခေတ်လူငယ်တွေရင်းနှီးတဲ့၊ ယဉ်ပါးတဲ့၊ ယဉ်ကျေးမှုကို သဘောပေါက်ရမယ်။ သူတို့သိချင်တဲ့၊ သူတို့လိုချင်တဲ့အကြောင်းအရာ၊ အချက်အလက်တွေကို စာအုပ်တွေဖတ်ပြီး ရရှိတာမဟုတ်တော့ဘူး။ ခေတ်မီနည်းပညာတွေသုံးပြီး လိုအပ်သလို ရနိုင်ပြီ။ လက်ထဲမှာ စမတ်ဖုန်းတစ်လုံးရှိရင် ဖတ်ချင်တာကို ကြိုက်တဲ့အချိန်၊ ကြိုက်တဲ့နေရာမှာ ဖတ်လို့ရတယ်။ ဒီခေတ်မီနည်းပညာတွေကို အသုံးပြုပြီး စာဖတ်နေကြတာပဲ။ စာအုပ်ဝယ်ပြီးမှ ဖတ်တာကို စာဖတ်တယ်လို့ ယူဆလို့မရတော့ဘူး။ အမှန်တော့ စာဖတ်ခြင်းဟာ အသိတရား တိုးမြှင့်မှုပဲဖြစ်တယ်။ အသိတရားတိုးမြှင့်အောင် ပုံစံအမျိုးမျိုးနဲ့ဆောင်ရွက်နိုင်တဲ့ အခြေအနေရှိနေပြီ။

ကျွန်တော့်အနေနဲ့ကတော့ လူမှုကွန်ရက်တွေကို အသုံးပြုပြီး အသိတရား၊ အသိပညာကိုဘယ်လိုဖြန့်ဝေနိုင်တာကိုစဉ်းစားဖို့ လိုအပ်နေတယ်။ အခု ခေတ်လူငယ်တွေက တက်ကြွတယ်။ ပါဝင်လှုပ်ရှားချင်တဲ့စိတ်များကြတယ်။ စာဖတ်တဲ့အခါ စာရေးသူပေးတဲ့အကြောင်းအရာကိုပဲ အစအဆုံးလက်ခံရတာဖြစ်တယ်။ မိမိရဲ့အမြင်၊ မိမိရဲ့ အယူအဆကို တင်ပြခွင့်မရှိဘူး။ အခုခေတ်မှာ စာဖတ်တဲ့သူတွေကိုယ်တိုင် စာရေးသူနဲ့ ထိတွေ့ချင်တယ်။ ဆက်ဆံဆက်သွယ်ချင်တယ်။ ဆွေးနွေးချင်တယ်။ တင်ပြတဲ့ အကြောင်းအရာတွေကို ဝေဖန်ချင်တယ်။ နိုင်ငံခြားမှာတော့ အခုလို ပြုပြင်မှုတွေ စတင်နေကြပြီ။ တစ်ဦးတစ်ယောက်ကပေးတဲ့ အချက်အလက်၊ အကြောင်းအရာတွေကို ကျန်တဲ့သူတွေက လက်ခံရုံသက်သက်မဟုတ်တော့ဘဲ တစ်ဦးနဲ့တစ်ဦး အမြင်တွေ၊ အယူအဆတွေမျှဝေပြီး အသိကိုဖြန့်ဖြူးနေကြတာ တွေ့ရတယ်။ ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့စာဖတ်ခြင်းကို စာအုပ်ကတစ်ဆင့်ဖတ်ရမှ မဟုတ်ဘဲ မီဒီယာပေါင်းစုံကတစ်ဆင့် ဖတ်ပြီး အသိတိုးစေချင်တာပါပဲ။

ကျွန်တော်တို့နိုင်ငံရဲ့ အနာဂတ်ကို စဉ်းစားတဲ့အခါ ကျွန်တော့်ရဲ့ဆန္ဒကတော့ အသိတရားကိုမြတ်နိုးတဲ့၊ ပညာကို တန်ဖိုးထားတဲ့ လူ့အဖွဲ့အစည်းတစ်ရပ်ဖြစ်စေချင်တယ်။ စီးပွားရေးအရ၊ လူမှုရေးအရ၊ နိုင်ငံရေးအရ ဖွံ့ဖြိုးမှုလိုအပ်ပေမယ့် ဒီတိုးတက်မှုတွေရဲ့အခြေခံဟာ အသိပညာရှိတဲ့ နိုင်ငံသားတွေဖြစ်တယ်။ အသိတရားရှိသူတွေဟာ မတူတာကို မြတ်နိုးတတ်တယ်။ လေးစားတယ်။ လက်ခံတယ်။ အစွန်းတွေကို ရှောင်တယ်။ ကိုယ်ချင်းစာတရားကို ရှေ့တန်းတင်တယ်။ ငါမသိသေး၊ ငါမပြည့်စုံသေးဆိုတာကို လက်ခံတယ်။ အသိပညာရှိသူတွေက နှုးညံ့တယ်။ တစ်ဖက်သားကို အလေးထားတယ်။ လေးစားတယ်။ သဘာဝပတ်ဝန်းကျင်ကို မြတ်နိုးတယ်။ မိမိထက် မပြည့်စုံတဲ့သူတွေကို စာနာပြီးညှာတယ်။ အကြမ်းဖက်မှုကို မုန်းတီးတယ်။ မေတ္တာနဲ့ ကရုဏာကို ပွားများတယ်။ အခုလို အသိတရားရှိတဲ့ လူ့အဖွဲ့အစည်းတစ်ရပ်ကို ဖော်ထုတ်ရမှာသာ ဖြစ်ပါတယ်။

> **စာကြည့်တိုက်တို့ စာအုပ်စင်တို့ကို စဉ်းစားရင် စာအုပ်တွေစုတာ၊ စာအုပ်တွေ တင်ထားတယ်လို့ မစဉ်းစားဘဲ အသိတရားတွေ၊ ပညာတွေကို စုဆောင်း ထားတယ်လို့ လက်ခံစဉ်းစားနိုင်ဖို့ လိုအပ်တယ်။ စာအုပ်ဝယ်တာကိုလည်း အသုံးစရိတ်လို့မမြင်ဘဲ စုဆောင်းမှုလို့ သုံးသပ်စေချင်တယ် . . .**

## မန္တလေးမြို့၌ ဒုတိယအကြိမ်မြောက် ဟံသာဝတီ ဦးဝင်းတင် စနေစာပေဝိုင်း စာတမ်းဖတ်ပွဲ ကျင်းပ

**မန္တလေး ဇန်နဝါရီ ၂၃**

ဟံသာဝတီ ဦးဝင်းတင် စနေစာပေဝိုင်းစာတမ်းဖတ်ပွဲ ဒုတိယအကြိမ်ကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၆၈ လမ်းနှင့် ၆၉ လမ်းကြား၊ ၃၂ လမ်းနှင့် ၃၃ လမ်းကြားရှိ မန္တလေး လူထုနေရာတွင် ဇန်နဝါရီ ၂၁ ရက်က ကျင်းပရာ သဘာပတိအဖြစ် ဆရာစိုးနိုင် မန်းတက္ကသိုလ်က ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သဘာပတိက နှုတ်ခွန်းဆက်စကားပြောကြားပြီး မန္တလေးတက္ကသိုလ် သမိုင်းဌာနမှ ပါမောက္ခဒေါက်တာတင်နိုင်ဝင်းက "တံတားဦးမြို့နယ်မှ သမိုင်းအထောက်အထား ကျောက်စာများ" စာတမ်းခေါင်းစဉ်ဖြင့် စာတမ်းကိုဖတ်ကြားပြီး ကာတွန်း ဆရာကြီးတွတ်တွတ်က "လူထု ဦးလှ၊ လူထုဒေါ်အမာ၊ ဟံသာဝတီဦးဝင်းတင်၊ ဆရာကြီးဦးဝင်းဖေနှင့် တွတ်တွတ်၊ ကဲသာ" ခေါင်းစဉ်တို့ကို ဖတ်ကြားတင်ပြရာ တက်ရောက်လာကြသော ညှော်ပရိသတ်နှင့် စာပေချစ်မြတ်နိုးသူများအား ဆရာတွတ်တွတ်ရေးထည့်ထားသော ပို့စကတ်များကို ပေးဝေခဲ့သည်။

ဟံသာဝတီဦးဝင်းတင် စနေစာပေဝိုင်း စာတမ်းဖတ်ပွဲများကို မန္တလေး၌ တစ်လလျှင် တစ်ကြိမ်၊ ရန်ကုန်၌ တစ်လလျှင်တစ်ကြိမ် အလှည့်ကျကျင်းပလျက်ရှိရာ မန္တလေး၌ မတ် ၂၁ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ရန်ကုန်နိုင်ငံခြား ဘာသာတက္ကသိုလ် ကင်းထောက်အခြေခံသင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၃**

ရန်ကုန်နိုင်ငံခြား ဘာသာတက္ကသိုလ် ကင်းထောက်အခြေခံသင်တန်းဆင်းပွဲကို ဇန်နဝါရီ ၂၀ ရက်က ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ခန်းမသစ်၌ ကျင်းပရာ မြန်မာနိုင်ငံကင်းထောက်အမျိုးသမီးအဖွဲ့ ကင်းထောက်ချုပ် ဒေါက်တာ ဒေါ်တင်လှ ကြည်၊ မြန်မာနိုင်ငံကင်းထောက်ကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးအေးကြိုင်၊ ပါမောက္ခချုပ် ဒေါက်တာကြည့်ရှင်တို့က သင်တန်းဆင်းအမှာစကား ပြောကြားသည်။

သင်တန်းဆင်းပွဲတွင် သင်တန်းသား ၅၇ ဦးနှင့် သင်တန်းသူ ၂၅၀ တို့က ကင်းထောက်ကတိ သုံးပါးရွတ်ဆိုပြီး ကင်းထောက်ခြေနုတံဆိပ်နှင့် သင်တန်းဆင်းလက်မှတ်များကို အမျိုးသမီး ဒုတိယကင်းထောက်ချုပ် ဒေါ်ခင်စောဥမ္မာ၊ ကင်းထောက်ကြီး ဦးမြင့်စိန်၊ သင်တန်းတာဝန်ခံ ပါမောက္ခဌာနမှူး ဒေါက်တာ စန်းစန်းဝင်းတို့က ပေးအပ်သည်။

အဆိုပါသင်တန်းကိုဇန်နဝါရီ ၁၈ ရက်မှ ၂၀ ရက်အထိ မြန်မာနှင့်ကမ္ဘာ့ကင်းထောက်သမိုင်းများ၊ ကင်းထောက်ကတိနှင့် ကျင့်ဝတ်များ၊ ကြိုးချည်နည်း၊ တဲထိုးနည်းနှင့် တောတွင်းစခန်းချပညာရပ်များ၊ မီးပုံပွဲများ လေ့ကျင့်သင်ကြားပေးခဲ့သည်။ **ကိုလတ် (သတင်းစဉ်)**

# လက်ပန်ကျေးရွာတွင် ရေပိုက်ဖြင့် ရေစတင်ပေးဝေ

**သုံးခွ ဇန်နဝါရီ ၂၃**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်၌ ကိုရီးယားနိုင်ငံ (KOICA) ၏ ကူညီထောက်ပံ့မှုဖြင့် မြန်မာဆယ်မာအူးလ်အွန်ဒုံ (SMU) ကျေးရွာစီမံကိန်းကို လက်ပန်ကျေးရွာ၌ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူနေမှုပတ်ဝန်းကျင် တိုးတက်ကောင်းမွန်စေရေးနှင့် ဝင်ငွေတိုးပွားရေးလုပ်ငန်းများဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လူနေမှုပတ်ဝန်းကျင် တိုးတက်ကောင်းမွန်စေရေးအတွက် လက်ပန်ကျေးရွာကျေးရွာသစ် စီမံကိန်း (SMU) ကော်မတီဥက္ကဋ္ဌ ဦးစိန်နွဲ့နှင့်အဖွဲ့ဝင်များ ဦးဆောင်၍ ကွန်ကရစ်လမ်းများခင်းခြင်း၊ ရေပိုက်ဖြင့် ရေပေးဝေနိုင်ရန် ရေစင်များပြုလုပ်ပေးကြသည်။

ကျေးရွာသူ ကျေးရွာသားများအား သောက်သုံးရေကို ရေပိုက်လိုင်းဖြင့် ရေပေးဝေနိုင်ရေးအတွက် ရေပိုက်လိုင်းသွယ်တန်းခြင်းကို ဇန်နဝါရီ ၃ ရက်မှ စတင်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၂၀ ရက်တွင် ၉၇ အိမ် ပြီးစီးခဲ့ပြီး မြေသားရေကန်မှရေကို ရေစုပ်စက်ဖြင့် ရေစင်အမြင့်တင်ပြီး ရေစတင် ပေးဝေခဲ့ကြောင်း သိရသည်။ သို့သော် မိုးရာသီအမီရေပြတ်လပ်မှု မရှိစေရေး၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးနှင့် ရေလေလွင့်ဖြုန်းတီးမှုမဖြစ်စေရေးအတွက် အပိုင်းလိုက် အလှည့်ကျစနစ်ဖြင့် ပေးဝေမည်ဖြစ်ကြောင်း သိရသည်။ **ကိုကျော်(သုံးခွ)**

# စိုက်ပျိုးရေအလုံအလောက်ပေးဝေနိုင်ရေး ကွင်းဆင်းဆောင်ရွက်

**ညောင်ဦး ဇန်နဝါရီ ၂၃**

မန္တလေးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းဆန်းနှင့် တာဝန်ရှိသူများသည် ခရိုင်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာန ခရိုင်တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းခိုင်နှင့်အတူ ဇန်နဝါရီ ၂၁ ရက်က ညောင်ဦးမြို့နယ် ငါ့သရောက်မြစ်ရေတင် လုပ်ငန်းတွင် ဒေသခံတောင်သူများ နှမ်းစပါးနှင့်နှမ်းသီးနှံ အောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်နိုင်ရေး အတွက် စိုက်ပျိုးရေအလုံအလောက် ပေးဝေနိုင်ရေး ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**ဖေထွက်းဇော် (ရေစကြို)**

# ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး အရှိန်အဟုန်မြှင့်တင်သွားမည်

**ရန်ကုန် ဇန်နဝါရီ ၂၃**

မြန်မာ့ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဗဟိုကော်မတီတစ်ရပ်ဖွဲ့စည်းကာ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်တော့မည် ဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးလှိုင်ဦးက ပြောသည်။



" Tourism Sector ဆိုတာက တော့ ဌာနတစ်ခု၊ အဖွဲ့အစည်းတစ်ခု လုပ်ငန်းရှင်တစ်ခုနဲ့ ဆောင်ရွက်လို့ မရပါဘူး။ အားလုံးသော ဝန်ကြီးဌာနတွေ သက်ဆိုင်ရာအဖွဲ့အစည်းတွေနဲ့ ပံ့ပိုးကူညီမှုနဲ့ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒါကြောင့် သက်ဆိုင်ရာ Sector အားလုံးပါဝင်ပြီးတော့ ဒီကဏ္ဍကို ဦးဆောင်ပြီး ညှိနှိုင်းပေါင်းစပ်ပေးမယ့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဖွဲ့စည်းထားတာ နောက်ဆုံးအခြေအနေကို ရောက်နေပြီဖြစ်ပါတယ်"ဟု ဦးလှိုင်ဦးက ဇန်နဝါရီ ၂၁ ရက်က တပ်မတော်ခန်းမ၌ ကျင်းပသော အပြည်ပြည်ဆိုင်ရာ ခရီးသွားလုပ်ငန်းပြပွဲ အခမ်းအနားတွင် ထည့်သွင်းပြောကြားခဲ့သည်။

အဆိုပါ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီတွင် ဒုတိယသမ္မတ(၂)က ဥက္ကဋ္ဌ၊ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများက အဖွဲ့ဝင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက အဖွဲ့ဝင်၊ မြန်မာနိုင်ငံ ကုန်သည်စက်မှုအသင်းချုပ် ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌတို့က အဖွဲ့ဝင်များအဖြစ် ပါဝင်ကြပြီး နောက်ဆုံးအဆင့်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း၊ ယင်းကော်မတီဖွဲ့စည်းပြီးပါက ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအတွက် တစ်နိုင်ငံလုံး အချိုးညီညီညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ၁၉၃၃ ခုနှစ်က ပြဋ္ဌာန်းခဲ့သည့် မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဥပဒေကို ခေတ်နှင့်လျော်ညီသည့် ဥပဒေသစ် မကြာမီထွက်ပေါ်လာတော့မည်ဖြစ်ကြောင်း၊ ယင်းဥပဒေသစ်အရ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများသို့ လုပ်ပိုင်ခွင့်များခွဲဝေကာ ပုဂ္ဂလိကလုပ်ငန်းရှင်များက ပိုမိုလုပ်ပိုင်ခွင့်များ ရရှိလာတော့မည်ဖြစ်ကြောင်း ဦးလှိုင်ဦးက ပြောသည်။

မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသွားများပြားလာရောက်မှုမှာ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်မှစပြီး မှန်မှန်တိုးတက်ခဲ့ရာ ယမန်နှစ်က ခရီးသွားလာရောက်မှု ၄ ဒသမ ၆ သန်းအထိရှိခဲ့ကြောင်း ယခုနှစ်တွင်လည်း ခန့်မှန်းထားမှု၏ ၃၀ ရာခိုင်နှုန်းအထိ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ လာရောက်ခဲ့ပြီဖြစ်ကြောင်း မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးရန်ဝင်းက အဆိုပါအခမ်းအနား၌ ပြောကြားသည်။

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်တွင် အသင်းဝင် ၁၁ သင်းရှိကြောင်း၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြည်ပနိုင်ငံများတွင် ခရီးသွားလုပ်ငန်း မြှင့်တင်ရေးပြပွဲများ အဆက်မပြတ်ပြုလုပ်သွားသင့်ကြောင်း ဦးရန်ဝင်းက ထပ်လောင်းပြောကြားသည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# ထိုင်ခုံခါးပတ်မပတ်သူ ယာဉ်မောင်း ၄၀၀ ကျော်ခန့်ကို မော်တော်ယာဉ်ဥပဒေဖြင့် အရေးယူ

**မန္တလေး ဇန်နဝါရီ ၂၃**

မန္တလေးတိုင်းဒေသကြီးအတွင်း၌ ပြည်သူများယာဉ်အန္တရာယ်ကင်းဝေးစေရန် သက်ဆိုင်ရာတာဝန်ရှိသူများက ခရိုင်၊မြို့နယ်အလိုက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို ဆောင်ရွက်ပေးနေသကဲ့သို့ ပြည်သူများ အသိပညာရရှိစေရန် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် ဟောပြောပွဲများကို ဆောင်ရွက်ပေးခဲ့ပြီး ပညာပေးကာလ ပြီးဆုံးသွားသည့်အတွက် ဇန်နဝါရီ ၁ ရက်မှစတင်ကာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဖောက်ဖျက်သူများ ယာဉ်မောင်းနှင်နေစဉ်အတွင်း ထိုင်ခုံခါးပတ်မပတ်သူများကို အရေးယူဆောင်ရွက်နေကြောင်း သိရသည်။

"မန္တလေးတိုင်းဒေသကြီးမှာ ခရိုင် ခုနစ်ခုရှိပါတယ်။ ကျွန်တော်တို့ ယာဉ်ထိန်းရဲတပ်ဖွဲ့အနေနဲ့ ဒေသခံပြည်သူများကို ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်မဖြစ်စေဖို့ အသိပညာပေးဟောပြောပွဲများ၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို ဆောင်ရွက်ပေးခဲ့ပြီး ယာဉ်စည်းကမ်း-လမ်းစည်းကမ်းမလိုက်နာ သူများကို ဇန်နဝါရီ ၁ ရက်က စတင် အရေးယူဆောင်ရွက်ပေးမယ့် တင်းတင်းကျပ်ကျပ်တော့ မလုပ်ပါဘူး။ ဆိုင်ကယ် ဦးထုပ်တစ်လုံးဟာ လူတစ်ယောက်ရဲ့ အသက်တစ်ချောင်းလို့ ပြောလိုရပါတယ်။ဆိုင်ကယ်ယာဉ်တိုက်မှု အတော်များများကို ကြည့်မယ်ဆိုရင် ဆိုင်ကယ်မောင်း သူဟာ ဦးထုပ်မဆောင်းသူ ဖြစ်တာများပါတယ်။ ဒါကြောင့် ဆိုင်ကယ်မောင်းနှင်နေစဉ် ဦးထုပ်ဆောင်းဖို့ လိုအပ်ပါတယ်။ ကားမောင်းနှင်သူများ အနေဖြင့်လည်း ထိုင်ခုံခါးပတ် ပတ်ဖို့လိုအပ်ပါတယ်။ ဇန်နဝါရီ ၁ ရက် ကနေ ၂၁ ရက်အထိ ယာဉ်မောင်းနေစဉ် ထိုင်ခုံခါးပတ် မပတ်သူ စုစုပေါင်း ၄၀၀ ကျော် ဖြန့်ဝေခြင်းများကို ၂၀၁၅ ခုနှစ် မော်တော်ယာဉ် ဥပဒေ ပုဒ်မ-၅၄(င)အရ အရေးယူထားပါတယ်"ဟု တိုင်းဒေသကြီး အမှတ်(၃) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ (မန္တလေး)မှ ဒုရဲမှူးကြီး ကံသိန်းထံမှ သိရသည်။ **ကျော်ကျော်(မလှိုင်)**

# မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ဇန်နဝါရီ ၁၀ရက်မှ ၁၇ ရက်အထိ ထွက်ရှိသောစာအုပ်စာရင်း

| စဉ် | စာရေးသူ | စာအုပ် | ဈေးနှုန်း ထုတ်ဝေသည့်တိုက် |
|---|---|---|---|
| ၁ | ကျော်လင်းဆွေ | အဲလ်ဇစ်ပရက်စ်လီ | ၁၅၀၀ိ/-ခူဝံစာပေ |
| ၂ | Dr.Htin Zaw Myint | ၂၀၁၇ (၁၀) တန်း Get Ready For Chemistry | ၃၀၀၀ိ/-Apex စာပေ |
| ၃ | Duncan Clark | Alibaba The House That Jack Ma Built | ၃၅၀၀ိ/-Gold စာပေ |
| ၄ | ကလောင်စုံ | သည်အရွေ့ (ကဗျာများ) | ၁၅၀၀ိ/-Pica media Publication |
| ၅ | ဒဂုန်ရွှေမျှား | အင်မ်ကြာရီး | ၆၀၀၀ိ/-Quality Publishing House |
| ၆ | ကိုအောင်(မြောက်ဦး) | နာမည်ခုနစ်လုံးနှင့်မိန်းကလေး (ဟေယွန်ဆီယိုလီ)မြောက်ကိုရီးယားမှ လွတ်မြောက်ခြင်း | ၅၀၀၀ိ/-Quality Publishing House |
| ၇ | ဒဂုန်ရွှေမျှား | ကြမ္မာငင်သော ယမ်းထောင့်နှင့်ဆန်းကြယ်ဝတ္ထုတိုများ | ၂၅၀၀ိ/-Quality Publishing House |
| ၈ | | စာစဉ် (၅၄) ဂျော့ဝါရှင်တန် ကာဗာ | ၁၅၀၀ိ/-The Key Collection |
| ၉ | မြသန်းတင့် | မနော်နှင့် အခြားဝတ္ထုတိုများ | ၁၅၀၀ိ/-The Key Collection |
| ၁၀ | စည်းစိမ်ရှင် | တပ်မတော်လောက ဟာသများ | ၁၅၀၀ိ/-ခရီးသည်စာပေ |
| ၁၁ | ဇွဲနေယံဇော် | ဇင်အလင်းစကား - ၁၀၀ | ၂၀၀၀ိ/-စံပယ်စာပေ |
| ၁၂ | တောသားကြီး လူနိုင် | လက်ရွေးစင် ကဗျာ-၁၀၀ | ၂၀၀၀ိ/-စွယ်တော်စာပေ |
| ၁၃ | မမိုးမြေ | စာဖတ်ချင်အောင်ဘယ်လိုရေးခဲ့ကြသလဲ | ၂၅၀၀ိ/-စိုးမိုးလွင်မိသားစုစာပေ |
| ၁၄ | ဆုပြည့်စုံထွန်းအယ်ဒီတာအဖွဲ့ | MICKEY MOUSE ပါဝင်သော WALT DISNEP ကာတွန်းပုံပြင်များ | ၂၀၀၀ိ/-ဆုပြည့်စုံထွန်းစာပေ |
| ၁၅ | ဆုပြည့်စုံထွန်းအယ်ဒီတာအဖွဲ့ | SPECIAL AGENT OSO ပါဝင်သော WALT DISNEP ကာတွန်းပုံပြင်များ | ၂၀၀၀ိ/-ဆုပြည့်စုံထွန်းစာပေ |
| ၁၆ | တက္ကသိုလ်တာရာလင်း | စာဖတ်ခြင်းအနှစ်သာရနှင့် စိတ်အားဖြည့်ဘာသာပြန်ရသများ | ၂၀၀၀ိ/-ဇွန်ပွင့်စာပေ |
| ၁၇ | တင်မောင်မြင့် | မာလာလာ | ၁၅၀၀ိ/- ခူဝံစာပေ |
| ၁၈ | ရဲကောင်းထက် | အဲလ်ဖရက်ဟစ်ချ်ကော့ | ၁၅၀၀ိ/- ခူဝံစာပေ |
| ၁၉ | ဌေးဝင်းနှစ် | အဲလ်ဘတ်အိုင်းစတိုင်း | ၁၅၀၀ိ/- ခူဝံစာပေ |
| ၂၀ | ဆုမြတ်မွန် | ဟယ်လင်ကယ်လာ | ၁၅၀၀ိ/- ခူဝံစာပေ |
| ၂၁ | ဆန်းလင်းထွန်း | စတိဗ်ဂျော့ဘ်စ် | ၁၅၀၀ိ/- ခူဝံစာ ပေ |
| ၂၂ | လင်းတည်ဦး | ဘီလ်ဂိတ်စ် | ၁၅၀၀ိ/- ခူဝံစာပေ |
| ၂၃ | ဦးဝမ်ထိန် | ကျောင်းသားစွယ်စုံကျောင်းသားလူငယ်တိုင်းအတွက် ဗဟုသုတဖြစ်ဖွယ်စကားလုံးများအကြောင်းအရာ | ၂၅၀၀ိ/-ပတ္တမြားငမောက်စာပေ |
| ၂၄ | ပထမမောင်းထောင် သာသနာပိုင်ဆရာတော်ကြီး | အမေးတော်ဖြေကျမ်း | ၁၀၀၀၀ိ/-ပန်းရွှေပြည်စာပေ |
| ၂၅ | ကျော်ဦး | မိုးရေလှောင်ကန် | ၄၀၀၀ိ/- ပါရမီ |
| ၂၆ | ရဲကျော်မြင့် | ဗြိတိန်နိုင်ငံ၏ ဒုတိယမြောက် အမျိုးသမီးဝန်ကြီးချုပ် ထရီဆာမေ | ၁၅၀၀ိ/-မဇ္ဈိမစာပေ |
| ၂၇ | မသင်းသဇင်စိုး (ဘာသာစုံဂုဏ်ထူးရှင်) | ထူးချွန်လက်ဆောင် ဂုဏ်ထူးရစာစီစာကုံးများ | ၂၀၀၀ိ/-မဇ္ဈိမစာပေ |
| ၂၈ | ထိန်လင်း (BE.Mechanical) | လိုတိုရှင်းရေးသား အင်္ဂလိပ် Essay များ | ၁၅၀၀ိ/-မဇ္ဈိမစာပေ |
| ၂၉ | အမျိုးသားစာပေဆုရ အောင်စိုး | ပန်းအလှပင်မွေး၍ စီးပွားရေးလုပ်ကိုင်ခြင်း(အထူးထုတ်) | ၄၀၀၀ိ/-မဟူရာပွင့်စာပေ |
| ၃၀ | ဇေယျမင်းသျှင် | မျက်ရည်ပွင့်ပုံပြင် | ၃၀၀၀ိ/-မိတ်ဆွေများစာပေ |
| ၃၁ | မင်းသန့် | သော့ပြင်ဆရာနှင့် အလကားလူ | ၂၀၀၀ိ/-မိတ်ဆွေများစာပေ |
| ၃၂ | Kaung Kin | Coloring Book | ၁၀၀၀ိ/-မီးမီးအိမ်စာပေ |
| ၃၃ | မြင့်နောင်(မြန်မာပြန်) | အမှန်တရားအတွက် တိုက်ပွဲဝင်ခြင်း (ဗမာ့ဒီမိုကရေစီရေးဆောင်ရွက်သူ...... ဂျိမ်း(စ်)မောဒ်(စ်)လေ၏ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ) | ၂၀၀၀ိ/-ယဉ်မျိုးစာပေ |

*(ဆက်လက်ဖော်ပြပါမည်)*

# ပျူယဉ်ကျေးမှုနယ်မြေ ဟန်လင်း

မောင်သာ(ရှေးဟောင်းသုတေသန)

မြန်မာနိုင်ငံအတွင်း ပျူယဉ်ကျေးမှုထွန်းကားခဲ့သည့်နေရာဒေသများအနက် ပြည်မြို့နယ်ရှိ သရေခေတ္တရာ၊ တောင်တွင်းကြီးမြို့နယ်ရှိ ဗိဿနိုးနှင့် ဝက်လက်မြို့နယ်ရှိ ဟန်လင်းတို့သည် ပျူယဉ်ကျေးမှုအထောက်အထားများ အများဆုံးကြွင်းကျန်နေသည့် မြို့ဟောင်းများဖြစ်ကြသည်။ ကမ္ဘာ့ကုလသမဂ္ဂ၊ ပညာရေးသိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့(ယူနက်စ်ကို)က ယင်းပျူမြို့ဟောင်းသုံးခုကို ကမ္ဘာ့အမွေအနှစ် ဒေသများအဖြစ် ၂၀၁၄ ခုနှစ် ဇွန် ၁၈ ရက်တွင် အသိအမှတ်ပြုခဲ့ပြီးနောက် ပျူယဉ်ကျေးမှုအပေါ် ပြည်တွင်းပြည်ပ စိတ်ဝင်စားမှုများသည် ယခင်ကထက် ပိုမိုများပြားလာခဲ့သည်။

ပျူမြို့ဟောင်းသုံးမြို့သည် မြန်မာနိုင်ငံအတွင်း တောင်မြောက်တန်းလျက် တည်ရှိနေကြကာ သရေခေတ္တရာမြို့ဟောင်း၏ မြောက်ဘက် ၁၃၀ ကီလိုမီတာအကွာတွင် ဗိဿနိုးမြို့ဟောင်း တည်ရှိနေပြီး ဗိဿနိုးမှ အရှေ့မြောက်ယွန်းယွန်း ၂၇၀ ကီလိုမီတာအကွာတွင် ဟန်လင်းမြို့ဟောင်း တည်ရှိသည်။

**ဟန်လင်းပျူမြို့ဟောင်း**

ဟန်လင်းသည် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့မှ တောင်ဘက် ၁၀ မိုင် ၅ ဖာလုံနှင့် ဝက်လက်မြို့မှ အရှေ့မြောက်ဘက် ခြောက်မိုင်အကွာတွင် တည်ရှိပြီး တည်နေရာမြေပုံအညွှန်းမှာ မြောက်လတ္တီတွဒ် ၂၂ ဒီဂရီ ၂၈ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၆ မိနစ်ဖြစ်သည်။

ကမ္ဘည်းကျောက်စာဝန် မစ္စတာတော်စိန်ခို ဦးစီးသောအဖွဲ့သည် ဟန်လင်းမြို့ဟောင်းကို ပဏာမ ကွင်းဆင်းလေ့လာခဲ့ပြီး ၁၉၀၅ ခုနှစ် ဖေဖော်ဝါရီလ၌ ကုလားကုန်း၊ ဘုရားကုန်း၊ နန်းတော်ရာစသည့် နေရာ ၁၀ ခုတွင် ပထမဆုံး စမ်းသပ် တူးဖော်မှုများကို ဆောင်ရွက်ခဲ့သည်။ မစ္စတာ ချားလ်ဒူရွိုင်ဆယ်က ၁၉၂၉ ခုနှစ်နှင့် ၁၉၃၀ ပြည့်နှစ်တွင် ဟန်လင်းကို ထပ်မံတူးဖော်ခဲ့ပြီး ခေတ်အဆက်ဆက် ဟန်လင်းဒေသကို တူးဖော်သုတေသနပြုခဲ့ရာ ၂၀၁၄ -၂၀၁၅ ခုနှစ်အထိ ဟန်လင်းမြို့ဟောင်းအတွင်း ကုန်းပေါင်း ၃၈ကုန်းကို တူးဖော်ခဲ့သည်။

ဟန်လင်းမြို့ဟောင်းသည် ထောင့်မှန်စတုဂံပုံရှိကာ အရှေ့မှ အနောက်သို့ ၁ ဒသမ ၆ ကီလိုမီတာနှင့် တောင်မှ မြောက်သို့ ၃ ဒသမ ၂ ကီလိုမီတာ ကျယ်ဝန်းပြီး ဧရိယာ ဟက်တာဧ ၅၀၀ ကျော်ရှိသည်။ ဟန်လင်းမြို့ဟောင်း၏ မူလမြို့ရိုးသည် ၁၆ ပေအကျယ်ရှိနိုင်ကြောင်း ပညာရှင်များက ခန့်မှန်းခဲ့သည်။

တူးဖော်မှုများ မဆောင်ရွက်မီနှင့် ဆောင်ရွက်နေစဉ်အတွင်း ဟန်လင်းဒေသမှ ပျူဒင်္ဂါးများ၊ မြေနှင့်ကျောက် ပုတီးစေ့များ၊ အိုးခြမ်းကွဲများ၊ ကျောက်ခေတ်သစ်လက်နက်များ၊ ကြေးမုံနှင့် ရွှေထည်ပစ္စည်းများစသည့် ရှေးဟောင်းယဉ်ကျေးမှု အထောက်အထားများနှင့် ကျောက်စာချပ်များကို တွေ့ရှိခဲ့သည်။ ဟန်လင်းဒေသတွင် သဘာဝအလျောက်ဖြစ်ပေါ်နေသည့် သဘာဝရေပူစမ်းများ၊ ကုန်းတွင်းဆားချက်သည့် ဆားမြေနှင့် ဆားကျင်းများ၊ ရှေးဟောင်းစေတီများ တည်ရှိနေပြီး ဟန်လင်းတူးဖော်မှုများမှ ရရှိခဲ့သည့် ရုပ်ကြွင်းများကို မူလတူးဖော်တွေ့ရှိသည့်နေရာ၌ပင် တူးကွက်ပြတိုက်(Site Museum) များအဖြစ် ပြသထားသည်။

**ဟန်လင်းကျောက်စာရုံ**

ဟန်လင်းတူးဖော်မှုများမှ ရရှိခဲ့သည့် ကျောက်စာများကို စနစ်တကျ ထိန်းသိမ်းခဲ့ကြသဖြင့် ပျူယဉ်ကျေးမှု တစ်စိတ်တစ်ပိုင်းကို ဖော်ထုတ်နိုင်ခဲ့သော်လည်း ယခုတိုင် အဓိပ္ပာယ်မပြန်ဆိုနိုင်သေးသည့် ကျောက်စာများလည်း ကျန်ရှိနေသည်။ ၁၉၀၅ ခုနှစ်တွင် ဟန်လင်းကို ပထမဆုံးတူးဖော်ခဲ့စဉ်က ရရှိခဲ့သည့် ကျောက်စာပေါ်တွင် ရေးသားထားသည့် အက္ခရာများသည် အိန္ဒိယနိုင်ငံတောင်ပိုင်း အရေးအသားများပေါ်တွင် အခြေတည်သည့် ဗြဟ္မီအက္ခရာများဖြစ်ပြီး အေဒီ လေးရာစု အရေးအသားများဖြစ်ကြောင်း ပညာရှင်များက ခန့်မှန်းခဲ့သည်။

ဆက်လက်ဆောင်ရွက်ခဲ့သည့် ဟန်လင်းတူးဖော်မှုများမှ ထပ်မံရရှိခဲ့သည့် ရှေးဟောင်းကျောက်စာများကို သုတေသီများနှင့် စိတ်ဝင်စားကြသူများ လေ့လာကြည့်ရှုနိုင်ရန် ၁၉၅၇ ခုနှစ်တွင် ဟန်လင်းကျေးရွာ၌ ကျောက်စာရုံဆောက်လုပ်၍ အများပြည်သူများအား ပြသခဲ့သည်။

လက်ရှိအချိန်တွင် ဟန်လင်းကျောက်စာရုံ၌ ပျူကျောက်စာချပ် သုံးချပ် အပါအဝင် ကျောက်စာချပ် ၂၁ ချပ်ကို ပြသထားပြီး ပျူကျောက်စာများမှ ပျူမင်း ဗံး ဝိ ဝ္ဒေါ်ဩိက္ခ၊ ဩိတြိဝိကြမနှင့် မိဖုရားများဖြစ်ကြသော မဟာဒေဝိ ဩိဇတြဇိနှင့် ဩိရဏံဂိ အမည်များကို ဖတ်ရှုနိုင်ခဲ့သည်။

၁၉၆၃ ခုနှစ် မတ်လတွင် ကုန်းအမှတ်(၂)မှ တူးဖော်ရရှိခဲ့သော ကျောက်စာ(အမှတ် ၀၁)သည် အေဒီရှစ်ရာစုတွင် ရေးထိုးခဲ့သော ပျူကျောက်စာချပ်ဖြစ်ပြီး စာကြောင်းရေ ၁၄ ကြောင်း ပါရှိသည်။ ဟန်လင်း နဂါးရုံကန်ပေါင် အနောက်ဘက်မှ တွေ့ရှိခဲ့သည့် စာကြောင်းနှစ်ကြောင်းသာပါရှိသော ကျောက်စာသည်လည်း အေဒီ လေးရာစုတွင် ပျူအက္ခရာများဖြင့် ရေးထွင်းထားခဲ့သော အစောဆုံး ပျူကျောက်စာချပ်တစ်ချပ်ဖြစ်ကြောင်း ပညာရှင်တို့သတ်မှတ်ထားပြီး ယင်းကျောက်စာကို ပုဂံမြို့ရှိ ရှေးဟောင်းသုတေသနပြတိုက်တွင် ပြသထားသည်။

၁၉၂၉-၁၉၃၀ ပြည့်နှစ်က ကျောက်ဘီလူးထန်းတောမှ တွေ့ရှိခဲ့ရသည့် ကျောက်စာအမှတ်(၀၉)တွင် ဘုရားလောင်းဗောဓိသတ္တပုံကို အပေါ်ပိုင်းတွင် ထွင်းထုထားပြီး အောက်ပိုင်းတွင် လက်အုပ်ချီမိုးလျက် ကြည်ညိုနေကြသူ ပရိသတ် ၅၃ ဦးပုံကို ထွင်းထားသည့် ကျောက်ရုပ်ကြွချပ်ကို ရရှိခဲ့ရာ သမိုင်းတန်ဖိုးမဖြတ်နိုင်သည့် ကျောက်ရုပ်ကြွအဖြစ် ထင်ရှားခဲ့သည်။

**ဟန်လင်းကျောက်စာရုံတွင် ပြသထားသော ကျောက်စာများအနက် ရှေးဟောင်းမြန်မာကျောက်စာ ၁၇ ချပ်ရှိရာ ကျောက်စာအများစုသည် ကျောင်း၊ စေတီ၊ ဂူဘုရားများ တည်ဆောက်ပြီး ဥယျာဉ်၊ လယ်မြေ၊ ကျွန်၊ ကျွဲ၊ နွား၊ ပစ္စည်း ဥစ္စာ၊ ပိဋကအလှူတော်တို့ကို မှတ်တမ်းပြုထားသော ကမ္ပည်းကျောက်စာများဖြစ်ကြသည်။ ယင်းတို့အနက် မြေပိုင်ဆိုင်မှု အဆုံးအဖြတ် စီရင်ချက်ချမှတ်သော အမိန့်တစ်ရပ်ကို ကျောက်စာချပ်အမှတ်(၀၄) တွင် မြန်မာအက္ခရာစာလုံးများဖြင့် ရေးထွင်းထားသည်။ ထူးခြားသော ကျောက်စာချပ်တစ်ချပ်ဖြစ်သည့် နွားနှင့်ကျွန်လဲလှယ်သော မှတ်တမ်းဖြစ်သည့် ကျောက်စာချပ် အမှတ်(၁၈)ကိုလည်း လေ့လာနိုင်ကြသည်**

ဟန်လင်းကျောက်စာရုံတွင် ပြသထားသော ကျောက်စာများအနက် ရှေးဟောင်းမြန်မာကျောက်စာ ၁၇ ချပ်ရှိရာ ကျောက်စာအများစုသည် ကျောင်း၊ စေတီ၊ ဂူဘုရားများ တည်ဆောက်ပြီး ဥယျာဉ်၊ လယ်မြေ၊ ကျွန်၊ ကျွဲ၊ နွား၊ ပစ္စည်း ဥစ္စာ၊ ပိဋကအလှူတော်တို့ကို မှတ်တမ်းပြုထားသော ကမ္ပည်းကျောက်စာများဖြစ်ကြသည်။ ယင်းတို့အနက် မြေပိုင်ဆိုင်မှု အဆုံးအဖြတ် စီရင်ချက်ချမှတ်သော အမိန့်တစ်ရပ်ကို ကျောက်စာချပ်အမှတ်(၀၄) တွင် မြန်မာအက္ခရာစာလုံးများဖြင့် ရေးထွင်းထားသည်။ ထူးခြားသော ကျောက်စာချပ်တစ်ချပ်ဖြစ်သည့် နွားနှင့်ကျွန်လဲလှယ်သော မှတ်တမ်းဖြစ်သည့် ကျောက်စာချပ် အမှတ်(၁၈)ကိုလည်း လေ့လာနိုင်ကြသည်။

ကျောက်စာချပ်များကို အကောင်းပကတိအတိုင်း တူးဖော်ရရှိမှုများ ရှိသကဲ့သို့ အချို့ကျောက်စာများကို အကျိုးအပိုင်းအစများအဖြစ်ရရှိခဲ့ပြီး ကျိုးပဲ့နေသောကျောက်စာများကို စနစ်တကျဆက်စပ်ကာ ထိန်းသိမ်းထားရှိသည်။ အချို့ကျောက်စာများသည် ထယ်ထိုး၊ ထွန်ယက်မှုများတွင် ထိခိုက်မိသဖြင့် ပျက်စီးခဲ့ကြရသည်။ ဒေသနေပြည်သူအချို့၏ သမိုင်းတန်ဖိုးသိနားလည်မှု နည်းပါးသေးသောကြောင့် ကျောက်စာတိုင်များပေါ်တွင် အဝတ်လျှော်ကြ၊ ဓားသွေးကြရာမှ ထွင်းထုထားသောစာများ ပျက်စီးနေသည့် ကျောက်စာတိုင်များကိုလည်း ပြတိုက်တွင် ပြသထားသည်။



**ဦးနာဂ ယဉ်ကျေးမှုပြတိုက်**

ဟန်လင်းရွာအတွင်း ထန်းကိုးပင်ကျောင်းတိုက်တွင် ဖွင့်လှစ်ထားသည့် ရှေးဟောင်းပြတိုက်ကို “ဆရာတော်ဦးနာဂအထိမ်းအမှတ် ဟန်လင်းပျူယဉ်ကျေးမှုပြတိုက်”ဟု အမည်ပေးထားသည်။ ဟန်လင်းရွာ၊ ထန်းကိုးပင်ကျောင်းတိုက်တွင် သီတင်းသုံးခဲ့သော ဆရာတော်ဦးနာဂသည် ဟန်လင်းဒေသမှ တွေ့ရှိခဲ့သည့် အိုးခြမ်းကွဲများ၊ ပုတီးစေ့များ၊ အုတ်ခဲများ၊ ကျောက်ကွင်းများ၊ အိုးများ၊ လူဦးခေါင်းခွံများစသည့် ယဉ်ကျေးမှုဆိုင်ရာပစ္စည်းများကို စုဆောင်းသိမ်းဆည်းခဲ့သည်။ ဆရာတော်ပျံလွန်တော်မူပြီးနောက် ထန်းကိုးပင်ကျောင်းတိုက်တွင် သီတင်းသုံးနေသော ဆရာတော် ဦးတေဇနိယက ဦးနာဂ စုဆောင်းခဲ့သည့် ပျူယဉ်ကျေးမှုအထောက်အထားပစ္စည်းများကို ဆက်လက်ထိန်းသိမ်း၍ ပြတိုက်ဖွင့်လှစ်ပြသထားသည်။

ဦးနာဂပြတိုက်တွင် အမျိုးအစားစုံလင်စွာပြသထားသည့် ရှေးဟောင်းပစ္စည်းများအနက် Stone Ring ဟု ခေါ်သည့် ကျောက်ကွင်းများမှာ စိတ်ဝင်စားဖွယ်ကောင်းလှသည်။ ကျောက်ပြားချပ်ကို လူတစ်ယောက် လက်တွင်စွပ်နိုင်ရန် အလယ်မှအပေါက်ဖောက်ပြီး ချောမွတ်နေအောင်သွေးထားသည့် ကျောက်ကွင်းများကို ပျူခေတ်က အုပ်စိုးသူများ ကွယ်လွန်ချိန်တွင် ယင်းတို့နှင့်အတူမြှုပ်နှံသည့် ဓလေ့ရှိခဲ့ကြောင်း သိရှိရပေသည်။ ကျောက်ကွင်းများသည် အရွယ်အစားမျိုးစုံရှိကြပြီး အများအားဖြင့် အဝိုင်းပုံဖြစ်သည်။ အချို့ကျောက်ကွင်းများသည် အရွယ်ပမာဏကြီးမား၍ လေးလံသော အလေးချိန်ကြောင့် လူတစ်ယောက် အမြဲတစေဝတ်ဆင်ထားရန် မဖြစ်နိုင်ကြောင်း တွေ့ရှိရပေသည်။

ဦးနာဂပြတိုက်တွင် ကျောက်ပုတီးစေ့များ၊ ဒင်္ဂါးပြားများ၊ လူဦးခေါင်းခွံများ၊ ကြေးပစ္စည်းများ၊ အိုးများ၊ ဒင်္ဂါးပြားများ၊ ကျောက်လက်နက်များ၊ သံထည်ပစ္စည်းအတိုအစများ၊ ခေါင်းလောင်းငယ်များ စသည်ဖြင့် ဟန်လင်းဒေသတွင် နေထိုင်ခဲ့ကြသူများ သုံးစွဲခဲ့သည့် အသုံးအဆောင်များစွာကို လေ့လာနိုင်ကြပေသည်။

**ဟန်လင်းရှေးဟောင်းသုတေသန ပြတိုက်**

ဟန်လင်းကျေးရွာတွင် ရှေးဟောင်းသုတေသန ပြတိုက်အသစ်ကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ဖွင့်လှစ်ခဲ့သည်။ ပြတိုက်တွင် ဟန်လင်းဒေသမှ တူးဖော်ရရှိထားသည့် ပျူခေတ်လက်ရာ ရွှေ၊ ငွေ၊ ကြေး လက်ဝတ်တန်ဆာများ၊ ပျူပုတီးစေ့များ ပျူဒင်္ဂါးများ၊ အိုးခြမ်းကွဲများ၊ ကျောက်လက်နက်များ၊ ကျောက်ဖြစ်ရုပ်ကြွင်းများကို ဓာတ်ပုံ၊ ကားချပ်၊ မြေပုံများဖြင့် ဝေဝေဆာဆာ ပြသထားသည်။ သုတေသီများ အထောက်အထားပြုနိုင်သည့် စာရင်းဇယားများကိုလည်း မြင်တွေ့ကြရပေသည်။

ပျူမြို့ဟောင်းသုံးမြို့အား ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းနိုင်ရေးဆောင်ရွက်ခဲ့မှု မှတ်တမ်းဓာတ်ပုံများကိုလည်း ပြသထားသည်။ ပျူမြို့ဟောင်းသုံးမြို့ဖြစ်သည့် ဟန်လင်း၊ သရေခေတ္တရာနှင့် ဗိဿနိုးတို့ကို ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်စာရင်း တင်သွင်းနိုင်ရန် အဆိုပြုခဲ့စဉ်က ယူနက်စ်ကိုမှ တာဝန်ရှိပုဂ္ဂိုလ်များက အဆိုပါပျူမြို့ဟောင်းသုံးမြို့ကို လာရောက်စစ်ဆေးအကဲဖြတ်မှုများ ပြုလုပ်ခဲ့ပြီး ယင်းပုဂ္ဂိုလ်များ ဟန်လင်းသို့ လာရောက်ကြည့်ရှုစစ်ဆေးသည့် မှတ်တမ်းဓာတ်ပုံများကို ပြသထားသည်။

**တူးကွက်ပြတိုက်(Site Museum)များ**

ဟန်လင်းမြို့ဟောင်းအတွင်း တူးဖော်မှုများ ဆောင်ရွက်ခဲ့စဉ်က သင်္ချိုင်းဟောင်းနေရာများဖြစ်သည့် ကုန်းအမှတ်(၂၅)၊ (၂၆)၊ (၂၈)၊ (၂၉)နှင့် (၃၀)တို့တွင် တစ်ဝက်တစ်ပျက်ကျောက်ဖြစ်နေသည့် လူရုပ်ကြွင်းများ၊ ကျောက်လက်နက်၊ သံလက်နက်များ၊ ကြေးလက်နက်များ၊ မြေမီးဖုတ်အိုးများ၊ မြေဆေးတံကျိုးများ၊ ကျောက်ပုတီးစေ့များ၊ ကြေးခလောက်များ၊ ကျောက်ကွင်းများစသည်ဖြင့် ယဉ်ကျေးမှုအထောက်အထားများကို တွေ့ရှိခဲ့သည်။

ကုန်းအမှတ်(၂၅)နှင့် (၂၆)ကို လွန်ခဲ့သော နှစ်ပေါင်း ၅၀၀၀ မှ ၂၀၀၀(BP၅၀၀၀-၂၀၀၀) အတွင်းဟုလည်းကောင်း၊ ကုန်းအမှတ်(၂၇)ကို အေဒီ နှစ်ရာစုမှ ကိုးရာစုအတွင်းဟုလည်းကောင်း၊ ကုန်းအမှတ်(၂၈)ကို ကြေးခေတ်သံခေတ်ဟုလည်းကောင်း၊ ကုန်းအမှတ်(၂၉)ကို ကြေးခေတ်နှောင်းပိုင်းဟုလည်းကောင်း၊ ကုန်းအမှတ်(၃၀)ကို ကျောက်ချောခေတ်ဟုလည်းကောင်း သက်တမ်းခန့်မှန်းခဲ့သည်။

ယင်းကုန်းများတွင် အမိုးအကာများဆောက်လုပ်၍ တူးကွက်ပြတိုက်(Site Museum)များ ပြုလုပ်ကာ တွေ့ရှိခဲ့သည့် ရုပ်ကြွင်းများ၊ အိုးများ၊ ကျောက်နှင့် သံလက်နက်များ၊ ကျောက်ကွင်းများကို တူးဖော်တွေ့ရှိသည့် မြေအလွှာအလိုက် မူလပုံစံအတိုင်း ပြသထားသည်။

ကုန်းအမှတ်(၂၈)သည် တူးဖော်မှုပြုခဲ့စဉ် လူအရိုးစုများ၊ တိရစ္ဆာန်အရိုးများ၊ ယောက်သွားခွံများကို တွေ့ရှိခဲ့ရသဖြင့် သင်္ချိုင်းနေရာတစ်ခု ဖြစ်ခဲ့ဖွယ်ရှိသည်။ ယင်းကုန်းကို စနစ်တကျထိန်းသိမ်းလျက် မူလတွေ့ရှိသည့် အနေအထားအတိုင်းထားရှိပြီး ၂၀၁၁- ၂၀၁၂ ခုနှစ်တွင် မှတ်တမ်းများပြန်လည်ပြုစု၍ တူးဖော်ထားသည့်နေရာကို မြေပြန်ဖို့ကာ ကျောက်တိုင်အမှတ်အသား စိုက်ထူခဲ့သည်။

ရုပ်အလောင်းများကို စနစ်တကျ မြှုပ်နှံခဲ့ခြင်း၊ ဦးခေါင်းကို မြောက်ဘက်သို့လှည့်ထားခြင်း၊ အလောင်းများနှင့်အတူ အသုံးအဆောင်များ၊ လက်ဝတ်တန်ဆာများ၊ လက်နက်များကို မြှုပ်နှံထားသဖြင့် ဟန်လင်းဒေသ၏ ကြေးခေတ်နှင့် ပျူခေတ် ယဉ်ကျေးမှု အထောက်ထားများကို မြင်တွေ့ကြရပေသည်။ ရုပ်အလောင်းများမြှုပ်နှံခဲ့ရာတွင် အတိမ်အနက် မတူညီသဖြင့် သင်္ချိုင်းနေရာတစ်ခုတည်းတွင် လူသေများကို ခေတ်အဆက်ဆက်မြှုပ်နှံခဲ့ကြောင်း သုံးသပ်တွေ့ရှိရပေသည်။

ဟန်လင်းတူးဖော်မှုများတွင် ထူးခြားသော တွေ့ရှိချက်တစ်ခုကို ၁၉၉၈ ခုနှစ် နိုဝင်ဘာလမှ ၁၉၉၉ ခုနှစ် ဇန်နဝါရီလအထိ တူးဖော်ခဲ့သော ကုန်းအမှတ်(၂၂)တွင် မြင်တွေ့ရသည်။ ဘာသာရေးအဆောက်အအုံဟု ယူဆနိုင်ဖွယ်ရှိသည့် ယင်းနေရာ၏ အုတ်ရိုးတန်းလေးဘက် အလယ်နေရာများတွင် စနစ်တကျစိုက်ထူထားသော အရွယ်မျိုးစုံ ကျောက်တုံးတိုင်များရှိသည်။ ဘာသာရေးအထိမ်းအမှတ်အဖြစ် ကျောက်တုံးတိုင်များစိုက်ထူသည့် ဓလေ့(Megalithic Culture)သည် ဟန်လင်းယဉ်ကျေးမှုတွင် ရှိနိုင်ခဲ့ကြောင်း အထောက်အထားတစ်ရပ် ဖြစ်လာခဲ့သည်။

လွန်ခဲ့သော နှစ် ၅၀၀၀ ဝန်းကျင်မှစ၍ ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်များကို ဖြတ်သန်းပြီး ပျူယဉ်ကျေးမှု ထွန်းကားခဲ့သည့် ဟန်လင်းသည် မြို့ပြနိုင်ငံတစ်ခုအဖြစ် အဆင့်မြင့်မားစွာ တည်ရှိခဲ့ကြောင်း တူးဖော်မှုများက သက်သေပြလျက်ရှိပြီး သိပ္ပံနည်းကျ ဓာတ်ခွဲစမ်းသပ် တွက်ချက်မှုများအရ ဟန်လင်းသည် ပျူမြို့ပြသုံးခုအနက် အစောဆုံး ဖြစ်ခဲ့သည်။

ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်စာရင်းဝင် ဟန်လင်းတွင် ဟန်လင်းကျောက်စာတိုက်၊ ဦးနာဂပြတိုက်နှင့် ရှေးဟောင်းသုတေသနဌာနပြတိုက်ဟူ၍ ရှေးဟောင်းသုတေသနဆိုင်ရာပြတိုက်သုံးခုအနက် ဦးနာဂပြတိုက်မှ လွဲ၍ ကျန်နှစ်ခုကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက တာဝန်ယူ ဖွင့်လှစ်ပြသထားသည်။ ဟန်လင်းဒေသသို့ ရောက်ရှိလာကြသူများသည် ယင်းပြတိုက်များသို့သွားရောက်၍ ဟန်လင်းဒေသ၏ သမိုင်းတစ်လျှောက် ဖြတ်သန်းခဲ့သည့် ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်နှင့် ပျူခေတ်များမှ ယဉ်ကျေးမှုအထောက်အထားများကို လေ့လာနိုင်ကြပေသည်။ ။



**ကိုးကား**

(၁) ဟန်လင်းမြို့ဟောင်းတူးဖော်မှုမှတ်တမ်း (ယဉ်ကျေးမှုဝန်ကြီးဌာန)

(၂) INVENTORY OF EXCAVATED SITES IN HALIN

(၃) ကိုယ်တွေ့ကွင်းဆင်းမှတ်တမ်းများ

# ရီးရဲမက်ဒရစ်တို့ အခက်တွေ့နိုင်တဲ့ စပိန်ဘုရင့်ဖလား ကွာတားဖိုင်နယ် ဒုတိယအကျော့




စပိန်ဘုရင့်ဖလား ကွာတားဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်တွေကို ဇန်နဝါရီ ၂၅ ရက်နဲ့ ၂၆ ရက်တွေမှာ ယှဉ်ပြိုင်ကစားမှာဖြစ်ပါတယ်။ ဒီပွဲစဉ်ဟာ အကြိုဗိုလ်လုပွဲ တက်ဖို့ အဆုံးအဖြတ်ပွဲစဉ်ဖြစ်တာကြောင့် တက်ကုန်လက်ကုန်ဖွင့်ရမယ့် အနေအထားပါပဲ။ အထူးသဖြင့် ပထမအကျော့ ရှုံးပွဲကြုံတွေ့ထားတဲ့ နာမည်ကြီး ရီးရဲမက်ဒရစ်တို့ အတွက်ကတော့ ဒီပွဲရလဒ်က အရေးကြီးနေပြီဖြစ်တာမို့ ပြတ်သားတဲ့ရလဒ်ထွက်ပေါ်အောင် အစွမ်းကုန်ခြေစွမ်းပြ ဆင်နွှဲမှာမို့ ပွဲကောင်းအဖြစ် အားပေးကြရဦးမှာ ဖြစ်ပါတယ်။

### ဘာစီလိုနာနှင့် ဆိုစီဒက်

အခုနောက်ပိုင်းပွဲစဉ်တွေမှာ ဘာစီလိုနာကို အခက်တွေ့အောင် ကစားနိုင်တဲ့ ဆိုစီဒက်ကို ဘာစီလိုနာတို့ အိမ်ကွင်းဖြစ်ပေမယ့် ပွဲမချောင်နိုင်ပါဘူး။ ဆိုစီဒက်ဟာ အဓိကကစားသမားတွေထုတ်သုံးပြီး နောက်တစ်ဆင့်အိပ်မက်ကို အကောင်အထည်ဖော်နိုင်ရေး ကြိုးစားမှာမို့ ဘာစီလိုနာအတွက် ပွဲကျပ်ဖြစ်နေပါတယ်။ ဘာစီလိုနာတို့က အခုပွဲမှာလည်း အဓိကကစားသမားတွေနဲ့ စုဖွဲ့လာမှာဖြစ်လို့ ဆိုစီဒက်တိုက်စစ်မှူးတွေ အခက်ကြုံနိုင်ပါတယ်။ ဘာစီလိုနာဟာ ဒီနှစ်မှာ စပိန်ဘုရင့်ဖလားကိုလည်း ပစ်မှတ်ထားနေတာမို့ အခုပွဲမှာတော့ အိမ်ရှင်ဘာစီလိုနာတို့ပဲ အောင်ပွဲခံသွားရဖို့ များပါတယ်။ ဆိုစီဒက်တို့ အမြင့်ဆုံးမျှော်လင့်ကာ သရေပွဲဖြစ်ပြီး ဘာစီလိုနာကို တက်စွမ်းသမျှ ဟန့်တားပိတ်ဆို့ ကစားသွားပါလိမ့်မယ်။

### ဆယ်လ်တာဗီဂိုနှင့် ရီးရဲမက်ဒရစ်

ပထမအကျော့ အိမ်ကွင်း ဘာနေဗျူးဟာ ကစားခဲ့တဲ့ပွဲရလဒ်က နှစ်ဂိုး-တစ်ဂိုး ဖြစ်ခဲ့တာကြောင့် ဒီပွဲမှာ ပြိုင်ဆိုင်မှု ပြင်းထန်ပါဦးမယ်။ ရီးရဲမက်ဒရစ်တို့က အဓိကကစားသမားတွေ ဒဏ်ရာမရှိတဲ့အပြင် ထိခိုက်ဒဏ်ရာရသူတွေလည်း ကြံ့ခိုင်မှုပြန်လည်ရရှိလာပြီဖြစ်တာကြောင့် အရှိန်အဟုန်နဲ့ တိုက်စစ်ဖွင့်ကစားပြီး အိမ်ရှင်ကို ဂိုးပြတ်သွင်းအောင်ပွဲခံအနိုင်ယူပါလိမ့်မယ်။ ရီးရဲမက်ဒရစ်တို့က ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ် မတ် ၃ ရက်ကလည်း ဆယ်လ်တာဗီဂိုကို ဂိုးဒါဇင်ဝက်ကျော်သွင်းပြီး အောင်ပွဲခံခဲ့တာမို့ အခုပွဲမှာ ရီးရဲမက်ဒရစ်ရဲ့နိုင်ပွဲလို့ ယုံကြည်မိပါတယ်။

### အီဘာနှင့် အက်သလက်တီကို

ခြေစွမ်းပုံမှန်ပြနိုင်နေတဲ့ အက်သလက်တီကိုဟာ ပထမအကျော့မှာ သုံးဂိုးပြတ်နိုင်ပွဲရယူထားပါတယ်။ တိုက်စစ်ဖွင့်ကစားတတ်တဲ့ အက်သလက်တီကိုတို့က အခုပွဲ အဝေးကွင်းဖြစ်ပေမယ့် လူစုံထုတ်ကစားပါလိမ့်မယ်။ အီဘာတို့က နောက်ဆုံးသုံးပွဲ ကစားခဲ့တဲ့ရလဒ်ကိုကြည့်ရင် နိုင်ပွဲမရခဲ့တာချည်းဖြစ်တာမို့ အနိုင်ရလဒ်ကို မျှော်မှန်းလို့မရနိုင်ပါဘူး။ အက်သလက်တီကိုတို့က တိုက်စစ်ရောခံစစ်ပါ ဟန်ချက်ညီအောင် ကစားနိုင်ပြီး တိုက်စစ်မှူးတွေကလည်း ဂိုးရအောင် သွင်းယူနိုင်မှုတွေဖြစ်တာမို့ အီဘာကို ဂိုးပြတ်သွင်းပြီး အောင်ပွဲခံပါလိမ့်မယ်။

### အလာဗက်စ်နှင့် အယ်လ်ကော်ကွန်

ပထမအကျော့ပွဲစဉ်မှာ အလာဗက်စ်တို့က နှစ်ဂိုးပြတ်နဲ့ နိုင်ပွဲရထားခဲ့လို့ အယ်လ်ကော်ကွန်တို့ အဝေးကွင်းမှာ ရင်ပွင့်မတတ်ကစားရဦးမှာဖြစ်ပါတယ်။ အခုတလော နိုင်ပွဲတွေပြန်ရနေတဲ့ရလဒ်ဟာ သူတို့စွမ်းဆောင်မှု ပြန်တက်လာတယ်ဆိုတာ ပြသနေပါတယ်။ အလာဗက်စ်ရဲ့ ရှေ့လယ်နောက်ဟန်ချက်ညီညီ ကစားနိုင်တဲ့ လက်ရှိခြေစွမ်းကြောင့် အယ်လ်ကော်ကွန်တို့ အကြိုဗိုလ်လုပွဲ တက်ရောက်သွားနိုင်မလား ကြည့်ရမှာဖြစ်ပါတယ်။ ပုံမှန်ခြေစွမ်းပြန်ရနေတဲ့ အလာဗက်စ်ကြောင့် အယ်လ်ကော်ကွန်တို့ နောက်တစ်ဆင့်တက်ရောက်ရေး အိပ်မက်ကို အကောင်အထည်ဖော်ရမှာ မဟုတ်ပါဘူး။ ။

**မိုးမြင့်လင်းလက်**




## ဝက်စ်ဘရွန်းတိုက်စစ်မှူးကို စတုတ်ခေါ်ယူ


ဝက်စ်ဘရွန်းတိုက်စစ်မှူး ဆိုင်ဒိုဘာရာဟီနိုကို စတုတ်စီးတီးအသင်းက ပြောင်းရွှေ့ကြေးပေါင် ၁၅ သန်းနဲ့ ခေါ်ယူလိုက်ပြီဖြစ်ပါတယ်။ တိုက်စစ်မှူး ဘာရာဟီနိုအနေနဲ့ လာမယ့်ပြိုင်ပွဲတွေမှာ အသင်းသစ်အတွက် ဂိုးတွေသွင်းယူပေးနိုင်လိမ့်မယ်လို့ စတုတ်စီးတီး နည်းပြ မာ့ခ်ဟုချ်က အခိုင်အမာပြောဆိုလိုက်ပါတယ်။ စတုတ်စီးတီးအသင်းဟာ ဘာရာဟီနိုကို ငါးနှစ်ခွဲသက်တမ်းရှိတဲ့ စာချုပ်ချုပ်ဆိုပြီး ခေါ်ယူခဲ့တာဖြစ်ပါတယ်။

အသက် ၂၃ နှစ်အရွယ်သာ ရှိသေးတဲ့ ဘာရာဟီနိုဟာ စတုတ်အသင်းအတွက် အကောင်းဆုံး ခြေစွမ်းပြကစားနိုင်လိမ့်မယ်လို့လည်း နည်းပြ မာ့ခ်ဟုချ်က မျှော်လင့်ထားပါတယ်။ စတုတ်ကို ပြောင်းရွှေ့ခဲ့တာဟာ ဝက်စ်ဘရွန်းအသင်းမှာ နေရာမရဖြစ်နေတဲ့ ဘာရာဟီနိုအတွက် အကောင်းဆုံးထွက်ပေါက်တစ်ခုလည်းဖြစ်ပါတယ်။ သူဟာ အကောင်းဆုံးကစားသမားတစ်ဦးဖြစ်လာလိမ့်မယ်။ ဝက်စ်ဘရွန်းအသင်းမှာ ခြေစွမ်းပြခွင့်မရခဲ့ပေမယ့် အကောင်းဆုံးတိုက်စစ်မှူးတစ်ဦးဖြစ်တယ်လို့ မာ့ခ်ဟုချ်က ဆိုပါတယ်။ လာမယ့်ပြိုင်ပွဲတွေမှ ဘာရာဟီနိုရဲ့ခြေစွမ်းကို စတုတ်အသင်းနဲ့အတူ တွေ့ရဖို့ရှိနေပြီဖြစ်ပါတယ်။

## ဝက်စ်ဟမ်းတိုက်စစ်မှူးဟောင်းကို အလိုရှိနေတဲ့ ဝက်ဖို့ဒ်

ဝက်စ်ဟမ်းအသင်းရဲ့ တိုက်စစ်မှူးဟောင်း အာဂျင်တီးနားနိုင်ငံသား မော်ရိုဇာရာတေးဟာ ဝက်ဖို့အသင်းကို ပြောင်းရွှေ့ဖို့ သဘောတူလိုက်ပြီဖြစ်တာကြောင့် ပရီမီယာလိဂ်ကို ပြန်ရောက်လာဖို့ ရှိနေပါတယ်။ ဝက်စ်ဟမ်းအသင်းကနေ အီတလီစီးရီအေကလပ် ဖီအိုရင်တီးနားကို ရောက်သွားတဲ့ မော်ရိုဇာရာတေးကို ဝက်ဖို့ဒ်က ပေါင်နှစ်သန်းခွဲနဲ့ ခေါ်ယူဖို့ ပြင်ဆင်လျက်ရှိပါတယ်။

အသက် ၂၉ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဇာရာတေးဟာ ယခုနှစ်ရာသီမှာ ဖီအိုရင်တီးနားအတွက် လေးဂိုးသာ သွင်းယူပေးထားနိုင်ခဲ့ပါတယ်။ သူဟာ ၂၀၀၈ ခုနှစ်က ဝက်စ်ဟမ်း၊ ကျူပီအာတို့နဲ့အတူ ပရီမီယာလိဂ်မှာ ပါဝင်ကစားခဲ့ပြီး ထိပ်တန်းကစားသမားတစ်ဦးဖြစ်ခဲ့ပါတယ်။ ဝက်စ်ဟမ်း၊ ကျူပီအာမှာ မကစားမီကလည်း သူဟာ အီတလီစီးရီးအေ ထိပ်တန်းကလပ်တွေဖြစ်တဲ့ မီလန်နဲ့ လာဇီယိုတို့မှာ ကစားခဲ့ဖူးသူဖြစ်ပါတယ်။







## မန်ယူမှာ ဂိုးသွင်းစံချိန်သစ်တင်တဲ့ ရွန်းနီ

မန်ယူနဲ့ စတုတ်စီးတီး တစ်ဂိုးစီသရေကျတဲ့ပွဲမှာ ရွန်းနီဟာ အသင်းအတွက် လိုအပ်တဲ့ တစ်ဂိုးကို သွင်းယူပေးနိုင်ခဲ့ပါတယ်။ ဒီဂိုးဟာ ရွန်းနီရဲ့မန်ယူအတွက် ကစားခဲ့တဲ့ပွဲတွေမှာ ၂၅၀ မြောက်ဂိုးအဖြစ် သွင်းယူခဲ့တာဖြစ်ပြီး မန်ယူအသင်း သမိုင်းတစ်လျှောက်မှာ ဂိုးအများဆုံးသွင်းသူအဖြစ် စံချိန်သစ်တင်ခဲ့တာလည်းဖြစ်ပါတယ်။ အလွတ်တည်ကန်ဘောကနေ သွင်းယူခဲ့တဲ့ ဒီဂိုးဟာ မန်ယူအတွက် ရွန်းနီရဲ့သမိုင်းဝင်တဲ့ဂိုးလည်း ဖြစ်လာပါတယ်။ အသက် ၃၁ နှစ် အရွယ်ရှိပြီဖြစ်တဲ့ မန်ယူအသင်းခေါင်းဆောင် ရွန်းနီဟာ ဂိုးသွင်းစွမ်းရည် ပြည့်ဝနေဆဲဖြစ်ပြီး မန်ယူအတွက် အဓိကတိုက်စစ်မှူးအဖြစ် ရပ်တည်နေဆဲဖြစ်ပါတယ်။

ဒီပြိုင်ပွဲအပြီးမှာ မန်ယူဟာ အမှတ်ပေးဇယားမှာ နံပါတ် ၅ နေရာက ရပ်တည်လျက်ရှိပါတယ်။ ပွဲစဉ် ၂၂ အပြီးမှာ ချယ်လ်ဆီးက ရမှတ် ၅၂ မှတ်နဲ့ ထိပ်ဆုံးက ရပ်တည်နေပြီး စပါးအသင်းက ၄၆ မှတ်နဲ့ ဒုတိယ၊ လီဗာပူးအသင်းက ၄၅ မှတ်နဲ့ တတိယနေရာမှာ ရှိနေပါတယ်။

**ကောင်းမြတ်သူ-စုစည်းသည်။**

# ဆင်သေဆည်ရေသောက်စနစ် လိုအပ်ချက်များ တောင်သူများနှင့်တွေ့ဆုံဆွေးနွေး

**တပ်ကုန်း ဇန်နဝါရီ ၂၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနနှင့် THE WORLD BANK မှ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုစီမံကိန်း(Agricultural Development Assistant Project-ADAP) တို့ ပူးပေါင်း၍ နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ်ရှိ ဆင်သေဆည်ရေသောက်စနစ် လိုအပ်ချက်များနှင့် ပတ်သက်၍ ဆည်ရေအသုံးပြုသည့် တောင်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲကို ဇန်နဝါရီ ၂၀ ရက်က ညောင်လွန့်ကျေးရွာအုပ်စုရှိ စိုက်ပျိုးရေး၊ စီပွားရေး အသိပညာပေးစင်တာ၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန(ရုံးချုပ်)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးထွန်းအောင်က ဆင်သေဆည်ရေသောက်စနစ် ပြုပြင်ရန်နှင့် တောင်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရေး ဆွေးနွေးပြောကြားပြီး နေပြည်တော် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးလင်းလင်းစိုးက (တပ်ကုန်း)ဆင်သေဆည်ရေသောက် တောင်သူများအနေဖြင့် တူးမြောင်းအလိုက် ဆည်ရေအသုံးပြုတောင်သူများအဖွဲ့ ဖွဲ့စည်းခြင်းအကြောင်း ဆွေးနွေးခဲ့သည်။

ထို့နောက် ဆွေးနွေးပွဲတက်ရောက်သော တောင်သူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းကြပြီး မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမျိုးဝင်းက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။ ၂၀၁၆-၂၀၁၇ ခုနှစ် နွေစပါးစိုက်ရာသီအတွင်း (တပ်ကုန်း)ဆင်သေဆည်ရေသောက်စနစ်မှ ရေဖြင့် နွေစပါး ဧက ၃၀၀၀ စိုက်ပျိုးရန် လျာထားကြောင်း သိရသည်။

**တင်စိုးလွင်(တပ်ကုန်း)**




# ငွေရတု ဆွမ်းဆန်တော်လောင်းလှူပွဲ ကျင်းပမည်

**ညောင်တုန်း ဇန်နဝါရီ ၂၃**

ညောင်တုန်းမြို့နယ်လုံးဆိုင်ရာ သာသနာ့နုဂ္ဂဟ ဈေးကြီးဆန်လှူအသင်းကြီးက ဦးဆောင်၍(၂၅)ကြိမ်မြောက် ဆွမ်းဆန်တော်လောင်းလှူပွဲကြီးနှင့် ဗုဒ္ဓပူဇနိယ တရားဓမ္မသဘင် အခမ်းအနားကို ဇန်နဝါရီ ၂၇ ရက်(ပြာသိုလကွယ်နေ့) ညနေ ၄ နာရီတွင် စည်ကားစွာကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဆွမ်းဆန်တော်လောင်းလှူပွဲတွင် မြို့ပေါ်ဘုန်းကြီးကျောင်းတိုက်အသီးသီးမှ သံဃာတော်များနှင့် သီလရှင်အပါး ၈၀၀ ကျော် ကြွရောက်အလှူခံမည်ဖြစ်ပြီး ဆန်လှူအသင်းအမှုဆောင်များ၊ အသင်းဝင်များ၊ စေတနာရှင်များက ဆွမ်းဆန်တော်များနှင့် အခြားလှူဖွယ်ပစ္စည်းများ လှူဒါန်းကြမည်ဖြစ်ကာ မြို့ပေါ်ကျောင်းတိုက်အသီးသီးတွင် နှစ်ပေါင်းများစွာ စာဝါပို့ချတော်မူနေကြသော ဓမ္မာစရိယဘွဲ့ရ သံဃာတော်များကိုလည်း ဆွမ်းဆန်တော်တစ်အိတ်နှင့် နဝကမ္မဝတ္တုငွေတစ်ပါးလျှင် ၁၀၀၀၀ ကျပ်နှုန်းဖြင့် အသင်းကြီးမှ ဆပ်ကပ်လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် အထက(၁) အထက(၂)နှင့် အထက(ခွဲ)(မြို့မ)ကျောင်းများမှ ဆရာ ဆရာမများ၊ကျောင်းသား ကျောင်းသူများကလည်း ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ပါဝင်လှူဒါန်းကြမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းကျော်(ညောင်တုန်း)**

# ဆင်ခြေထောက်ရောဂါ ကင်းဝေးရေး ဆွေးနွေး

**ကျောက်ကြီး ဇန်နဝါရီ ၂၃**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ မြို့နယ်အဆင့် ဆင်ခြေထောက်ရောဂါကင်းဝေးရေး အသိပညာပေးဆွေးနွေးပွဲကို ဇန်နဝါရီ ၂၀ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲသို့ ပြည်သူ့ကျန်းမာရေးဌာန ဝန်ထမ်းများ၊ တပ်မတော် ဆေးဘက်ဆိုင်ရာဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ တက်ရောက်ကြပြီး ကျောက်ကြီးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မျိုးအောင်က အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာမိုးကျော်သူက ဆင်ခြေထောက်ရောဂါဖြစ်ပွားပုံနှင့် ရောဂါကင်းဝေးအောင်ကာကွယ်ခြင်းအကြောင်း၊ မြို့နယ်ကျန်းမာရေးမှူးအဆင့်(၁) ဦးစန်းအောင်က ဆင်ခြေထောက်ရောဂါကင်းဝေးရေးအတွက် လူအားလုံးကို ကာကွယ်ဆေးကျွေးခြင်းလုပ်ငန်းအကြောင်းကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ကျောက်ကြီးမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများအားလုံးတွင် လူအားလုံး ဆင်ခြေထောက်ရောဂါကာကွယ်ဆေး တိုက်ကျွေးခြင်းလုပ်ငန်းကို ဇန်နဝါရီ ၂၀ရက်မှ စတင်ဆောင်ရွက်လျက်ရှိပြီး ဇန်နဝါရီ ၂၉ရက်အထိ ဆေးတိုက်ကျွေးမှုများ ဆောင်ရွက်သွားမည်ဟု သိရသည်။ **(ဝ၄၅)**

# မကွေးတက္ကသိုလ် ခြေလျင်နှင့်တောင်တက်အသင်း လမ်းလျှောက်စမ်းသပ်စစ်ဆေး

**မကွေး ဇန်နဝါရီ ၂၃**

၂၀၁၆-၂၀၁၇ ပညာသင်နှစ် မကွေးတက္ကသိုလ် ခြေလျင်နှင့်တောင်တက်အသင်း၏ ပထမအကြိမ် တောင်တက်ခရီးစဉ်ဖြစ်သည့် ကလောမြို့နယ် မြင်းမထိတောင်ခရီးသို့ လိုက်ပါမည့် အသင်းဝင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ပထမအကြိမ်နှင့် ဒုတိယအကြိမ် လမ်းလျှောက်စစ်ဆေးသည့် အစီအစဉ်ကို ဇန်နဝါရီ ၂၁ ရက်နှင့် ၂၂ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။




မကွေးတက္ကသိုလ် ခြေလျင်နှင့်တောင်တက်အသင်းသည် မကွေးတက္ကသိုလ် ပါမောက္ခချုပ်၏ စီစဉ်ကြီးကြပ်မှုဖြင့် နှစ်စဉ် တောင်တက်ခရီးစဉ်ကို ပြုလုပ်လျက်ရှိရာ ယခုနှစ်တွင် ကလောမြို့နယ် မြင်းမထိတောင်သို့ လမ်းလျှောက်ခရီးစဉ်အဖြစ် ဖေဖော်ဝါရီလအတွင်း သွားရောက်ရန် စီစဉ်ထားရှိပြီး လိုက်ပါမည့် အသင်းဝင် ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား လမ်းလျှောက်စစ်ဆေးခဲ့ခြင်းဖြစ်သည်။

ပထမအကြိမ် လမ်းလျှောက်စစ်ဆေးခြင်းအဖြစ် ဇန်နဝါရီ ၂၁ ရက် နံနက်က မကွေးတက္ကသိုလ် ဘက်စုံခန်းမရှေ့မှ စတင်ထွက်ခွာခဲ့ပြီး ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၆၃၀ ခန့်က တက္ကသိုလ်မုခ်ဦးမှ တောင်တွင်းလမ်း၊ အဝိုင်းပတ်မှတစ်ဆင့် ဗိုလ်ချုပ်လမ်း၊ မြို့ရှောင်လမ်း၊ ကံ့ကော် ၁၀၀၀ အောင်ပုံတောရကျောင်းလမ်းမှတစ်ဆင့် မြသလွန်ဘုရားတွင် ဦးခိုက်ပြီး မြသလွန်ကားလမ်းမှတစ်ဆင့် ဆိပ်ကမ်းသာလမ်း၊ အောင်မေတ္တာ(က)အဝိုင်းပတ်၊ သစ်တောလမ်း၊ မြင်းကင်းလမ်း၊ တောင်တွင်းလမ်းမှတစ်ဆင့် မကွေးတက္ကသိုလ် ဘက်စုံခန်းမရှေ့သို့ ပန်းဝင်ခဲ့သည်။

ခရီးစဉ်သို့လိုက်ပါမည့် အသင်းဝင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား လာမည့် စနေ၊ တနင်္ဂနွေနေ့များဖြစ်သည့် ၂၈ ရက်နှင့် ၂၉ ရက်တွင်လည်း တတိယနှင့် စတုတ္ထအကြိမ်အဖြစ် ဆက်လက်၍ လမ်းလျှောက်စစ်ဆေးမှု ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းနိုင်ဦး(ဇဖဲ)**

# မြစိမ်းရောင်အကောင်အထည်ဖော်ရေး လက်စွဲစာစောင်ရှင်းလင်း

**ပေါက်ခေါင်း ဇန်နဝါရီ ၂၃**

ပေါက်ခေါင်းမြို့နယ်အတွင်းရှိ မြစိမ်းရောင်ကျေးရွာ ၂၅ ရွာမှ ကျေးရွာ ၁၂ ရွာဖြစ်သော ပိန်းတော၊ ငါးဘတ်ကုန်း၊ ကျွန်းပင်စမ်း၊ တောင်လည်၊ ကောင်းစီ၊ ဂုံမင်းခုံ၊ ရပ်သစ်၊ မြောက်လက်ကြီး၊ အရှေ့မကွေ၊ ကွမ်းအုံစု၊ အနောက်ကြို့ကုန်း၊ ဆင်ဖြူကန် ကျေးရွာများအား ဘန့်ပြင်အုပ်စု၊ ပိန်းတောကျေးရွာဓမ္မာရုံ၌ မြစိမ်းရောင်နှစ်ပတ်လည် ကျေးရွာအဆင့် သုံးသပ်ဆွေးနွေးပွဲနှင့် အကောင်အထည်ဖော်ရေး လက်စွဲစာစောင်ရှင်းလင်းခြင်းတို့ကို ဇန်နဝါရီလ ဒုတိယပတ်က ပြုလုပ်ခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နီနီဒွန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် မဲဆန္ဒနယ် အမှတ် (၁) ဦးသက်မင်းဇော်၊ မြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး၊ မြို့နယ်မြစိမ်းရောင်ကော်မတီများနှင့် ကျေးရွာကော်မတီ ၈၄ ဦး တက်ရောက်ခဲ့သည်။ မြစိမ်းရောင်ကျေးရွာကော်မတီများမှ အားသာချက်၊ အားနည်းချက်များနှင့် အကောင်အထည်ဖော်ရေးလက်စွဲစာစောင်မှ မရှင်းလင်းသည်များကို မေးမြန်းရာ မြို့နယ်ဦးစီးမှူး ဦးမောင်မောင်ကြည်က ပြန်လည်ရှင်းလင်းပြောကြားခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

# ပြည်သူ့စာကြည့်တိုက်၌ ပန်းအလှပြင်သင်တန်း ဖွင့်လှစ်

**တောင်ငူ ဇန်နဝါရီ ၂၃**

တောင်ငူမြို့မှ ဒေသခံအမျိုးသမီးငယ်များအနေဖြင့် အိမ်တွင်းမှု ပညာရပ်များကျွမ်းကျင်ရန်နှင့် ပန်းအလှဆင်ပညာရပ်ဖြင့် ဝင်ငွေရှာဖွေကာ ဘဝရပ်တည်နိုင်ရေးအတွက် ရည်ရွယ်၍ ပန်းအလှပြင်သင်တန်းကို တောင်ငူခရိုင် ပြည်သူ့စာကြည့်တိုက်၌ ဇန်နဝါရီ ၂၁ ရက်က ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။

သင်တန်းကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တောင်ငူခရိုင်ရုံးနှင့် တောင်ငူမြို့ အိမ်တွင်းမှုနှင့် သက်မွေးပညာသင်ကျောင်းတို့ ပူးပေါင်း၍ ဖွင့်လှစ်ပေး ခဲ့ခြင်းဖြစ်ပြီး သင်တန်းသို့ ပန်းအလှဆင်ပညာရပ်ကို စိတ်ပါဝင်စားသူ အသက်အရွယ်စုံ သင်တန်းသားသင်တန်းသူ ၃၀ တက်ရောက်ခဲ့သည်။

တောင်ငူခရိုင် ပြည်သူ့စာကြည့်တိုက်တွင် ယခင်တစ်ပတ်ကလည်း မြန်မာ့ရိုးရာမုန့်လုပ်နည်းသင်တန်းကို ဖွင့်လှစ်ပို့ချပေးခဲ့ပြီး ဆက်လက်၍လည်း အိမ်တွင်းမှုပညာသင်တန်းများကို ဖွင့်လှစ်ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်ရွှေဝင်း(ပြည်)**



## မှုခင်းသတင်းတိုများ

### တာမွေမြို့နယ်တွင် မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

တာမွေမြို့နယ် ဘိုးလိန်း အောင်မင်္ဂလာရပ်ကွက်အတွင်း၌ ဇန်နဝါရီ ၂၀ ရက်က စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ မူးယစ်ဆေးဝါးသတင်းအရ မူးယစ်တပ်ဖွဲ့စု(၄၃)မှ ရဲအုပ်နေခြည်လင်း ဦးစီးသော တပ်ဖွဲ့ဝင် များက ဘိုးလိန်း အောင်မင်္ဂလာရပ်ကွက် နှင်းဆီလမ်း၌ စောင့်ဆိုင်းရှာဖွေစဉ် မောင်မောင်သိန်း (၃၃ နှစ်)ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၅ ပြားကို စီးကရက်ဘူးများအတွင်း ထည့်သွင်းသယ်ဆောင်လာသည်ကို တွေ့ရသဖြင့် တာမွေမြို့မ ရဲစခန်း၌ ဥပဒေအရ အမှုဖွင့်ထားကြောင်း သိရသည်။

**လှလှ**

### ခရီးသည်တင်ယာဉ်တစ်စီး ဘရိတ်ပေါက်ပြီး ချောက်ထဲသို့ထိုးကျ

ကသာခရိုင် ပင်လည်ဘူး-ဖောင်းပြင် ကားလမ်းပေါ် ဇီးဖြူတောင်အဆင်း၌ ခရီးသည်ယာဉ်တစ်စီး ဘရိတ်ပေါက်ပြီး ချောက်ထဲသို့ထိုးကျတိမ်းမှောက်မှု ဇန်နဝါရီ ၂၁ ရက်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။ သတင်းအရ ပင်လည်ဘူးမြို့မရဲစခန်းမှ ဒုရဲအုပ်လှိုင်ပေါ်နှင့် တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးချက်အရ ဖောင်းပြင်မြို့မှ ပင်လည်ဘူးမြို့သို့ ရွှေဥရုမန်းကားအသင်းမှ ယာဉ်မောင်း မြင့်ဦး(ခ)မင်းဦးမောင်းနှင်ပြီး ခရီးသည် ၁၄ ဦးတင်ဆောင်လာသည့် ခရီးသည်တင်မှန်လုံယာဉ်ငယ်သည် ဇီးဖြူတောင်ကုန်းအဆင်း၌ ရုတ်တရက် ဘရိတ်ပေါက်ပြီး ကားလမ်း၏ယာဘက်ချောက်ထဲသို့ ထိုးကျတိမ်းမှောက်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ယာဉ်တိမ်းမှောက်မှုကြောင့် ခရီးသည် ၁၄ ဦးအနက် အမျိုးသမီးနှစ်ဦးတွင် ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်တွင် ယာဉ်မောင်းသူမြင့်ဦး(ခ)မင်းဦးမှာ ထွက်ပြေးတိမ်းရှောင်သွားသဖြင့် ပင်လည်ဘူးမြို့မ ရဲစခန်း၌ အမှုဖွင့်ထားပြီး အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

# မဟာရွှေစည်ကြီးစေတီတော် ဗုဒ္ဓပူဇနိယပွဲ ကျင်းပမည်



**ကန့်ဘလူ ဇန်နဝါရီ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့၏ ကျက်သရေဆောင် မဟာရွှေစည်ကြီးစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ကို အစဉ်အလာမပျက် နှစ်စဉ်ကျင်းပခဲ့ရာ ယခုနှစ်တွင် (၁၇)ကြိမ်မြောက်ဘုရားပွဲတော်ကို ဖေဖော်ဝါရီ ၅ ရက်မှ ၁၄ ရက်အထိ ၁၀ ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း စေတီတော်ဂေါပကအဖွဲ့ထံမှ သိရသည်။

ဘုရားပွဲတော်ရက်အတွင်း မဟာရွှေစည်ကြီးစေတီတော်မြတ်ကြီးနှင့် ပရိဝုဏ်အတွင်းရှိ သာသနိက အဆောက်အအုံများအား ရောင်စုံမီးများ ထွန်းညှိပူဇော်မည်ဖြစ်ကာ ဖေဖော်ဝါရီ ၅ ရက်တွင် ပဋ္ဌာန်းလှည့်လည်အပူဇော်ခံ၍ ပဋ္ဌာန်းမဏ္ဍပ်၌ဖွင့်ပွဲ အခမ်းအနားကျင်းပခြင်းနှင့် ငါးရက်တိုင် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကျင်းပခြင်း၊ ဖေဖော်ဝါရီ ၉ ရက်တွင် ပဋ္ဌာန်းအောင်ပွဲကျင်းပခြင်း၊ ဖေဖော်ဝါရီ ၅ ရက်မှ ၁၄ ရက်အထိ သာသနာ့ဗိမာန်တော်၌ မြို့ပေါ် ရပ်ကွက်ငါးခုမှ အသင်းများ၊ အထက(၁)၊ အထက(၂) နှင့် ဂီတီစီအသင်းများက ဓမ္မစကြာနှင့် ပရိတ်ကြီးရွတ်ဖတ်ပူဇော်ခြင်း၊ မဟာရွှေစည်ကြီးစေတီတော်ပရိဝုဏ်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်များအား ပန်း ၉၀၀၀၊ သစ်သီး ၉၀၀၀ ဆက်ကပ်ပူဇော်ခြင်း၊ ဖေဖော်ဝါရီ ၁၁ ရက်တွင် စေတီရင်ပြင်တော်၌ ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ခြင်း၊ ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပခြင်း၊ ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်းစသည့် အစီအစဉ်များ ပါဝင်မည်ဖြစ်ကြောင်း ဂေါပကအဖွဲ့မှ သိရသည်။

ပျော်ပွဲရွှင်ပွဲအစီအစဉ်အနေဖြင့် ထမနဲထိုးပြိုင်ပွဲ၊ ဖူဆယ်ဘောလုံး၊ ပိုက်ကျော်ခြင်း၊ ကြက်တောင်၊ ခြင်းအလှခတ်၊ ထုပ်ဆီးတိုးပြိုင်ပွဲများ ကျင်းပပြီး ဖေဖော်ဝါရီ ၅ ရက်မှ ၈ ရက် ညများတွင် မိုးအလင်းရုပ်ရှင်ပြသခြင်း၊ ဖေဖော်ဝါရီ ၉ ရက်မှ ၁၁ ရက်ထိ အငြိမ့်ဖြင့်ဖျော်ဖြေခြင်း၊ ဖေဖော်ဝါရီ ၅ ရက်မှ ၁၄ ရက်အထိ ခြင်းအလှခတ်ပြပွဲများနှင့် ဖေဖော်ဝါရီ ၃ ရက်မှ ၁၂ ရက်အထိ စျေးရောင်းပွဲတော်များကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်အသီးသီးမှပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးအတွက် အခမဲ့ မျက်စိ စမ်းသပ်ခွဲစိတ်ကုသပေးခြင်းကိုလည်း ကန့်ဘလူမြို့တွင် အခြေပြု၍ ဘုရားပွဲတော် ၁၀ ရက်အတွင်း အခမဲ့ဆေးဝါးကုသမှုများဆောင်ရွက်ပေးမည်ဖြစ်ကြောင်းသိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# မသန်စွမ်းသူများရှေ့ဆောင်အဖွဲ့၏ ဖန်းမော်ခရိုင်ရုံးခွဲစတင်ဖွင့်လှစ်

**ဖန်းမော် ဇန်နဝါရီ ၂၃**

ကချင်ပြည်နယ် ဖန်းမော်မြို့၌ မြန်မာနိုင်ငံ မသန်စွမ်းသူများရှေ့ဆောင်အဖွဲ့၏ ဖန်းမော်ခရိုင်ရုံးခွဲ ဖွင့်ပွဲကို ဇန်နဝါရီ ၂၁ ရက်က တံခွန်ပညာရေးစင်တာ ခန်းမ၌ ကျင်းပခဲ့သည်။

ရုံးခွဲဖွင့်ပွဲတွင် ဖန်းမော်ခရိုင်ရုံးခွဲ၏ အကြံပေးပုဂ္ဂိုလ် ဆရာဦးကျော်သူရက မိတ်ဆက်စကားပြောကြားပြီး မြန်မာနိုင်ငံ မသန်စွမ်းသူများရှေ့ဆောင်အဖွဲ့၏ ဖန်းမော်ခရိုင် ရုံးခွဲ ဥက္ကဋ္ဌ အရှင်သြသဓေ က ရုံးခွဲဖွင့်ရခြင်း၏ ရည်ရွယ်ချက်နှင့် သြဝါဒစကားများ မိန့်ကြားသည်။ ယင်းနောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းက မသန်စွမ်းသူများ အခွင့်အရေးအကြောင်းကိုလည်းကောင်း၊ ဖန်းမော်ခရိုင် ဥပဒေအရာရှိ ဦးဆန်းထွဋ်က မသန်စွမ်းသူများအခွင့်အရေးနှင့် ဥပဒေအကြောင်းကိုလည်းကောင်း၊ ဖန်းမော်ခရိုင် လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးခင်ထွန်းက မသန်စွမ်းသူများအတွက် လူမှုဝန်ထမ်းဦးစီးဌာနမှ လုပ်ဆောင်ပေးနိုင်သည့် လုပ်ငန်းဆောင်ရွက်ချက်များကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဖန်းမော်နှစ်ခြင်းခရစ်ယာန်အသင်းတော်မှ သင်းအုပ်ဆရာ ဦးတူးဂျာက မသန်စွမ်းသူများအတွက် ဝိုင်းဝန်းကူညီပေးကြရေးကို တိုက်တွန်းပြောကြားပြီး မြို့မိမြို့ဖ ဦးမြင့်ဆွေက မြန်မာနိုင်ငံ မသန်စွမ်းသူများရှေ့ဆောင်အဖွဲ့၏ ဖန်းမော်ခရိုင် ရုံးခွဲ ဖွင့်လှစ်နိုင်သည့်အတွက် ဝမ်းမြောက်စကား ပြောကြားကာ မိုးမောက်မြို့နယ်ကိုယ်ခန္ဓာ မသန်စွမ်းသူများအသင်း နာယက ဦးဆွတ်နောင်က လုပ်ငန်းအတွေ့အကြုံများနှင့် လိုအပ်ချက်များကို ဖြည့်စွက်ပြောကြားခဲ့သည်။

**(ခရိုင် ပြန်/ဆက်)**

# မှုခင်းဖြစ်ပွားမှု ကျဆင်းရေးအတွက် လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေး

**ဂန့်ဂေါ ဇန်နဝါရီ ၂၃**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်အတွင်း တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကျဆင်းရေးတို့အတွက် ဂန့်ဂေါခရိုင်ရဲတပ်ဖွဲ့နှင့် ရပ်ကွက်/ကျေးရွာများရှိ လူမှုရေးအသင်းအဖွဲ့များ တွေ့ဆုံဆွေးနွေးပွဲကို ဇန်နဝါရီ ၂၁ ရက်က ဂန့်ဂေါခရိုင်ရဲတပ်ဖွဲ့ရုံး၌ ပြုလုပ်ခဲ့သည်။

တွေ့ဆုံပွဲတွင် ဂန့်ဂေါခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကျော်လင်းက မြို့နယ်အတွင်း မှုခင်းကျဆင်းရေးအတွက် ရဲတပ်ဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းကာ ဆွေးနွေးပွဲနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်မင်းလှိုင်နှင့် ဆွေးနွေးပွဲတက်ရောက်သည့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက မှုခင်းကျဆင်းရေး၊ လောင်းကစားမှုများ လျှော့နည်းပပျောက်ရေး၊ မူးယစ်ဆေးဝါးတရားမဝင်ရောင်းဝယ်မှုများ ကျဆင်းပပျောက်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စသည့် ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်မည့် အခြေအနေတင်ပြချက်များအပေါ် ခရိုင်ရဲတပ်ဖွဲ့မှူးက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**(၁၀၁)**

# ဝမ်ကျိုင်းကျေးရွာ တံတားသစ်ဖွင့်ပွဲကျင်းပ

**မိုင်းယု ဇန်နဝါရီ ၂၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယုမြို့ ဝမ်တာကြန့်ကျေးရွာအုပ်စု ဝမ်ကျိုင်းကျေးရွာ၌ ကျေးရွာအဝင် နမ့်ဖွန်ချောင်းပေါ်တွင် တည်ဆောက်ထားသော ဝမ်ကျိုင်းတံတားသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၂၁ ရက်က ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် တံတားသစ်ကို မိုင်းယုမြို့အုပ်ချုပ်ရေးမှူး ဦးကျော်စွာနှင့် ရပ်မိရပ်ဖ ဦးကျောက်ဆမ်နွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။ တံတားသစ်သည် အကျယ် ၁၂ ပေ၊ အရှည် ၆၄ ပေရှိ သစ်သားတံတားဖြစ်ကာ မိုင်းယုဒေသ ကော်ဟိုလွယ်စခန်းရှေ့တန်းတပ်ရင်းမှူး၊ အမှတ်(၁၀၀၈) နယ်ခြားတပ်မှူး၊ မိုင်းယုမြို့အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ မြို့မရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူများ စုပေါင်းထည့်ဝင်ငွေ ကျပ် သိန်း ၅၀ ဖြင့် တည်ဆောက်ခဲ့ကြောင်း သိရသည်။

တံတားတည်ဆောက်ပြီးစီးသဖြင့် ကျေးရွာရှိပြည်သူများအနေဖြင့် မိုင်းယောင်းနှင့်မိုင်းယု မြို့များသို့ ဒေသထွက်ကုန်များကို အလွယ်တကူ သယ်ယူပို့ဆောင်ရောင်းဝယ်နိုင်မည်ဖြစ်၍ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် လူမှုရေးလုပ်ငန်းများလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း ရပ်မိရပ်ဖတစ်ဦးက ပြောသည်။

**မိုင်းယု(ပြန်/ဆက်)**

# ရော်ဘာစျေးကောင်းရ၍ ခြံဟောင်းများကို ပြန်လည်လုပ်ကိုင်ထုတ်လုပ်လာ

**သုဝဏ္ဏဝတီမြို့ ဇန်နဝါရီ ၂၃**

ရော်ဘာစျေးနှုန်းများ မြင့်တက်လာခြင်းကြောင့် မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့နှင့် အနီးပတ်ဝန်းကျင် ကျေးရွာများမှ ရော်ဘာခြံလုပ်ကိုင်သူများအနေဖြင့် ယခင်က အလုပ်သမားရှားပါးသောကြောင့် မလုပ်ကိုင်ဘဲချန်ထားသော ရော်ဘာခြံအကွက်များတွင် ပြန်လည်လုပ်ကိုင်ကာ ရော်ဘာစေးခြစ်ယူလာကြကြောင်း သိရသည်။



သုဝဏ္ဏဝတီမြို့မှ တစ်နိုင်တစ်ပိုင် ရော်ဘာထုတ်လုပ်ငန်းတစ်ခု

လွန်ခဲ့သော ငါးနှစ်အတွင်း ရော်ဘာစျေးနှုန်းသည် အမြင့်ဆုံး ပြန်လည်စျေးရရှိလာခြင်းဖြစ်ကြောင်း၊ ရော်ဘာစျေးကောင်းရလာသည့်အတွက် မိသားစုစားဝတ်နေရေး အဆင်ပြေလာကြောင်း၊ ယခု ရော်ဘာစျေးကောင်းလာသည့်အတွက် အလုပ်သမားရှားပါးသော်လည်း ခြောက်ဦးလုပ်ကိုင်ရမည့် ခြံကွက်ကို အလုပ်သမားသုံးဦးဖြင့် တစ်ဦးနှစ်ကွက်စာ လုပ်ကိုင်သည့် အတွက် အလုပ်သမားများအတွက်ရော ခြံရှင်များအတွက်ပါ နေ့စဉ်ဝင်ငွေရရှိကြောင်း တစ်နိုင်တစ်ပိုင် ရော်ဘာခြံလုပ်ကိုင်သူ ဝင်းပကျေးရွာမှ ဒေါ်နန်းမြင့်အေးက ပြောသည်။

ဇန်နဝါရီ ၂၁ ရက် ဒေသတွင်း ရော်ဘာစျေးနှုန်းများအနေဖြင့် နံပါတ်(၃)မှုံးကျ တစ်ပေါင်လျှင် ကျပ် ၁၂၀၀၊ နေလွတ်(ဒေသအခေါ်) တစ်ပေါင်လျှင် ကျပ် ၁၁၇၀၊ နေလှန်းတစ်ပေါင်လျှင် ကျပ် ၁၁၅၀၊ ခါးစာ တစ်ပေါင်လျှင် ကျပ် ၅၅၀ နှင့် အဆုပ်တုံး တစ်ပေါင်လျှင် ကျပ် ၅၃၀ စျေးနှုန်းများဖြင့် ဝယ်ယူမှုရှိနေကြောင်း သိရသည်။ ရော်ဘာစျေးနှုန်းများမှာ ဆက်လက်၍လည်း ဆက်လက်စျေးနှုန်း မြင့်တက်လာမည်ဟု ထင်မြင်ကြောင်း၊ လက်ရှိအချိန်တွင် တစ်နေ့လျှင် ပေါင်တစ်သောင်းကျော် ဝယ်ယူရရှိကြောင်း သုဝဏ္ဏဝတီမြို့ သိမ်ဆိပ်ရပ်ကွက်ရှိ ရွှေလက်ဆောင် ရော်ဘာရောင်းဝယ်ရေးမှ ရော်ဘာဝယ်ယူစုဆောင်းနေသူ ဒေါ်ချစ်ချစ်က ပြောသည်။

မွန်ပြည်နယ်အတွင်း ရော်ဘာစိုက်ပျိုးထုတ်လုပ်ရောင်းချရာတွင် ရော်ဘာကုန်ကြမ်းအရည်အသွေးနှင့် ထုတ်လုပ်မှု မတူညီသည့်အတွက် စျေးနှုန်းမှာ မွန်ပြည်နယ်အတွင်း တစ်နေရာနှင့် တစ်နေရာ မတူညီကြောင်း တွေ့ရသည်။ တစ်နိုင်တစ်ပိုင် ခြံလုပ်ကိုင်နေသူများသည် အရည်အသွေးမြင့်ရော်ဘာ ထုတ်လုပ်ရာတွင် အသုံးပြုသည့် ဖောမစ်အက်စစ်ကို အသုံးမပြုနိုင်သေးဘဲ ယခင်ကာလကတည်းက အသုံးပြုနေသော ဆာလဖြူရစ်အက်စစ်ကိုသာ အသုံးပြု၍ ထုတ်လုပ်နေရဆဲဖြစ်ကြောင်း သိရသည်။

**ခွန်(ဝင်းပ)**

# မိုင်းဆတ်မြို့မစျေး၌ မီးဘေးကြိုတင်ကာကွယ်ရေး မီးငြိမ်းသတ်မှုသရုပ်ပြလေ့ကျင့်

**မိုင်းဆတ် ဇန်နဝါရီ ၂၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် မီးသတ်ဦးစီးဌာနသည် ဒေသခံပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်များ မီးဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးခြင်းမှ ကာကွယ်နိုင်ရေးအတွက် မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်မှု လက်တွေ့လေ့ကျင့်ခြင်းများကို ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၁ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်ကိုကို ဦးဆောင်သော သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၂၆ ဦးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၀ တို့က မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များနှင့် ပူးပေါင်းကာ မီးသတ်ယာဉ် ငါးစီးဖြင့် မိုင်းဆတ်မြို့မစျေး၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်မှုများကို စျေးသူစျေးသားများနှင့် ပူးပေါင်း၍ ပြုလုပ်ခဲ့ကြောင်း သိရသည်။



သရုပ်ပြလေ့ကျင့်ရာတွင် မြို့မစျေးအတွင်း မီးလောင်ကျွမ်းသောနေရာသုံးခုကို စျေးကော်မတီဝင်များနှင့် စျေးသူစျေးသားများက မီးချိတ်၊ မီးကပ်များ၊ ရေပုံးများဖြင့် ငြိမ်းသတ်ပုံကိုလည်းကောင်း၊ မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်ငါးစီးဖြင့် ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ပုံကိုလည်းကောင်း လေ့ကျင့်ခဲ့ကြသည်။ ထို့နောက် အဝတ်အထည်၊ ဆီနှင့် လျှပ်စစ်မီး လောင်ကျွမ်းမှုများတွင် မီးသတ်ဆေးဘူးဖြင့် ငြိမ်းသတ်နည်းများကို မြို့နယ်မီးသတ်ဦးစီးမှူးက ရှင်းလင်းပြောကြားပြီး ဆီမီးလောင်ကျွမ်းမှုကို စျေးသူစျေးသားများအား မီးသတ်ဆေးဘူးဖြင့် လက်တွေ့လေ့ကျင့် ငြိမ်းသတ်စေခဲ့ကြောင်း သိရသည်။

မီးငြိမ်းသတ်မှု သရုပ်ပြလေ့ကျင့်ရာသို့ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွံဆိုင်း၊ ခရိုင်နှင့်မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ စျေးကော်မတီဝင်များနှင့် စျေးသူစျေးသားများ လာရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



## နှစ်စဉ်ကျင်းပမြဲဖြစ်သော ကျောင်းတော်ပန်းတော်ဆက်ပွဲကျင်းပ

**ပုသိမ် ဇန်နဝါရီ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အမှတ် ၂ နယ်မြေ ယိုးဒယားကုန်းလမ်းတောင်ပေါ်၌ နှစ်စဉ်မပျက် ကျင်းပလျက်ရှိသော ဆရာသခင် ရာမလက္ခဏာ သီတာဒေဝီကျောင်းတော်ပန်းတော်ဆက်ပွဲကို ဇန်နဝါရီ ၂၁ ရက် နံနက် ၈ နာရီက နိုင်ငံကျော် တက္ကသိုလ် ကိုဇေဇာတ်သဘင်က ရာမလက္ခဏာ သီတာဒေဝီဇာတ်တော်နေ့ပွဲဖြင့် ဖွင့်လှစ်၍ ပန်းတော်ဆက်ပွဲ ကျင်းပရာ စည်ကားလျက်ရှိကြောင်း သိရသည်။

ပန်းတော်ဆက်ပွဲတော်ကို လွတ်လပ်ရေးရပြီးသည့်အချိန်မှစ၍ ပြန်လည်ကျင်းပနိုင်ခဲ့ခြင်းဖြစ်ပြီး ၆၈ ကြိမ်မြောက်ရှိပြီဖြစ်ကြောင်း သိရသည်။ ယခုနှစ်တွင် ပန်းတော်ဆက်ပွဲကို နိဂြောဓာဘုရားပွဲ ရပ်ကွက် ၁၀၀ ကျော်တစ်ချိန်တည်း တစ်ပြိုင်တည်းကျင်းပချိန် ရဟန်းသံဃာတော်စာပြန်ပွဲများ ကျင်းပချိန်နှင့် တိုက်ဆိုင်နေသဖြင့် ပန်းတော်ဆက်ပွဲ သုံးရက်မျှသာ ကျင်းပနိုင်ကြောင်း ကျင်းပရေးဥက္ကဋ္ဌ ဦးမျိုးဝင်းက ပြောသည်။ **ပုသိမ်-လှကြည်**

## မြန်မာ့အာမခံလုပ်ငန်းများအကြောင်း အသိပညာပေးဟောပြော

**ပဲခူး ဇန်နဝါရီ ၂၃**

မြန်မာ့အာမခံလုပ်ငန်းမှ ဆောင်ရွက်လျက်ရှိသော အာမခံလုပ်ငန်းများနှင့် ပတ်သက်၍ ပြည်သူများသို့ အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီလ ဒုတိယပတ်က ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြန်မာ့အာမခံလုပ်ငန်းတိုင်းဒေသကြီး တာဝန်ခံ ဒေါ်သန်းဝင်းက မြန်မာ့အာမခံလုပ်ငန်းမှ လက်ခံဆောင်ရွက်ပေးနေသော လုပ်ငန်းများအကြောင်း ရှင်းလင်းပြောကြားပြီး ပြည်သူ့ဝန်ထမ်း အသက်အာမခံ၊ မြွေအန္တရာယ် အသက်အာမခံ၊ မော်တော်ယာဉ်အလုံးစုံထိခိုက်မှုအာမခံ၊ မီးနှင့်အထွေထွေ အာမခံလုပ်ငန်း၊ ခရီးသွားအာမခံလုပ်ငန်းများ ထားရှိကြရန် အဓိကရှင်းလင်းခဲ့ပြီး ရရှိနိုင်မည့် အကျိုးခံစားခွင့်များနှင့် ပတ်သက်၍လည်း ရှင်း လင်းပြောကြားခဲ့ကြောင်း သိရသည်။



**သန့်ဇင် (ပဲခူး)**

## အာဆီယံဒေသတွင်း သတင်းထောက်များ တွေ့ဆုံပွဲကျင်းပ

**မြဝတီ ဇန်နဝါရီ ၂၃**

ကမ္ဘောဒီးယား-ထိုင်း-မြန်မာနိုင်ငံတို့မှ UMA(The Union Media Of Asean) အာဆီယံဒေသတွင်း သတင်းထောက်များ ချစ်ကြည်ရင်းနှီးမှုပိုမိုရရှိလာရေး၊ ငြိမ်းချမ်း မှုတည်ဆောက်နိုင်ရေး၊ သတင်းအချက်အလက်မှန်များ မျှဝေနိုင်ရေးတို့အတွက် တွေ့ဆုံဆွေးနွေးပွဲတစ်ရပ်ကို ဇန်နဝါရီ ၂၁ ရက်က မြဝတီမြို့နှင့် မဲဆောက်မြို့တို့၌ ကျင်းပခဲ့ကြောင်း အဆိုပါတွေ့ဆုံပွဲအခမ်းအနားမှ သိရသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲတွင် ကမ္ဘောဒီးယား-ထိုင်း-မြန်မာနိုင်ငံတို့မှ မီဒီယာ သမားများ တက်ရောက်ခဲ့ကြသည်။ UMA အာဆီယံသတင်းထောက်များ ဥက္ကဋ္ဌဖြစ်သူ မစ္စတာပရာ့ဆစ်က ဆွေးနွေးရာတွင် သတင်းမီဒီယာသမားများအချင်းချင်း ချစ်ကြည် ရင်းနှီးမှုရရှိရုံသာမက နယ်စပ်၌ဖြစ်ပွားနေသည့် ပြဿနာများကို သက်ဆိုင်ရာ မီဒီယာ အချင်းချင်း ပူးပေါင်းဖြေရှင်းရန်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းများ အောင်မြင်အောင် ဦးတည်ရေးသားမှုဖြင့် ငြိမ်းချမ်းရေးအတွက်အင်အားဖြစ်စေကြောင်း၊ မီဒီယာအရေး အသားကြောင့် ငြိမ်းချမ်းရေးရစေသလို မီဒီယာကြောင့်လည်း ဆူပူအုံကြွမှုတို့ဖြစ်ပေါ် စေနိုင်ကြောင်း၊ ထို့အတွက်ကြောင့် UMAအဖွဲ့ဝင်နိုင်ငံအချင်းချင်း သတင်းတစ်ခု ဖြစ်ပေါ်လာပါက တစ်ဦးနှင့်တစ်ဦးအဖြစ်မှန်ကို တိကျသေချာအောင် မေးမြန်းချိတ်ဆက် ရေးသားဖို့ကိုလည်း တိုက်တွန်းဆွေးနွေးခဲ့သည်။ မြန်မာနိုင်ငံဘက်မှ တာဝန်ရှိသူများ က ဆက်လက်ဆွေးနွေးရာတွင် အာဆီယံသတင်းထောက်များအဖွဲ့တွင် သတင်းမီဒီ ယာစိတ်ဝင်စားသူတိုင်း ပါဝင်ခွင့်ရှိပြီး ပြည်တွင်းမှ ဂျာနယ်လစ်များ ပါဝင်လာရန်နှင့် နိုင်ငံတော်အဆင့်တရားဝင်ဖြစ်အောင် တင်ပြသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ သတင်းစာဆရာအသင်း(ကရင်ပြည်နယ်-ဥက္ကဋ္ဌ) ဦးတင်ဝင်းလှိုင်က အပြန်အလှန် ဆွေးနွေးခဲ့သည်။

**တင်ဝင်းလှိုင်(ကော့ကရိတ်)**

ဂုဏ်ယူဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ အရောင်းစင်တာတစ်ခုဖြစ်သည့်
PRO 1 Home Center ၏ စတုတ္ထမြောက် ဆိုင်ခွဲဖြစ်သော
(East Dagon Branch) ဆိုင်သစ်ကြီးအား
21.1.2017 ရက်နေ့တွင် ခမ်းနားအောင်မြင်စွာ
ဖွင့်လှစ်နိုင်ခဲ့ခြင်းအထိမ်းအမှတ် အတွက်
အထူးပင် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ...

TWJS COMPANY LIMITED
SWEETY HOME

## အာမခံလုပ်ငန်းအသိပညာပေးဟောပြော

**တောင်ငူ ဇန်နဝါရီ ၂၃**

မြန်မာ့အာမခံလုပ်ငန်း တောင်ငူခရိုင်ရုံးမှ ခရိုင်တာဝန်ခံ ဒေါ်မော်လီအောင်နှင့်အဖွဲ့သည် ရေတာရှည် အထက အောင်ဆန်းခန်းမ၌ အာမခံလုပ်ငန်းအသိပညာပြန့်ပွားရေးနှင့် သူတစ်ပါးထိခိုက်မှု အာမခံလုပ်ငန်းသိကောင်းစရာ ပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၂၀ ရက်က ကျင်းပခဲ့သည်။ အဆိုပါဟောပြောပွဲကို မြန်မာ့အာမခံလုပ်ငန်း၊ ခရိုင်ရုံးမှ ခရိုင်တာဝန်ခံနှင့်အဖွဲ့က တောင်ငူခရိုင် ကညန ရုံးနှင့် ပူးပေါင်း၍ ဟောပြောဆွေးနွေးခဲ့ပြီး ရေတာရှည်မြို့နယ်အတွင်းရှိ မော်တော်ကားနှင့် ဆိုင်ကယ်လိုင်စင်လျှောက်ထားသူ ဒေသခံပြည်သူ ၅၀၀ ခန့် တက်ရောက်ကြကြောင်း သိရသည်။

**ကျော်လှ(တောင်ငူ)**

## လွှတ်တော်ကိုယ်စားလှယ်များ ပြည်သူများတွေ့ဆုံ

**မင်းတပ် ဇန်နဝါရီ ၂၃**

ချင်းပြည်နယ်တောင်ပိုင်း မင်းတပ်မြို့၌ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများနှင့် ပြည်သူများတွေ့ဆုံဆွေးနွေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၁ ရက်က မင်းတပ်မြို့ အထက(၁) ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ချင်းပြည်နယ် လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းက အမှာစကားပြောကြားပြီးနောက် တက်ရောက်လာကြသော ပြည်သူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးတင်ပြကြရာ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။ **ဂေဇေ(ပြန်/ဆက်)**

### မီးလောင်မှုဖြစ်ပွားလျှင်

(၁) မီးလောင်မှုဖြစ်ပွားလျှင် ထွက်မပြေးပါနှင့် ပတ်ဝန်းကျင်ကို အကူအညီတောင်းပါ။

(၂) မီးစတင်လောင်ကျွမ်းသောအချိန်တွင် ငြိမ်းသတ်နိုင်လျှင် မီးလောင်ဆုံးရှုံးမှု မများနိုင်ပါ။

(၃) အိမ်တိုင်း၊ အဆောက်အအုံတိုင်း၊ ဈေးဆိုင်တိုင်းတွင် D.C.P (Dry Chemical Powder Extingulsher) ဓာတုဗေဒပေါင်ဒါမှုန့်ခြောက် မီးသတ်ဆေးဘူးများ ဆောင်ထားခြင်းဖြင့် အလျင်အမြန် မီးငြိမ်းသတ်နိုင်ပြီး မီးဘေးအန္တရာယ်မှ ကာကွယ်နိုင်ပါသည်။

**မီးသတ်ဦးစီးဌာန**

## မိုင်းဆတ်မြို့ နဝဒေးတံတားအား မတ်လကုန်အပြီးတည်ဆောက်မည်

**မိုင်းဆတ် ဇန်နဝါရီ ၂၃**



ရှမ်းပြည်နယ် အရှေ့ပိုင်း မိုင်းဆတ်မြို့ မယ်ဆွမ်မြောက်ရပ်ကွက်နှင့် မယ်ဆွမ်တောင်ရပ်ကွက်ကို ဆက်သွယ်ထားသည့် နဝဒေးသစ်သားတံတားအား ဖြိုဖျက်ပြီး အာရ်စီ၊ ကွန်ကရစ်တံတား စတင်တည်ဆောက်ရန် ဆောင်ရွက်ထားရှိမှုအခြေအနေကို ဇန်နဝါရီ ၂၀ ရက် နံနက်ပိုင်းက ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွံဆိုင်းနှင့် တာဝန်ရှိသူတို့က သွားရောက်ကြည့်ရှုစစ်ဆေးရာ ပြည်နယ်စည်ပင်သာယာရေးဌာနခွဲ(ကျိုင်းတုံ)မှ ဒုတိယအင်ဂျင်နီယာချုပ် ဦးထွန်းထွန်းဇော်က တံတားသစ်ပြန်လည်တည်ဆောက်မည့် အခြေအနေအား ရှင်းလင်းတင်ပြသည်။

အဆိုပါ သစ်သားတံတားသည် ရေလယ်တိုင်ကျိုး၍ လျှောက်လမ်းများ ချိုင့်ဝင်ပြီး ဘေးနှစ်ဖက်လက်ရမ်းများ ကျိုးနေသဖြင့် ဒေသခံများက အသစ်ပြုပြင်တည်ဆောက်ပေးရန် ဇူလိုင် ၂၄ ရက် ပြည်နယ်ဝန်ကြီးချုပ်၏ မိုင်းဆတ်ခရီးစဉ်တွင် တင်ပြထားရှိရာ အလျား ၈၀ ပေ၊ အနံ ၁၅ ပေရှိ အာရ်စီ၊ ကွန်ကရစ်တံတား တည်ဆောက်ရန် ပြည်နယ်စည်ပင် သာယာရေးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဖြည့်စွက်ရန်ပုံငွေမှ ကျပ်သိန်း ၉၅၀ ခွင့်ပြုပေးခဲ့ပြီး ပြည်နယ်စည်ပင် သာယာရေးဌာန၏ ကြီးကြပ်မှုဖြင့် ၂၀၁၇ ခုနှစ် မတ်လကုန် အပြီး တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းဇော်(ပြန်/ဆက်)**

## သီပေါမြို့နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်

**သီပေါ ဇန်နဝါရီ ၂၃**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ ပြည်နယ် ကုသရေးဦးစီးဌာန ရှမ်းပြည်နယ် မြောက်ပိုင်း လားရှိုးမြို့နယ် ကုသရေးဦးစီးဌာနမှူး ဆေးရုံအုပ်ကြီး ဒေါက်တာ တင်မောင်ညွန့်နှင့် သီပေါဆေးရုံအုပ် ဒေါက်တာ လှထွန်းတို့ဦးဆောင်သော အထူးကုဆရာဝန်ကြီးများသည် ဇန်နဝါရီ ၂၀ ရက်က သီပေါမြို့နယ် မိုးတေကျေးရွာအုပ်စု မန်ကောင်းကျေးရွာသို့ သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါအထူးကု ဆရာဝန်ကြီးများအဖွဲ့ သည် မန်ကောင်းကျေးရွာအုပ်စုမှ ဒေသခံများနှင့် စစ်ဘေးရှောင်တိုင်းရင်းသားပြည်သူ ၂၅၀၀ ခန့်ကို ကျန်းမာရေးစစ်ဆေး၍ ကုသပေးခဲ့ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

## မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်

**သရက် ဇန်နဝါရီ ၂၃**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့စည်ပင်သာယာရေး ဈေးကြီးအတွင်း ဇန်နဝါရီ ၂၀ ရက်က မီးဘေးကြိုတင်ကာကွယ်ရေးအတွက် သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ခရိုင်မီးသတ်ဦးစီးဌာန၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးအဖွဲ့တို့ဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်။

"မီးဘေးကြိုတင်ကာကွယ်ရေးမှာ မြစ်ရေတင်စက်မှ ရေစုကန်ကို ရေတင်ပြီး ရေစုကန်မှ ရေစုပ်စက်ငယ်များဖြင့် ရေဖျန်းပက်ခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ မီးငြိမ်းသတ်မှု လေ့ကျင့်ခန်းနှင့် မီးသင်တန်းများကို ပို့ချပါတယ်" လို့ ခရိုင်မီးသတ်ဦးစီးမှူး ဦးထင်အောင်လင်းက ပြောသည်။

"လျှပ်စစ်မီတာတွေကို စစ်ဆေးပြီး လျှပ်စစ်မီးကြိုးများ သွယ်တန်းထားမှု အန္တရာယ်မရှိစေရေး စုပေါင်းမိန်းခုံ တစ်ခုတည်းဖြင့် မီးအဖွင့်အပိတ်များပြုလုပ်ထားပြီး ညဘက်မှာ လုံခြုံရေးမီးများကိုပေးထားကြောင်း ဆိုင်ခန်းမီးများပိတ်ထားကြောင်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ (AE) ဦးမြင့်ခွင်ဦးက ပြောသည်။

"ကျွန်တော်တို့မြို့နယ်စည်ပင်သာယာရေးအဖွဲ့ မီးသတ်ဦးစီးဌာန မြို့နယ်လျှပ်စစ်ဌာနတွေနဲ့ ပူးပေါင်းပြီး ဈေးအတွက် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းတွေကို ဂရုစိုက်ပူးပေါင်းဆောင်ရွက်ပါတယ်။ ဈေးသူ ဈေးသားတွေအနေနဲ့လည်း မီးကိုအချိန်နဲ့ အသုံးပြုခွင့်ပေးထားပါတယ်။ ဈေးအတွင်း ရေဂါလန် ၆၀၀ ဆံ့ ရေစင်အမြင့်မှ အရေးပေါ်ရေပိုက်များကို ထားပါတယ်။ ပျက်စီးမှုရှိတာတွေကို ကြပ်မတ်ဆောင်ရွက်ပါတယ်"လို့ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်စိုးက ပြောပြခဲ့သည်။ **ပေါက်ကလေး-သရက်**


ဂုဏ်ယူဝမ်းမြောက်ကြောင်းသဝဏ်လွှာ

မြန်မာနိုင်ငံ၏ တစ်ခုတည်းသောအကြီးမားဆုံးအိမ်ဆောက်ပစ္စည်း အရောင်းစင်တာ PRO 1 Home Center (East Dagon Branch)

ဆိုင်သစ်ဖွင့်ပွဲကြီးအား 21.1.2017 ရက်နေ့တွင် ခမ်းနားအောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက် အထူးပင် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ...

Makita Singapore Pte Ltd. | Eagle one | asiko Household Accessories | NAY LA Building Materials Centre | PIONEER | A.D Co.,Ltd. (SOLO, ROCKY) SECURITY LOCKS & PROFESSIONAL TOOLS | YP | amity | GI | SP SOE & PHYO | TELCO myanmar Quality Tools & Machinery | GIC | Casa Lock Sale Centre GALAXY TRADING Co | T S LUCKY HORSES | C-MART | 133 HARDWARE | Royal Hardware

## မြန်မာဖူဆယ်အသင်း ဂိုးပြတ်နိုင်

**ဖိုးသော်ဇင်**

**ရန်ကုန် ဇန်နဝါရီ ၂၃**

အာဆီယံဖူဆယ်ပြိုင်ပွဲ အုပ်စုပထမနေ့ ပွဲစဉ်များကို ယနေ့မွန်းလွဲပိုင်းမှစ၍ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပရာ မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်း ဂိုးပြတ်နိုင်ပွဲ ရယူနိုင်ခဲ့သည်။


မြန်မာအသင်းသည် လာအိုအသင်းနှင့် ပွဲဦးထွက်ယှဉ်ပြိုင်ခဲ့ရပြီး ခြောက်ဂိုး-တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ပွဲအစပိုင်းတွင် ပုံစံကောင်းရရန် ရုန်းကန်ခဲ့ရသော်လည်း ပွဲချိန်ကြာလာသည်နှင့်အမျှ အချိတ်အဆက်မိလာကာ ဂိုးများဆက်တိုက်သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းပါဝင်သော အုပ်စု(ခ)အခြားပွဲစဉ်တွင် မလေးရှားက အင်ဒိုနီးရှားကို ခြောက်ဂိုး-ငါးဂိုးဖြင့် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် အုပ်စုဒုတိယပွဲအဖြစ် ဇန်နဝါရီ ၂၄ ရက်(**ယနေ့**)တွင် အင်ဒိုနီးရှားနှင့် ကစားရမည်ဖြစ်သည်။ အုပ်စုခွဲဝေထားမှုအရ အုပ်စု(က)တွင် ထိုင်း၊ တီမော၊ ဘရူနိုင်း၊ အုပ်စု(ခ)တွင် မလေးရှား၊ အင်ဒိုနီးရှား၊ မြန်မာနှင့် လာအိုတို့ ပါဝင်ကြသည်။

## ဘိလိယက်နှင့် စနူကာပြိုင်ပွဲ ကျင်းပမည်

**တင်စိုး(မြန်မာ့အလင်း)**

**ရန်ကုန် ဇန်နဝါရီ ၂၃**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပမည့် (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအပါအဝင် နိုင်ငံတကာပြိုင်ပွဲများသို့ သွားရောက်ယှဉ်ပြိုင်ရန်အတွက် လက်ရွေးစင်အမျိုးသား စနူကာ၊ အမျိုးသား၊ အမျိုးသမီး 9 ball (pool) အားကစားသမားရွေးချယ်ပွဲကို ဖေဖော်ဝါရီ ၁ ရက်တွင် နေပြည်တော်ရှိ စနူကာနှင့် 9 ball (pool) လေ့ကျင့်ရေးခန်းမ၌ ကျင်းပမည်ဖြစ်ရာ မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်လိုသူများ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်၌ ဇန်နဝါရီ ၂၇ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ရန် ဖုန်း ၀၉-၄၅၀၀၄၀၀၀၃၊ ၀၉-၄၂၃၆၈၀၆၅၁၊ ၀၉-၉၆၃၂၉၅၆၇၁ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။



အာရှဖလားခြေစစ်ပွဲ အုပ်စုမဲခွဲပွဲ ကျင်းပစဉ်

# ၂၀၁၉ အာရှဖလားခြေစစ်ပွဲတွင် မြန်မာအသင်း ကာဂျစ္စတန်၊ အိန္ဒိယ၊ မကာအိုတို့နှင့်အတူ ကျရောက်

**သတင်း - ညီမြတ်သော်တာ၊ ဓာတ်ပုံ - AFC com**

၂၀၁၉ အာရှဖလား တတိယအဆင့်ခြေစစ်ပွဲ အုပ်စုမဲခွဲပွဲကို ယနေ့ညနေပိုင်းက ယူအေအီးနိုင်ငံ၌ ကျင်းပရာ မြန်မာအသင်းသည် အုပ်စု(က)တွင် ကာဂျစ္စတန်၊ အိန္ဒိယ၊ မကာအိုတို့နှင့် တစ်အုပ်စုတည်း ကျရောက်ခဲ့သည်။

တတိယအဆင့် ခြေစစ်ပွဲတွင် အသင်း ၂၄ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး လေးသင်းခြောက်အုပ်စုခွဲကာ ကျင်းပမည်ဖြစ်သည်။ ယင်းခြေစစ်ပွဲကို ၂၀၁၇ ခုနှစ် မတ်လမှ ၂၀၁၈ ခုနှစ် မတ်လအထိ တစ်နှစ်ကြာ အိမ်ကွင်း၊ အဝေးကွင်းစနစ်ဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အုပ်စုခွဲဝေမှုအရ အုပ်စု(က)တွင် ကာဂျစ္စတန်၊ အိန္ဒိယ၊ မြန်မာ၊ မကာအို၊ အုပ်စု(ခ)တွင် မြောက်ကိုရီးယား၊ ဟောင်ကောင်၊ လက်ဘနွန်၊ မလေးရှား၊ အုပ်စု(ဂ)တွင် ဂျော်ဒန်၊ ဗီယက်နမ်၊ အာဖဂန်နစ္စတန်၊ ကမ္ဘောဒီးယား၊ အုပ်စု(ဃ)တွင် အိုမန်၊ ပါလက်စတိုင်း၊ မော်လ်ဒိုက်၊ ဘူတန်၊ အုပ်စု(င)တွင် ဘာရိန်း၊ တာ့ခ်မင်နစ္စတန်၊ တရုတ်(တိုင်ပေ)၊ စင်ကာပူ၊ အုပ်စု(စ)တွင် ဖိလစ်ပိုင်၊ တာဂျစ်ကစ္စတန်၊ ယီမင်၊ နီပေါအသင်းတို့ ပါဝင်လျက်ရှိသည်။

အုပ်စုအနေအထားအရ မြန်မာအသင်းသည် အာရှထိပ်သီးအသင်းများနှင့် ကစားပုံမာကျော့သည့် အရှေ့အလယ်ပိုင်းအသင်းများကို ရှောင်ရှားနိုင်ခဲ့ပြီး ခြေစစ်ပွဲအောင်ရန် မျှော်လင့်ချက်ရှိလာခဲ့သည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် ၂၀၁၉ အာရှဖလားပြိုင်ပွဲတွင် အသင်းအရေအတွက် တိုးမြှင့်ခဲ့ကာ ၂၄ သင်းဖြင့် ကျင်းပမည်ဖြစ်ပြီး လက်ရှိတွင် အိမ်ရှင်ယူအေအီးအသင်းအပါအဝင် ၁၂ သင်းမှာ ယှဉ်ပြိုင်ခွင့်ရထားပြီဖြစ်သည်။

ခြေစစ်ပွဲအုပ်စုတစ်ခုစီမှ ထိပ်ဆုံးနှစ်သင်းစီမှာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။ မြန်မာအသင်းသည် အာရှဖလားပြိုင်ပွဲ နောက်ဆုံးအဆင့်တွင် တစ်ကြိမ်သာ ယှဉ်ပြိုင်ခဲ့ဖူးပြီး ၁၉၆၈ ခုနှစ် ပြိုင်ပွဲတွင် ဒုတိယရရှိခဲ့သည်။ မြန်မာအသင်းသည် အာရှဖလားပြိုင်ပွဲတွင် တစ်ကျော့ပြန် ယှဉ်ပြိုင်ခွင့်ရရန် ကြိုးပမ်းလျက်ရှိသည်။

# အရှေ့တောင်အာရှ မြားပစ်ပြိုင်ပွဲတွင် မြန်မာအသင်း နိုင်ငံအလိုက် ဒုတိယနေရာရရှိ


အရှေ့တောင်အာရှ မြားပစ်ပြိုင်ပွဲတွင် အောင်မြင်မှုရခဲ့သည့် မြန်မာမြားပစ်အားကစားမယ်များကို ဆုယူအပြီး တွေ့ရစဉ်

**သတင်း - ရဲရင့်ရှိုင်း၊ ဓာတ်ပုံ - ဖိုးသော်ဇင်**

**ရန်ကုန် ဇန်နဝါရီ ၂၃**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် (၆)ကြိမ်မြောက် အရှေ့တောင်အာရှ မြားပစ်ပြိုင်ပွဲ နောက်ဆုံးနေ့ပွဲစဉ်များကို ယနေ့နံနက်ပိုင်းမှစ၍ ရန်ကုန်မြို့ရှိ ကျိုက္ကဆံမြားပစ်ကွင်း၌ ကျင်းပရာ မြန်မာမြားပစ်အဖွဲ့က ရွှေတစ်ခု၊ ငွေနှစ်ခု၊ ကြေးသုံးခု ထပ်မံဆွတ်ခူးရရှိခဲ့သည်။

Mix-Team ပြိုင်ပွဲတွင် မြန်မာအသင်းများ ဗိုလ်လုပွဲတက်ရောက်ခဲ့ပြီး ပြိုင်ပွဲ၏ နောက်ဆုံးပွဲစဉ်အဖြစ် ကျင်းပခဲ့ရာ ရွှေတစ်ခု၊ ငွေတစ်ခု ရရှိခဲ့သည်။ Compound Mix-Team ပြိုင်ပွဲ ဗိုလ်လုပွဲတွင် မြန်မာမှ ရဲမင်းဆွေနှင့် အောင်ငိုမ်းအတွဲမှာ ဖိလစ်ပိုင်အတွဲကို အနိုင်ယူပြီး ရွှေတံဆိပ်ရယူနိုင်ခဲ့သည်။ Recurve Mix-Team ပြိုင်ပွဲတွင် မြန်မာမှ နေလင်းဦးနှင့် စန်းယုထွေးအတွဲမှာ ဖိလစ်ပိုင်အတွဲကို ရှုံးနိမ့်ပြီး ငွေတံဆိပ်သာရရှိခဲ့သည်။ အသင်းလိုက်ပြိုင်ပွဲတွင် မြန်မာအသင်းများမှာ ရွှေဆုရယူနိုင်ခြင်း မရှိဘဲ ငွေတစ်ခု၊ ကြေးသုံးခု သာရရှိခဲ့သည်။ မြန်မာမြားပစ်အဖွဲ့အတွက် Compound အမျိုးသားအသင်းက ငွေတံဆိပ်ရခဲ့ပြီး *စာမျက်နှာ ၁၄ ကော်လံ ၅* ❖

## လွှတ်တော်ထဲမှာ ဘာတွေလုပ် (၃)

စာ » ၆

## အသက် ၉၄ နှစ်ရောက်မှ ပညာရေးစန်းပွင့်နေသော အမေရိကန်အဘွားအို

စာ » ၁၀

## လက်နက်ကိုင်ဆောင် မူးယစ်ဆေးရောင်းချသူကို ဖမ်းဆီးစဉ် သေနတ်ဖြင့် ခုခံရန်ကြိုးစား

စာ » ၁၃

